# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဉစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက် | ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၃၁ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၃၃၅)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး **Mr. Sok Chea** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး Mr. Sok Chea အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ညှိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်စွာ လက်တွဲဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

---

**၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်များအတွက် ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေ အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ**

ပြည်ထောင်စုလွှတ်တော်

စာ ၇

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တီမောလက်စ်တေနိုင်ငံ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နှစ်(၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနား တက်ရောက်**

စာ ၈

**ထောက်လှမ်းရေးသတင်းအချက်အလက် မျှဝေရေး သဘောတူညီချက်ကို သက်တမ်းတိုးရန် တောင်ကိုရီးယားကို အမေရိကန်တောင်းဆို**

စာ ၁၄


**စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ . . .**

**ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။**

မြန်မာ့အလင်း

# လူရေးလူရာ၊ ပီလှစေ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါဆုံးမှာ ယင်းနိုင်ငံက ပိုင်ဆိုင်သည့် လူသားအရင်းအမြစ်ဖြစ်သည်ဟု ဆိုကြသည်။ လူသားအရင်းအမြစ်ဟုဆိုရာတွင်လည်း လူတစ်ဦးချင်းစီ၏ အရည်အသွေးအပြင် ယင်းနိုင်ငံ၏ လူ့အဖွဲ့အစည်းအပေါ်တွင် လွှမ်းမိုးနေသော၊ သြဇာသက်ရောက်နေသော ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ အတွေးအခေါ်အယူအဆများမှာလည်း နိုင်ငံနှင့် လူမျိုးဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါလှသည်။ အရည်အသွေးနိမ့်ကျသူများ၊ စွမ်းဆောင်လိုစိတ်ကင်းမဲ့သူ၊ စိတ်ဓာတ် ခွန်အားချို့တဲ့သူများက မိမိတို့၏ လူ့အဖွဲ့အစည်းကိုလည်းကောင်း၊ နိုင်ငံကိုလည်းကောင်း မြှင့်တင်နိုင်ကြမည်မဟုတ်ဟု ဆိုလိုသည်။

ရှိတာလေးနှင့် လှအောင်ဝတ်၊ ရတာလေးနှင့် ဝအောင်စား၍ ရောင့်ရဲတင်းတိမ်စွာ နေထိုင်နည်းထက် "အပေါ်အလွင့်၊ ပျော်ရွှင်မပါး၊ လောင်းစားကြက်ငှက်၊ မလေ့ကျက်နှင့်။ အသက်မွေးမှု၊ တစ်ခုခုကို၊ လုပ်မှုဆောင်ခင်း၊ မပျင်းမရှိ၊ မိမိတို့တွင်၊ အကျင့်လက္ခဏာ၊ လူ့ဘာသာလျှင်၊ ဥစ္စာရှိကြောင်း၊ အရောင်းအဝယ်၊ ကုန်စလယ်သွား၊ မနေနားဘဲ၊ ပျားပိတုန်းဟူ၊ ဝတ်ရက်ယူသို့၊ လူစဉ်မီအောင်၊ ကြိုးစားလေ" ဟူသော ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာနှင့်အညီ ကြိုးပမ်းကြခြင်းဖြင့် မိမိနှင့်တကွ၊ မိမိ၏ လူ့အဖွဲ့အစည်း၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းခြင်းကို ပို၍အလိုရှိအပ်သည်။ "အဋ္ဌာရသ၊ သိပ္ပမကြွင်း၊ နှလုံးသွင်း၍၊ အခင်းအရာ၊ ရှိသောခါလည်း၊ နှုတ်ပါလက်ရေး၊ ဇယ်ထောင်သောင်းကို၊ ဒိုးကောင်းပြေးသို့၊ လူရေးလူရာ၊ ပီလှစေ" ဟူသော အဆုံးအမနှင့်အညီ အတတ်ပညာတို့ကို လေ့လာသင်ကြားတတ်မြောက်ကျွမ်းကျင်ခြင်းဖြင့် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသူ၊ လူရေးလူရာပီသူ၊ အရေးပါအရာရောက်သူများဖြစ်အောင်လည်း မိမိကိုယ်ကိုယ်မိမိ ဖြည့်ဆည်းကြရန်လည်း လိုအပ်သည်။ သို့ဖြစ်သည့်အလျောက် သမိုင်းအစဉ်အလာအားဖြင့် အသက်မွေးဝမ်းကျောင်းအလုပ်များကို မပျင်းမရိ ဝီရိယရှိရှိ လုပ်ကိုင်ခဲ့ကြသော၊ လက်ရုံးရည် နှလုံးရည် ပြည့်ဝအောင် စွမ်းဆောင်ကြိုးကုတ် အားထုတ်ကြရန် ဆုံးမသွန်သင်ခဲ့သည့် ယဉ်ကျေးမှုအခိုင်အမာရှိခဲ့သော မိမိတို့၏ လူ့အဖွဲ့အစည်းတွင် လူတစ်ဦးချင်းစီ၏ အရည်အသွေး၊ အစွမ်းအစတို့ကို အပြည့်အဝ ဖော်ထုတ်အသုံးချနိုင်လာစေရန် တိုက်တွန်းအားပေးမှုများ ပြုကြရမည်ဖြစ်သည်။

တင်းတိမ်ရောင့်ရဲမှုကို တလွဲအကြောင်းပြကာ ဆင်းရဲတွင်းမှ ရုန်းထွက်ရန် မကြိုးစားလိုသည့်စိတ်၊ လုံ့လဝီရိယမထုတ်ဘဲ အေးအေးလူလူ ငိုက်မျဉ်းနေလိုသည့်စိတ်၊ ဆာလောင်လာသည့် အချိန်ကျမှ ထမင်းကြမ်းခဲ ထရှာလိုသည့်စိတ်တို့ကို မိမိတို့ယဉ်ကျေးမှုထဲမှ အပြီးတိုင်မောင်းထုတ်ထားရန်လည်း လိုအပ်လှသည်။ ကမ္ဘာပေါ်တွင် မဖွံ့ဖြိုးမတိုးတက်သည့် နိုင်ငံများမှာ ရာသီဥတုနှင့် ပထဝီအနေအထားအရ ကံအကြောင်းမလှခြင်း၊ သဘာဝအရင်းအမြစ်ချို့တဲ့ခြင်း၊ လူမျိုးတို့၏ အရည်အသွေးနိမ့်ကျခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေသည့် ဓလေ့ထုံးစံယဉ်ကျေးမှုတို့မရှိခြင်း စသည့် အကြောင်းတရားများစွာတို့နှင့် ပတ်သက်နေသည်ဟု သုတေသီတို့က ဆိုကြသည်။ အဆိုပါအချက်များနှင့် ချိန်ထိုးကြည့်ပါက မိမိတို့နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သည်တို့ပြည့်စုံ၍ မည်သည်တို့ လိုအပ်နေသည်ကို မှန်းဆကြည့်နိုင်မည်လည်းဖြစ်သည်။

သယံဇာတအရင်းအမြစ်နည်းပါးသော်လည်း ကမ္ဘာ့ထိပ်တန်းရောက်ခဲ့သည့် နိုင်ငံများအနက်မှ အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံကို သာဓကတစ်ရပ်အဖြစ် ရှုမြင်ကြည့်နိုင်သည်။ မြန်မာနိုင်ငံတွင် ကုန်းဘောင်ခေတ်နှင့် ခေတ်ပြိုင် ဂျပန်နိုင်ငံတွင် ၁၈၆၀ ခုနှစ် မေဂျီခေတ်တွင် ပြုပြင်ပြောင်းလဲရေးများကို စတင်ပြုလုပ်ခဲ့သည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ခေါင်းဆောင်များက စနစ်တကျ ချမှတ်ပေးခဲ့ပြီး ဂျပန်တစ်မျိုးသားလုံးကလည်း အလေးအနက်လိုက်ပါ ဆောင်ရွက်ခဲ့ကြခြင်းဖြင့် ကမ္ဘာကို ရင်ပေါင်တန်းနိုင်ခဲ့ကြသည့်အပြင် ထိပ်တန်းအဆင့်သို့ပါ တက်လှမ်းနိုင်ခဲ့ကြခြင်းဖြစ်သည်။ အရေးပါဆုံးသောအချက်မှာ ဂျပန်လူမျိုးတို့၏ စိတ်အားထက်သန်စွာဖြင့် မဆုတ်မနစ်ဆောင်ရွက်တတ်ခြင်း၊ တာဝန်ဝတ္တရားကို အလေးအနက်ခံယူတတ်ခြင်းနှင့် ဂုဏ်သိက္ခာကို တန်ဖိုးထားခြင်းတို့ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် အတွေးအခေါ် အယူအဆတို့အရ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေခံမြေခံကောင်းများရှိခဲ့သော နိုင်ငံဖြစ်သည်။ ဘိုးဘေးတို့လက်ထက် သမိုင်းအစဉ်အလာအရ လူရည်လူသွေး၊ လူစွမ်းလူစတို့ မြင့်မြင့်မားမား ပြနိုင်ခဲ့ကြသည်ကို မမေ့မလျော့ နှလုံးသွင်းကာ မိမိတို့ခေတ်တွင်လည်း သမိုင်းပေးတာဝန် ကျေပွန်နိုင်ကြပါစေကြောင်း။ ။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၃၀

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြောက်ဦးမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ကသာမြို့နှင့် ကော့သောင်းမြို့တို့တွင် ၂ ဒသမ ၀၅ လက်မစီ၊ မြိတ်မြို့တွင် ၂ ဒသမ ၀၁ လက်မ၊ တောင်တွင်းကြီးမြို့နှင့် ဥက္ကံမြို့တို့တွင် ၁ ဒသမ ၇၇ လက်မစီ၊ မင်းဘူးမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ညောင်ရွှေမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ မော်ဘီမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ပိုင်ကျုံမြို့တွင် ၁ ဒသမ ၂၂ လက်မနှင့် ကွမ်းခြံကုန်းမြို့တွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့မှ ဒုတိယအမြဲတမ်းကိုယ်စားလှယ် (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးအောင်မျိုးမြင့် ကို မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထား လိုက်သည်။



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၄/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

# အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော်နှင့် ကျပ် ၂၅ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု

နေပြည်တော် ဩဂုတ် ၃၀

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၄/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ပြီး အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်ကိုးဦး တက်ရောက်ကြသည်။**

### လုပ်ငန်းခြောက်ခု ခွင့်ပြု

အစည်းအဝေးတွင် လယ်ယာကဏ္ဍမှ လုပ်ငန်းတစ်ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍမှ လုပ်ငန်းနှစ်ခုနှင့် အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍမှ လုပ်ငန်းသုံးခု စုစုပေါင်း လုပ်ငန်းခြောက်ခု ခွင့်ပြုခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် အဆိုပါ လုပ်ငန်းများ၏ ရင်နှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၁၄ ဒသမ ၂၂၃ သန်းနှင့် ငွေကျပ် ၂၅၇၃၃ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၇၄ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဇူလိုင်လကုန်အထိ နိုင်ငံပေါင်း ၅၀ တို့မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၇၇၉ ခု ရင်းနှီးမြှုပ်နှံလျက်ရှိရာ စုစုပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၈၁၂၄၉ ဒသမ ၁၉၃ ဖြင့် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။

**စီးပွားရေးကဏ္ဍ ၁၂ ခု ရင်းနှီးမြှုပ်နှံ**

နိုင်ငံပေါင်း ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၅၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၀၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၃ ဒသမ ၉၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။ **သတင်းစဉ်**




## ရေသုံးစွဲသူပြည်သူများသို့ အသိပေးဖော်ပြချက်

၂-၉-၂၀၁၉ ရက်နေ့တွင် ငမိုးရိပ်ရေသန့်စင်စက်ရုံ(ညောင်နှစ်ပင်)သို့ သွယ်တန်းထားသော ကောင်းကင်ဓာတ်အားလိုင်း မကြာခဏ အပြစ်ဖြစ်ပေါ်မှု နည်းပါးစေရန် Cover ပါရှိသော Insulated Cable နှင့် လဲလှယ်နေစဉ်ကာလအတွင်း ရေတွန်းစက်များမောင်းနှင်ရန် လှော်ကား-ဖောင်ကြီးလိုင်းမှ ယာယီဓာတ်အားရယူရန်အတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် ပူးပေါင်းပြီး လျှပ်စစ်ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရမည် ဖြစ်ပါသဖြင့် (ညောင်နှစ်ပင်)ရေသန့်စင်စက်ရုံတွင် ဓာတ်အားပြတ်တောက်မည် ဖြစ်ပါသည်။

သို့ပါ၍ ထိုစက်ရုံမှ အဓိကရေပေးဝေလျက်ရှိသော မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်း၊ ရွှေပေါက်ကံ၊ သာကေတ၊ ဒေါပုံမြို့နယ်များတွင် နံနက် ၁၁ နာရီမှ ညနေ ၄ နာရီအထိ ရေခေတ္တပြတ်တောက်မည်ဖြစ်ပါ၍ ရေကြိုတင်စုဆောင်းထားနိုင်ပါရန် အသိပေးအပ်ပါသည်။

**ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့**
**အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ



ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေး ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကျင်းပ



**ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၃၀**

၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

**အားနည်းချက်များပြုပြင်**

အစည်းအဝေးတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် လုပ်ငန်းရှင်များနှင့် ရတနာကုန်သည်များအနေဖြင့် ရတနာပြပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အလေးထားလိုက်နာ ဆောင်ရွက်သွားကြရန်နှင့် ယခင်ကျင်းပပြီးဖြစ်သည့် ပြပွဲများ၏ အားသာချက်များကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ပြီး အားနည်းချက်များကို ပြုပြင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**ပြည်ပဈေးကွက်သို့တင်ပို့**

မြန်မာနိုင်ငံသည် ကျောက်မျက်ရတနာ သယံဇာတပစ္စည်းများ ပေါကြွယ်ဝသော်လည်း အရိုင်းအဖြစ်သာ ထုတ်လုပ်ရောင်းချမှု ပိုမိုများပြားသည်ကို တွေ့ရှိရပါကြောင်း၊ အဖိုးတန်ကျောက်မျက်ရတနာ သယံဇာတများ တစ်စတစ်စ ရှားပါးလာသော ယနေ့ခေတ်တွင် တန်ဖိုးမြင့် ကျောက်မျက်အချောထည်နှင့် လက်ဝတ်ရတနာများ ထုတ်လုပ်၍ ပြည်တွင်းဈေးကွက်ဖော်ဆောင်ရေးနှင့် ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့ရောင်းချနိုင်ရေးကိုလည်း မဖြစ်မနေ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ကျောက်မျက်ရတနာ အချောထည်ပို့ကုန်ကဏ္ဍကို တိုးချဲ့လုပ်ကိုင်ခြင်း၊ ပညာရှင်နှင့် ကျွမ်းကျင်ဝန်ထမ်းများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုသတင်း အချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ရရှိရန် ဆောင်ရွက်ခြင်း၊ မြန်မာ့ကျောက်မျက်အချောထည်နှင့် လက်ဝတ်ရတနာကဏ္ဍ၏ ဖြစ်ပေါ်တိုးတက်မှုများကို နိုင်ငံတကာက သိရှိနိုင်ရန် Social Media များ အသုံးပြုခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ပြပွဲဆိုင်ရာ လုပ်ငန်းများအတွက် အသုံးစရိတ်များ သုံးစွဲရာတွင်လည်း စနစ်တကျစိစစ်သုံးစွဲ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းရှင်းလင်းတင်ပြနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စီမံရေးရာလုပ်ငန်းကော်မတီ၊ ကျောက်စိမ်းလုပ်ငန်းကော်မတီ၊ ကျောက်မျက်လုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီနှင့် ဘဏ္ဍာရေးလုပ်ငန်းကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌများက ပြပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ဗဟိုကော်မတီတွင် အဆုံးအဖြတ်ရယူရန်နှင့် အတည်ပြုချက်ရယူရန် ကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ ပြပွဲဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၂၅ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်ဂျင်နီယာပညာရေးမြှင့်တင်ရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ အင်ဂျင်နီယာ ပညာရေးမြှင့်တင်ရေး ဖြစ်ပေါ် တိုးတက်မှုအခြေအနေ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ရုံးခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယက ပြည်သူ့လွှတ်တော် ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းက ကောင်စီ၏ အင်ဂျင်နီယာ ပညာရေးမြှင့်တင်ရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အာရှနှင့် ပစိဖိတ်ဒေသ အင်ဂျင်နီယာအသင်းချုပ်မှ Prof. Dr. Chuah က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်မင်းအောင်က Washington Accord တွင် Provisional Signatory ရရှိမှုနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အင်ဂျင်နီယာ ကောင်စီဝင်များ၊ အသင်းသားများနှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းရှိ ဝေးလံခေါင်ဖျားဒေသတွင် နေထိုင်သော ကလေးသူငယ်များ ပညာသင်ယူခြင်းအခွင့်ပိုမိုရရှိစေရေး စီမံကိန်းအကြောင်းအရာမိတ်ဆက်အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာနိုင်ငံအတွင်းရှိ ဝေးလံခေါင်ဖျားဒေသတွင် နေထိုင်သော ကလေးသူငယ်များ ပညာသင်ယူခြင်းအခွင့်ပိုမိုရရှိစေရေး စီမံကိန်းအကြောင်းအရာ မိတ်ဆက်အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသည် European Union Delegation to Myanmar ၏ အကူအညီဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် ယင်းစီမံကိန်းအား ADRA နှင့် RISE တို့မှတစ်ဆင့် ငါးနှစ်တာစီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယင်းစီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို မိတ်ဆက်သည့်အနေဖြင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ တစ်သက်တာနှင့်ကျောင်းပြင်ပပညာရေးဦးစီးဌာန၊ နည်းပညာနှင့်သက်မွေးဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများအား စီမံကိန်းအကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းသွားမည်ဖြစ်ကြောင်း ADRA ထံမှ သိရသည်။

**မောင်လူမော်**

## မိုးသက်လေပြင်း မိုင် ၄၀ အထိ တိုက်ခတ်နိုင်

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ရှင်းလင်းတင်ပြစဉ်။

❍ *ကျောဖုံးမှ*

ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ က ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံတော်သမ္မတရုံးက **"မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီ"**ကို လုပ်ငန်းတာဝန်(၇)ရပ် ချမှတ်ကာ ဒုတိယသမ္မတ ဦးဆောင်၍ ၁၃ ဦးဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေးလုပ်ငန်း ကော်မတီကို လုပ်ငန်းတာဝန်(၆)ရပ် ချမှတ်ကာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ကိုးဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေး**

ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၀၁၇ ခုနှစ် ဧပြီလမှစ၍ ကျင်းပခဲ့ရာ ငါးကြိမ် ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက်စုစုပေါင်း ၂၆ ချက်ကို ချမှတ်ခဲ့ကြောင်း၊ ၎င်းဆုံးဖြတ်ချက်များတွင် ဆောင်ရွက်ပြီး ၁၉ ချက်နှင့် ဆောင်ရွက်ဆဲ(၇)ချက်တို့ ရှိပါကြောင်း၊ ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှုများကိုလည်း ပြီးခဲ့သည့် အစည်းအဝေးများတွင် တင်ပြဆွေးနွေးခဲ့ကြပြီးဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဧပြီ ၁၂ ရက်တွင် ကျင်းပခဲ့သည့် ပဥ္စမအကြိမ် ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆုံးဖြတ်ချက်(၇)ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး (၅) ချက်နှင့် ဆောင်ရွက်ဆဲ(၂)ချက်တို့ ရှိပါကြောင်း၊ ဆောင်ရွက်ဆဲ(၂)ချက်အနက် တစ်ခုဖြစ်သည့် "Space Agency ကို မိတ္ထီလာမြို့နယ်တွင် တည်ထောင်နိုင်ရေး"နှင့်ပတ်သက်၍ Space Agency တည်ထောင်မည့် မြေနေရာရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက အမြန်ညှိနှိုင်းစီစဉ်ပေးရန် ဖြစ်ပါကြောင်း၊ Space Agency တည်ထောင်နိုင်ရန် United Nations Office for Outer Space Affairs (UNOOSA)သို့ တင်ပြနိုင်ရေးအတွက် သက်ဆိုင်သည့် ဝန်ကြီးဌာနက အမြန်ပြီးပြတ်အောင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဆုံးဖြတ်ချက်နောက်တစ်ခုမှာ အဖွဲ့ဝင် ဝန်ကြီးဌာနများ အကျုံးဝင်မည့် Comprehensive Law ကို ရေးဆွဲရန်ဖြစ်ပြီး အဆိုပါအချက်နှင့်ပတ်သက်၍ "ဥပဒေရေးရာနှင့် လုပ်ထုံးလုပ်နည်းဆပ်ကော်မတီ" အနေဖြင့် အမြန်ပြီးစီးရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

**အသုံးပြုနိုင်ရေးဆောင်ရွက်နေ**

မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်နိုင်ရေး အကောင်အထည်ဖော်ရန် အဆင့် (၃)ဆင့်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့်အဖြစ် အချိုးကျ ပူးတွဲပိုင်ဆိုင်မည့် Myanmar Sat-2 ဂြိုဟ်တုကို ၂၀၁၉ ခုနှစ် ဇွန်လတွင် အာကာသသို့ လွှတ်တင်ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလလယ်ခန့်၌ နည်းပညာသစ်များဖြင့် စတင်အသုံးပြုနိုင်ရန် လျာထားဆောင်ရွက်ခဲ့သော်လည်း စိတ်ချသေချာစေရန် အကြိမ်ကြိမ် စိစစ်ဆောင်ရွက်ခဲ့ခြင်း၊ အတူတကွ လွှတ်တင်မည့် အခြားအဖွဲ့အစည်းပိုင် ဂြိုဟ်တုများ အဆင်သင့်ဖြစ်မှုနှောင့်နှေးခဲ့ခြင်း စသည့်အကြောင်းများကြောင့် ၂၀၁၉ ခုနှစ် ဩဂုတ် ၇ ရက် မြန်မာစံတော်ချိန် နံနက် ၂ နာရီအချိန်တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပါကြောင်း၊ အာကာသပတ်လမ်းတွင် ရောက်ရှိနေပြီဖြစ်သည့် အဆိုပါဂြိုဟ်တုကို လိုအပ်သည့် စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစောဆုံး စတင် အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အောင်မြင်ရန်အတွက် ဆောင်ရွက်ပေးခဲ့ကြသည့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါ Myanmar Sat-2 ဂြိုဟ်တုသည် အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၇ သန်း ကုန်ကျမည်ဖြစ်ပြီး အရစ်ကျငွေပေးချေခြင်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ Myanmar Sat-2 ဂြိုဟ်တုတွင် မြန်မာနိုင်ငံအတွက် အသုံးပြုနိုင်သည့် C-Band လိုင်းအင်အား ၄၃၂ MHz နှင့် Ku-Band လိုင်းအင်အား ၄၃၂ MHz တို့ ပါဝင်ပြီး အဆိုပါလိုင်းများကို ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်၊ သစ်တောကဏ္ဍ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွက်လိုအပ်သည့် အခြားကဏ္ဍများတွင် ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် အခြားဂြိုဟ်တုများ ငှားရမ်းသုံးစွဲနေမှုများကြောင့် မလိုအပ်ဘဲ နိုင်ငံခြားငွေ သုံးစွဲနေရမှုများ လျော့နည်းစေရန် နိုင်ငံတော်ပိုင် Myanmar Sat-2 ဂြိုဟ်တုကို တတ်နိုင်သမျှ ငှားရမ်းသုံးစွဲသွားရန်နှင့် ပုဂ္ဂလိကကဏ္ဍသုံးစွဲသူများကိုလည်း ငှားရမ်းအသုံးပြုလာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ဘတ်ဂျက်လျာထားပြီးဖြစ်**

တတိယအဆင့်အနေဖြင့် မြန်မာနိုင်ငံက အလုံးစုံပိုင်ဆိုင်သည့် ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်ရေးအတွက် ဂျပန်နိုင်ငံ Hokkaido တက္ကသိုလ်က ကမ်းလှမ်းထားပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနကလည်း ဘတ်ဂျက်လျာထားပြီး ဖြစ်သည့်အတွက် လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြောကြားလိုပါကြောင်း။

ဦးဆောင် ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များအနေဖြင့် မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ကြိုတင်ပြင်ဆင်ထားရမည့်ကဏ္ဍများ၊ ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

**မြန်မာနိုင်ငံက အလုံးစုံပိုင်ဆိုင်သည့် ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်ရေးအတွက် ဂျပန်နိုင်ငံ Hokkaido တက္ကသိုလ်က ကမ်းလှမ်းထားပြီး သက်ဆိုင်ရာဝန်ကြီးဌာနကလည်း ဘတ်ဂျက်လျာထားပြီးဖြစ်သည့်အတွက် လျင်မြန်စွာ အကောင်အထည် ဖော်ဆောင်ရွက်**

ထို့နောက် မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ်တည်ထောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေးအတွက် အဆင့်(၃)ဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ Myanmar Sat– 2 ဂြိုဟ်တုမှ ရရှိအသုံးပြုနိုင်မည့် C-Band နှင့် Ku-Band များအပေါ် ငှားရမ်းသုံးစွဲနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံမှ အလုံးစုံပိုင်ဆိုင်သည့် အနိမ့်ပျံကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီ အတွင်းရေးမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်းက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက်တင်ပြ**

ယင်းနောက် ဦးဆောင်ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဦးအုန်းဝင်း၊ ဦးစိုးဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က လည်းကောင်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးအောင်လှထွန်း၊ ဦးသာဦးနှင့် ဦးဝင်းမော်ထွန်းတို့က လည်းကောင်း၊ "မြန်မာနိုင်ငံပိုင်ဂြိုဟ်တု ထရန်စပွန်ဒါငှားရမ်းရေး ဆပ်ကော်မတီ"ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း၊ "မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်ဆိုင်ရာ ဥပဒေရေးရာနှင့် လုပ်ထုံးလုပ်နည်း ဆပ်ကော်မတီ" ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာဦး၊ "မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ်ဆိုင်ရာ နည်းပညာ ဆပ်ကော်မတီ" ဥက္ကဋ္ဌ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကြည်သွင်၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများက Myanmar Sat-2 ဂြိုဟ်တုထရန်စပွန်ဒါများကို ငှားရမ်းအသုံးပြုဆောင်ရွက်သွားမည့် အစီအမံများ၊ အနိမ့်ပျံဂြိုဟ်တုလွှတ်တင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုအစီအမံများနှင့် အသုံးပြုမည့် ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များ၊ ဂြိုဟ်တုငှားရမ်းသုံးစွဲရေးဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ဂြိုဟ်တုလွှတ်တင်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဂြိုဟ်တုလွှတ်တင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုလသမဂ္ဂ ဆုံးဖြတ်ချက်များနှင့်အညီ မှတ်ပုံတင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီရယူနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ရေဘေးဒဏ်ခံရသည့်ဒေသများအတွက် ထောက်ပံ့မှုနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်အသုံးပြုရန် အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာနိုင်ငံအတွင်း ရေဘေးဒဏ်ခံရသည့်ဒေသများအတွက် ထောက်ပံ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လာရောက်လှူဒါန်းကြရာတွင် ယနေ့မွန်းလွဲပိုင်းက မြန်မာနိုင်ငံ ဆိုင်းဂီတအသင်း(ဗဟို)က စုပေါင်းလှူဒါန်းငွေကျပ် ၁၅ သိန်း၊ မြန်မာနိုင်ငံ ဆိုင်းဂီတအသင်း (ပျဉ်းမနားမြို့)က စုပေါင်းလှူဒါန်းငွေကျပ် ၁၀ သိန်းနှင့် ရမည်းသင်းမြို့နယ် သစ္စေးကျေးရွာ (အ.ထ.က) ကျောင်းသူ ကျောင်းသားများနှင့် ပေါက်အိုင်ကျေးရွာသူကျေးရွာသားများက စုပေါင်းလှူဒါန်းငွေကျပ် ၁၀၅၀၀၀ နှင့် ငွေကျပ် ၁၃၂၅၀၀ တန်ဖိုးရှိ ဆန်အိတ် ငါးအိတ်တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့်အဖွဲ့ အလှူရှင်များနှင့် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်




❑ *ကျောဖုံးမှ*

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းပြည်ပကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအုန်းဝင်း၊ ဦးစိုးဝင်း၊ ဒေါက်တာမြင့်ထွေး၊ ဦးအုန်းမောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ Myanmar Engineering Society ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာထွန်း၊ Hitachi Soe Electric & Machinery Co.,Ltd Managing Director Mr. Hayashi Yasumasa ၊ Hitachi Soe Electric & Machinery Co.,Ltd Chairman ဦးကျော်မင်းထွန်း၊ Naung Yoe Technologies Co.,Ltd မှ Managing Director ဦးရဲဝင်းထွဋ်တင်နှင့် MPS Co.,Ltd မှ Managing Director ဒေါက်တာ ဇာနည်မောင်မောင်တို့က စက်မှုနည်းပညာပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**ကြည့်ရှုအားပေး**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ခင်းကျင်းပြသထားသော နိုင်ငံတကာမှ စက်မှုနည်းပညာကုမ္ပဏီကြီးများ၏ ထုတ်ကုန်ပြခန်းများ၊ စက်မှုဝန်ကြီးဌာနအောက်ရှိ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့၏ ထုတ်ကုန်ပစ္စည်းပြခန်းများ၊ ပုဂ္ဂလိကကုမ္ပဏီ ၁၃ ခုတို့၏ ထုတ်ကုန်ပစ္စည်း ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ထည့်သွင်းကျင်းပ**

သတ္တမအကြိမ်မြောက် နိုင်ငံတကာ စက်မှုနည်းပညာပြပွဲနှင့်အတူ စက်မှုဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ပံ့ပိုးကူညီကျင်းပသည့် တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ(ကနောင်) Inventor Award ပြိုင်ပွဲကြီးကိုလည်း တစ်ပြိုင်နက်တည်း ထည့်သွင်းကျင်းပလျက်ရှိသည်။

**“တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ (ကနောင်) Inventor Award ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက်တွင် ကျင်းပပြီး ပထမဆုအနေဖြင့် ငွေကျပ် ငါးသိန်း၊ ဒုတိယဆုအနေဖြင့် ငွေကျပ် သုံးသိန်း၊ တတိယဆုအနေဖြင့် ငွေကျပ် နှစ်သိန်းနှင့် နှစ်သိမ့်ဆုအနေဖြင့် ငွေကျပ် တစ်သိန်း ချီးမြှင့်သွားမည်ဖြစ်”**

သတ္တမအကြိမ်မြောက် နိုင်ငံတကာ စက်မှုနည်းပညာပြပွဲကို အဆိုပါခန်းမ၌ စက်တင်ဘာ ၁ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်းနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ(ကနောင်) Inventor Award ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁ ရက်တွင် ကျင်းပပြီး ပထမဆုအနေဖြင့် ငွေကျပ် ငါးသိန်း၊ ဒုတိယဆုအနေဖြင့် ငွေကျပ် သုံးသိန်း၊ တတိယဆုအနေဖြင့် ငွေကျပ် နှစ်သိန်းနှင့် နှစ်သိမ့်ဆုအနေဖြင့် ငွေကျပ် တစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး Mr. Sok Chea အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ထပ်မံတိုးမြှင့်နိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ အခြေအနေမှန်များကို ကမ္ဘောဒီးယားနိုင်ငံက နားလည်ပေးပြီး အာဆီယံနှင့်တကွ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးလျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ၊ ကုန်စည်ပြပွဲဆိုင်ရာများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာ၊ အားကစားဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ ချစ်ကြည်ရေးခရီးစဉ်များ စေလွှတ်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး Mr. Sok Chea အား လက်ခံတွေ့ဆုံစဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ကျိုင်းလပ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**ကျိုင်းလပ် ဩဂုတ် ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းပြီး “လူငယ်နှင့် မူးယစ်ဆေးဝါး” ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၂၈ ရက် နံနက်က အခြေခံပညာအထက်တန်းကျောင်း(ဝမ်နတ်)၌ ကျင်းပသည်။

ရှေးဦးစွာ ကျိုင်းလပ်မြို့အုပ်ချုပ်ရေးမှူး ဦးကျော်လင်းအောင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းရည်က ပြည်သူ့စကားဝိုင်း ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျိုင်းလပ်မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ကျိုင်းလပ်(ပြန်/ဆက်)**

# (၁၆) ကြိမ်မြောက် နန်နင်းကုန်စည်ပြပွဲ (သို့မဟုတ်) တရုတ်-အာဆီယံ ကုန်စည်ပြပွဲ

စိုးသက်နောင်

**မြန်မာနိုင်ငံမှ နှစ်စဉ်ပါဝင်တက်ရောက်၍ မြန်မာနိုင်ငံထုတ်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံနှင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများကို မိတ်ဆက်ပြသရောင်းချလျက်ရှိသော နန်နင်းကုန်စည်ပြပွဲကို ယခုနှစ်တွင် စက်တင်ဘာလ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် နန်နင်းမြို့၌ ကျင်းပသွားမည်ဖြစ်ပါသည်။**

ယခုနှစ်ကျင်းပမှုမှာ (၁၆) ကြိမ်မြောက်ဖြစ်ပြီး တရုတ်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံတော်အဆင့်အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြမည့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး၊ ဝန်ကြီးဌာနအဆင့် အကြီးအကဲများတက်ရောက်ကြမည့် အခြားဆက်စပ်အစည်းအဝေးနှင့်ဖိုရမ် စုစုပေါင်း ၂၇ ခုကို ပူးတွဲကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ကုန်စည်ပြပွဲပေါ်ပေါက်လာရခြင်းမှာ ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပခဲ့သည့် (၇) ကြိမ်မြောက် တရုတ်-အာဆီယံ (၁၀+၁) ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ထိုအချိန်က တရုတ်နိုင်ငံ ဝန်ကြီးချုပ် ဝမ်ကျားပေါင်က တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်ရေးနယ်မြေတည်ဆောက်ရေးကို အထောက်အကူပြုရန်အတွက် စတင်အဆိုပြုခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ၏ တညီတညွတ်တည်း သဘောတူညီမှုကြောင့် ၂၀၀၄ ခုနှစ်မှစတင်၍ ကွမ်ရှီးပြည်နယ် နန်နင်းမြို့တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ကုန်စည်ပြပွဲကို တရုတ်နိုင်ငံနှင့် အာဆီယံ ၁၀ နိုင်ငံတို့မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများက ပူးတွဲကမကထပြုလုပ်ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးကလည်း ပူးပေါင်းပါဝင်ပြုလုပ်သည့်ပွဲ ဖြစ်ပါသည်။

နှစ်စဉ်ပါဝင်ပြသမှုများမှာ ကုန်ပစ္စည်းများ၊ လူသုံးကုန်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းများ၊ နောက်ဆုံးပေါ်နည်းပညာမြင့် ထုတ်ကုန်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ နှစ်လိုဖွယ်မြို့ Cities of Charm များနှင့် အခြားတွင်းထွက် သယံဇာတပစ္စည်းများ ပါဝင်သည်။ ၂၁ ရာစုခေတ်သစ်ရေကြောင်းပိုးလမ်းမစီမံကိန်းမှာ ကုန်စည်ပြပွဲသို့ တက်ရောက်လာသည့် အစိုးရအကြီးအကဲများ၊ ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် မြို့တော်ဝန်များ၏ တွေ့ဆုံဆွေးနွေးပွဲများမှ စာရင်းအင်းရလဒ်များအပေါ်အခြေခံပြီး ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။

တရုတ်-အာဆီယံကုန်စည်ပြပွဲကို ၂၀၀၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီးနောက် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ သို့ ရောက်ရှိခဲ့ပါသည်။ အဆိုပါ ပမာဏမှာ တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်ရေး ရည်မှန်းချက်ကို တစ်နှစ်စော၍ ဖြည့်ဆည်းနိုင်ခဲ့ခြင်းဖြစ်ပြီး ကုန်စည်ပြပွဲ၏ အောင်မြင်မှုမှတ်တိုင်တစ်ခုလည်း ဖြစ်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများ၏ အပြန်အလှန်ကုန်သွယ်မှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၈၇ ဒသမ ၈၇ ဘီလီယံသို့ရောက်ရှိခဲ့ပါသည်။ တရုတ်နိုင်ငံသည် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ကို အာဆီယံနိုင်ငံများနှင့် ပေါင်းစည်းဆောင်ရွက်ရေးအတွက် တံခါးပေါက်အဖြစ် သတ်မှတ်ထားပါသည်။ နန်နင်းမြို့မှာ ကွမ်ရှီးပြည်နယ်၏ မြို့တော်ဖြစ်ပြီး လက်ရှိတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ၆ နိုင်ငံမှ ကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားရှိပါသည်။ ကျန်ရှိသည့် ၄ နိုင်ငံအနက် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့သည် ကွမ်တုန်းပြည်နယ်တွင် ဖွင့်လှစ်ထားရှိသည့် ကောင်စစ်ဝန်ချုပ်ရုံးများမှ ပူးတွဲတာဝန်ယူပြီး ဘရူနိုင်းနိုင်ငံသည် ပေကျင်းမြို့တွင် အခြေစိုက်သည့် သံရုံးမှတာဝန်ယူ ဆောင်ရွက်ပါသည်။

**ကွမ်ရှီးပြည်နယ်၏ မြို့တော် နန်နင်းမြို့**

တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှစ်စဉ်ကျင်းပသည့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်မှာ ပထဝီအနေအထားအရ တရုတ်နိုင်ငံတောင်ဘက်ပိုင်းတွင်တည်ရှိပြီး အာဆီယံနိုင်ငံများသို့ ပင်လယ်ရေကြောင်းထွက်ပေါက်ရှိသည့် ပြည်နယ်ဖြစ်သည့်အပြင် ဗီယက်နမ်နိုင်ငံနှင့် ကုန်းနယ်နိမိတ် ထိစပ်လျက်ရှိသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ သံမဟုတ်သော သတ္တုထုတ်လုပ်ရေး ပြည်နယ်တစ်ခုဖြစ်ပြီး အလူမီနီယံ၊ မဂ္ဂနိစ်၊ သံဖြူ၊ ခနောက်စိမ်းနှင့် အင်ဒီယမ် ပေါကြွယ်ဝသော



၂၀၁၈ ခုနှစ်တွင် နှစ်လိုဖွယ်ရာမြို့အဖြစ် ပါဝင်ပြသခဲ့သည့် ကရင်ပြည်နယ် ဘားအံမြို့မှ ယဉ်ကျေးမှုအဖွဲ့ဖျော်ဖြေနေစဉ်။

ပြည်နယ်တစ်ခုဖြစ်ပါသည်။ ပြည်နယ်၏ မြို့တော်မှာ “Green City” ဟု လူသိများသော နန်နင်းမြို့ဖြစ်ပြီး မြို့ဧရိယာ အကျယ်အဝန်း ၂၂၂၉၃ စတုရန်း ကီလိုမီတာပေါ်တွင် လူဦးရေ ၇ ဒသမ ၄ သန်းကျော် နေထိုင်လျက်ရှိပါသည်။ ကျွမ့်လူမျိုး ၅၆ ဒသမ ၃ ရာခိုင်နှုန်းကျော်နေထိုင်ပြီး အခြားလူမျိုးစု (၃၅) စု နေထိုင်လျက်ရှိပါသည်။

တရုတ်-အာဆီယံကုန်စည်ပြပွဲများကို နှစ်စဉ်လက်ခံကျင်းပလျက်ရှိသောကြောင့် နန်နင်းမြို့တော်မှာ ၂၀၀၄ ခုနှစ်မှစတင်၍ အရှေ့တောင်အာရှနိုင်ငံများသာမက နိုင်ငံတကာ၌ပါ လူသိများ ထင်ရှားလာပါသည်။ နန်နင်းမြို့ကို အခြား အတိုကောက် အမည်ဖြစ်သည့် ယုံ (Yong) ဟုလည်း ခေါ်ဆိုကြပြီး ငြိမ်းချမ်းသောမြို့၊ ငြိမ်သက်အေးချမ်းသောမြို့ဟု အဓိပ္ပါယ်ရရှိပါသည်။ ခရစ်နှစ် ၃၁၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သော မြို့ဖြစ်သဖြင့် မြို့သက်တမ်းမှာ ၁၆၉၁ နှစ် ရှိပြီဖြစ်သည်။ နန်နင်းမြို့သည် နိုင်ငံရေး၊ စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် သတင်း အချက်အလက်နည်းပညာများ စုဝေးရာ မြို့တစ်မြို့လည်းဖြစ်ပါသည်။

နန်နင်းမြို့သည် ကုလသမဂ္ဂ၏ လူနေမှုကောင်းမွန်စွာ ပြုပြင်ပြောင်းလဲမှုစံပြဆု၊ တရုတ်နိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အကောင်းဆုံး ၁၀ မြို့ဆု၊ တရုတ် လူနေမှုပတ်ဝန်းကျင်ဆု၊ နိုင်ငံတော်ပန်းခြံမြို့တော်ဆု၊ တစ်နိုင်ငံလုံးတွင် အသန့်ရှင်းဆုံးမြို့ဆု၊ တစ်နိုင်ငံလုံးတွင် ပတ်ဝန်းကျင် အကောင်းဆုံးပြုပြင်ပြောင်းလဲမှုမြို့တော်ဆုနှင့် တစ်နိုင်ငံလုံး စိမ်းလန်းစိုပြည်လုပ်ငန်းတည်ဆောက်ခြင်း အကောင်းဆုံးမြို့ ၁၀ မြို့ဆု စသည့် ဆုများသာမက တရုတ်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်ပယ်၌ ဂုဏ်သိက္ခာအရှိဆုံး လူမှုရေးဆုကြီးဖြစ်သည့် တရုတ်နိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆုကိုလည်း ချီးမြှင့်ခံရသည့် မြို့လည်းဖြစ်ပါသည်။ ထိုကဲ့သို့ ထင်ရှားသောမြို့မှာ မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် ညီအစ်မမြို့တော် တည်ထောင်ထားပြီး အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ၊ ခရီးစဉ်များ အကောင်အထည်ဖော်လျက်ရှိသည့် မြို့လည်းဖြစ်ပါသည်။

**နန်နင်းကုန်စည်ပြပွဲ**

နန်နင်းမြို့တွင် နှစ်စဉ်ကျင်းပနေသည့် ကုန်စည်ပြပွဲမှာ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖန်တီးမြှင့်တင်ပေးနေသည့် ပြပွဲဖြစ်သဖြင့် နှစ်စဉ်နိုင်ငံ့အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ ပါဝင်တက်ရောက်လေ့ရှိပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် အာဆီယံ ၁၀ နိုင်ငံရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတို့ ပူးပေါင်း၍ ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၁၆ ကြိမ်တိုင်ခဲ့ပြီ ဖြစ်သည်။

ယခုနှစ်တွင်ကျင်းပမည့် (၁၆) ကြိမ်မြောက်ကုန်စည်ပြပွဲတွင် Pavilion of Commodity Trade ပြခန်းဆောင်တွင် အာဆီယံနိုင်ငံများမှထုတ်လုပ်သည့် အစားအသောက်နှင့် အဖျော်ယမကာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အစားအသောက်ထုပ်ပိုးကုန်နှင့် စက်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းများ ဝင်ရောက်ပြသရောင်းချသွားမည် ဖြစ်ပါသည်။ Pavilion of Investment Cooperation ပြခန်းဆောင်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲများ၊ အခြေခံအဆောက်အအုံတည်ဆောက်ရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်များနှင့် အခြားစက်မှုဇုန်ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ပါသည်။

Pavilion of Advanced Technology တွင် တရုတ်နိုင်ငံအနေဖြင့် အေအိုင်နည်းပညာမြင့် စက်ပစ္စည်းနှင့် မော်တော်ယာဉ်များ၊ စားသောက်ကုန် ပြုပြင်ထုတ်လုပ်သည့် စက်ပစ္စည်းများနှင့် ထုပ်ပိုးစက်ပစ္စည်းများ၊ အီလက်ထရွန်နစ် ပစ္စည်းများ၊ စွမ်းအင်သစ်သုံး ပစ္စည်းများနှင့် လယ်ယာသုံးစက်ပစ္စည်းများ ပါဝင်ပြသသွားမည်ဖြစ်ပြီး အီလက်ထရွန်နစ် စက်ပစ္စည်းများအနေဖြင့် ဆက်သွယ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းများ၊ smart software၊ smart household appliances၊ consumer electronic ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး တံခါးများ၊ ပြတင်းများ၊ နံရံများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ ပါဝင်ပြသရောင်းချသွားမည် ဖြစ်ပါသည်။

Pavilion of Trade in Services ပြခန်းဆောင်တွင် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ အွန်လိုင်းအင်တာနက်နှင့် ပုဂ္ဂလိကဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ခရီးသွားလာရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို ပါဝင်ပြသသွားမည်ဖြစ်ပါသည်။ Pavilion of Cities of Charm တွင် အာဆီယံနိုင်ငံများမှ နိုင်ငံအလိုက် သတ်မှတ်ထားသည့် နှစ်လိုဖွယ်ရာမြို့များကို ထည့်သွင်းပြသသွားမည်ဖြစ်ပြီး တရုတ်နိုင်ငံမှ နှစ်လိုဖွယ်ရာ မြို့အဖြစ် ချန်ဒူးမြို့ကို ထည့်သွင်းပြသသွားမည်ဖြစ်ပါသည်။

နန်နင်းကုန်စည်ပြပွဲ ကျင်းပနေစဉ်အတွင်း အခြားဆက်စပ် ကုန်စည်ပြပွဲများ၊ ဖိုရမ်များကိုလည်း တစ်ပြိုင်နက်ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါဖိုရမ်များသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သက်ဆိုင်ရာနယ်ပယ်အလိုက် တာဝန်ရှိသူများ၊ ဝန်ကြီးအဆင့်နှင့် ဒုတိယဝန်ကြီးအဆင့်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြမည်ဖြစ်ပါသည်။ ကုန်စည်ပြပွဲကျင်းပမည့်နေရာ Nanning International Convention and Exhibition Center (NICEC) အဆောက်အအုံအတွင်း ပြခန်းများခင်းကျင်းနိုင်မည့် အကျယ်အဝန်းမှာ စတုရန်းမီတာပေါင်း ၁၃၇၀၀၀ ကျယ်ဝန်းပြီး ပါဝင်မည့်နိုင်ငံများမှ လုပ်ငန်းရှင်များအနေဖြင့် မိမိလိုအပ်သည့် အကျယ်အဝန်းနှင့် ပြခန်းအရေအတွက်ကို သက်ဆိုင်ရာ နိုင်ငံအလိုက် ကုန်သွယ်ရေးဦးစီးဌာနများမှတစ်ဆင့် ငှားရမ်းနိုင်မည်ဖြစ်သည်။

**ဂုဏ်ထူးဆောင်နိုင်ငံနှင့် နှစ်လိုဖွယ်ရာမြို့ပြခန်း**

နှစ်စဉ်ကျင်းပနေသည့် နန်နင်းကုန်စည်ပြပွဲတွင် နိုင်ငံအလိုက် ဂုဏ်ထူးဆောင်နိုင်ငံ Country of Honor ကို တစ်နှစ်လျှင် တစ်နိုင်ငံအလှည့်ကျ တာဝန်ယူရရာ ယခုနှစ်အတွက် အင်ဒိုနီးရှားနိုင်ငံမှ Country of Honor အဖြစ် ဆောင်ရွက်မည်ဖြစ်ပါသည်။

စတုတ္ထအကြိမ်မြောက် ကုန်စည်ပြပွဲမှစတင်၍ Country of Honor ကို စတင်မိတ်ဆက် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အာဆီယံအလေ့အထအရ အင်္ဂလိပ်အက္ခရာစဉ်အတိုင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများက အလှည့်ကျဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ထူးဆောင်နိုင်ငံ Country of Honor အဖြစ် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့သည့် နဝမအကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ဆောင်ရွက်ခဲ့ပါသည်။

တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ မြို့များအကြား ချစ်ကြည်ရင်းနှီးမှု ဆက်ဆံရေးထူထောင်နိုင်ရန်နှင့် အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နန်နင်းကုန်စည်ပြပွဲတွင် နှစ်အလိုက် နှစ်လိုဖွယ်ရာမြို့များ Cities of Charm ကိုလည်း ဒုတိယအကြိမ် ကုန်စည်ပြပွဲမှစတင်၍ ထည့်သွင်း ခင်းကျင်းပြသခဲ့ပါသည်။ ယခုနှစ်အတွက် တရုတ်နိုင်ငံ၏ နှစ်လိုဖွယ်မြို့အဖြစ် စီချွမ်းပြည်နယ်၏မြို့တော် ချန်ဒူးမြို့ကို သတ်မှတ်ထားပြီး မြန်မာနိုင်ငံအနေဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့မှ နှစ်လိုဖွယ်ရာမြို့ City of Charm အဖြစ် ပြခန်း ပါဝင်ခင်းကျင်းပြသသွားမည်ဖြစ်ပါသည်။

*စာမျက်နှာ ၈ သို့*

**“တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ မြို့များအကြား ချစ်ကြည်ရင်းနှီးမှု ဆက်ဆံရေးထူထောင်နိုင်ရန်နှင့် အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နန်နင်း ကုန်စည်ပြပွဲတွင် နှစ်အလိုက် နှစ်လိုဖွယ်ရာမြို့များ Cities of Charm ကိုလည်း ဒုတိယအကြိမ် ကုန်စည်ပြပွဲမှစတင်၍ ထည့်သွင်း ခင်းကျင်းပြသခဲ့ပါသည်။ ယခုနှစ်အတွက် တရုတ်နိုင်ငံ၏ နှစ်လိုဖွယ်မြို့အဖြစ် စီချွမ်းပြည်နယ်၏မြို့တော် ချန်ဒူးမြို့ကို သတ်မှတ်ထားပြီး မြန်မာနိုင်ငံအနေဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့မှ နှစ်လိုဖွယ်ရာမြို့ City of Charm အဖြစ် ပြခန်း ပါဝင်ခင်းကျင်းပြသသွားမည်”**

# ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်များအတွက် ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေ အစီရင်ခံစာတို့နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း ရှင်းလင်းတင်ပြစဉ်။



လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို ဆွေးနွေးစဉ်။



လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ ဆွေးနွေးစဉ်။



တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထွန်းအောင် ဆွေးနွေးစဉ်။

**နေပြည်တော် ဩဂုတ် ၃၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒရည်မှန်းချက်

အစည်းအဝေးတွင် **၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်များအတွက် ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေ အစီရင်ခံစာ** တို့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအခန်း (၆) ပုဒ်မ ၄၀(က) အရ ငွေကြေးမူဝါဒကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒရည်မှန်းချက်မှာ ပြည်တွင်းဈေးနှုန်း တည်ငြိမ်မှုရရှိစေရန်နှင့် ထိန်းသိမ်းရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စီးပွားရေးစနစ်တွင် သင့်လျော်သော ငွေကြေးပမာဏ ရှိနေစေရန်နှင့် ဈေးနှုန်းများ တည်ငြိမ်မှုရှိစေသည့် စီးပွားရေးတိုးတက်မှုကို ရရှိစေရန် သီးသန့်ငွေကြေးပမာဏကို ဦးတည်သတ်မှတ်ထားရှိသည့် ငွေကြေးမူဝါဒမူဘောင်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအခြေအနေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၅ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်း ရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ တိုးတက်နှုန်း ၅ ဒသမ ၉ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အကြောင်းမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးကဏ္ဍ၏ ထုတ်လုပ်မှုနှင့် ပို့ကုန်တင်ပို့မှု တိုးမြင့်လာခြင်း၊ ထုတ်လုပ်မှုကဏ္ဍတွင် အထည်ချုပ်တင်ပို့မှုတိုးမြင့်လာခြင်း၊ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာခြင်းတို့ကြောင့် ဖြစ်ပါကြောင်း။

## မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုအခြေအနေ

မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုအခြေအနေကို ၂၀၁၂ ခုနှစ်၏ ဈေးနှုန်းကို အခြေခံနှစ်အဖြစ် ထားရှိတွက်ချက်ပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၇ ရာခိုင်နှုန်း၊ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၆ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း ၅ ဒသမ ၄ ရာခိုင်နှုန်း၊ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၄ ရာခိုင်နှုန်းတို့ ဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း ၇ ရာခိုင်နှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၈ ရာခိုင်နှုန်း တို့နှင့် နှိုင်းယှဉ်ပါက ငွေကြေးဖောင်းပွမှုနှုန်း သိသာစွာ ကျဆင်းသွားသည်ကို တွေ့ရှိရပါကြောင်း၊ အကြောင်းရင်းမှာ အဆိုပါကာလတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း အထူးတည်ငြိမ်မှုရှိခဲ့ခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အစိုးရဘတ်ဂျက်လိုငွေဖြည့်ဆည်းမှု လျော့နည်းခဲ့ခြင်း၊ စားသုံးကုန်စည်ဈေးနှုန်းများ တည်ငြိမ်မှုရှိခဲ့ခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်များတွင် မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ သိသာစွာကျဆင်းခဲ့သော်လည်း အခြားအိမ်နီးချင်း အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အတော်အသင့်မြင့်မားဆဲရှိသည်ဟု ဆိုနိုင်ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သီးသန့်ငွေကြေးပမာဏ တိုးတက်မှုနှုန်းအား ၁၃ ရာခိုင်နှုန်း ရည်မှန်းချက်ထားရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လကုန်တွင် သီးသန့်ငွေကြေးပမာဏတိုးတက်မှုနှုန်းမှာ ၉ ရာခိုင်နှုန်းရှိသဖြင့် ရည်မှန်းချက်ဘောင်အတွင်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သီးသန့်ငွေကြေးပမာဏတိုးတက်မှုနှုန်း ၁၆ ရာခိုင်နှုန်း ရည်မှန်းထားရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မတ်လကုန်တွင် သီးသန့်ငွေကြေးပမာဏတိုးတက်မှုနှုန်းမှာ ၆ ရာခိုင်နှုန်းရှိသဖြင့် ရည်မှန်းချက်ဘောင်အတွင်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

စီးပွားရေးစနစ်အတွင်းတွင် သင့်လျော်သည့် ငွေကြေးပမာဏရရှိစေရန် ဘဏ်များလက်ဝယ်ရှိ ပိုလျှံငွေကြေးများကို အတိုးပေး၍ အပ်ငွေလေလံစနစ်ဖြင့် နုတ်သိမ်းခြင်းအား ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ပိုလျှံငွေကြေးများအား နုတ်သိမ်းရန် အပ်ငွေလေလံစုစုပေါင်း ၂၃ ကြိမ် ခေါ်ယူခဲ့ပြီး တစ်ကြိမ်လျှင် ပျမ်းမျှငွေကျပ် ၃၄၃ ဘီလီယံအား စီးပွားရေးစနစ်အတွင်းမှ နုတ်သိမ်းခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ပိုလျှံငွေကြေးများအား နုတ်သိမ်းရန် အပ်ငွေလေလံစုစုပေါင်း ၂၄ ကြိမ် ခေါ်ယူခဲ့ပြီး တစ်ကြိမ်လျှင် ပျမ်းမျှငွေကျပ် ၃၀၇ ဘီလီယံကို စီးပွားရေးစနစ်အတွင်းမှ နုတ်သိမ်းခဲ့ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဈေးကွက်တွင် နိုင်ငံခြားသုံးငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရန်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျ မြင့်မားခြင်းကို ရှောင်ရှားနိုင်ရန်အတွက် နိုင်ငံခြားသုံးငွေဈေးပြိုင်လေလံစနစ်ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ်အချင်းချင်းနိုင်ငံခြားငွေရောင်း၊ ဝယ်မှုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရန်ကုန်နိုင်ငံခြားငွေဈေးကွက်ကို ၂၀၁၃ ခုနှစ် ဩဂုတ် ၅ ရက်တွင် စတင်တည်ထောင်ခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ၏ ဈေးကွက်ငွေလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် အနိမ့်ဆုံးငွေကျပ် ၁၁၅၉ ကျပ်နှင့် အမြင့်ဆုံးငွေကျပ် ၁၄၃၄ ကျပ်ရှိခဲ့ပါကြောင်း၊ ငွေလဲလှယ်နှုန်းများ၏ နေ့စဉ်ပြောင်းလဲမှုနှုန်းမှာ အများအားဖြင့် ၁ ရာခိုင်နှုန်းအတွင်းသာ ပြောင်းလဲခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ၏ ဈေးကွက်ငွေလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် အနိမ့်ဆုံး ငွေကျပ် ၁၃၂၈ ကျပ်နှင့် အမြင့်ဆုံး ငွေကျပ် ၁၃၆၇ ကျပ် ရှိခဲ့ပါကြောင်း၊ ငွေလဲလှယ်နှုန်းများ၏ နေ့စဉ် ပြောင်းလဲမှုနှုန်းမှာ အများဆုံး ဝ ဒသမ ၅ ရာခိုင်နှုန်းအတွင်းသာ ရှိခဲ့ပါကြောင်း။

ငွေကြေးစနစ်တည်ငြိမ်ရေးသည် ဗဟိုဘဏ်၏ အဓိကရည်မှန်းချက်တစ်ခုဖြစ်ပါကြောင်း၊ ငွေကြေးစနစ်တည်ငြိမ်စေရန်အတွက် ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများအား စည်းမျဉ်းများချမှတ်၍ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းကို ဆောင်ရွက်ပါကြောင်း၊ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဘဏ်လုပ်ငန်းများ တောင့်တင်းခိုင်မာစေရန်၊ ဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ၎င်းတို့၏ ငွေရေးကြေးရေးအခြေအနေကို ကြီးကြပ်ရန်၊ လိုအပ်ပါက အရေးယူဆောင်ရွက်မှုကို အချိန်မီပြုလုပ်နိုင်ရန်၊ ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်သတ်မှတ်ရန်၊ ဆုံးရှုံးနိုင်ခြေများကို အနည်းဆုံးအခြေအနေသို့ လျှော့ချရန်တို့ ဖြစ်ပါကြောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်စစ်ဆေးရာတွင် စောင့်ကြည့်ကြီးကြပ်စစ်ဆေးခြင်းနှင့် ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်းနည်းလမ်းနှစ်သွယ်ဖြင့် စစ်ဆေးပါကြောင်း။

ငွေရေးကြေးရေးကုမ္ပဏီများသည် အများပြည်သူထံမှ အပ်နှံငွေများကို လက်ခံဆောင်ရွက်ခြင်းမပြုဘဲ ရင်းနှီးထည့်ဝင်ငွေနှင့် ချေးငွေများရယူခြင်းဖြင့် လုပ်ငန်းဆောင်ရွက်ကြပါကြောင်း၊ ၎င်းတို့သည် မိမိ၏ ဖောက်သည်များအား ကုန်စည်များဝယ်ယူနိုင်ရန်လည်းကောင်း၊ ဝန်ဆောင်မှုများအတွက် သုံးစွဲနိုင်ရန် လည်းကောင်း ချေးငွေများ ထုတ်ပေးခြင်းဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများ အငှားချထားခြင်း၊ အရစ်ကျဝယ်ယူခြင်းများအတွက် ငွေကြေးပံ့ပိုးမှုဆောင်ရွက်ကြပါကြောင်း၊ ငွေရေးကြေးရေးကုမ္ပဏီများမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်အထိ ချေးငွေထုတ်ချေးမှု စုစုပေါင်းမှာ ငွေကျပ် ၃၉ ဒသမ ၆၉ ဘီလီယံရှိပြီး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကုန်အထိ ချေးငွေထုတ်ချေးမှုစုစုပေါင်းမှာ ငွေကျပ် ၆၈ ဒသမ ၀၆ ဘီလီယံရှိပါကြောင်း၊ အထက်ပါအခြေအနေအရ ၂၀၁၆-၂၀၁၇ နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်များအတွင်း ငွေရေးကြေးရေး တည်ငြိမ်မှုရှိခဲ့ပါကြောင်း၊

၂၀၁၈ ခုနှစ် ဧပြီမှ စက်တင်ဘာအထိ ၆ လတာကာလအတွက် ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက်နှင့် ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေ အစီရင်ခံစာများကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ပြီး အတည်ပြုချက်လည်း ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းအစီရင်ခံစာများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆက်လက်တင်ပြရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ အတည်ပြုချက်ရရှိပါက ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဆိုပါ အစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့၏ မူနှင့်အခြေခံသဘောများ၊ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ဆွေးနွေး

ဆက်လက်၍ **၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့၏ မူနှင့်အခြေခံသဘောများ၊ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများ** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

**လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို** က ဘတ်ဂျက်လိုငွေ လျော့နည်းကျဆင်းလာရန်အတွက် ရငွေပိုမိုရရှိရေးသည် အဓိကဖြစ်သောကြောင့် အခွန်အကောက်ဥပဒေအရ ကောက်ခံမှုများတွင် ခေတ်နှင့်မညီမျှမှုများ ပြုပြင်ရန်နှင့် ပြည်ပချေးငွေ၊ ကူညီထောက်ပံ့ငွေများ ပြည့်ပြည့်ဝဝရရှိသုံးစွဲနိုင်ရန် လိုအပ်ပါကြောင်း၊ အသုံးစရိတ်တောင်းခံငွေများကိုလည်း ထိထိရောက်ရောက် ပြည့်ပြည့်ဝဝ သုံးစွဲနိုင်အောင် ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ပိုလျှံငွေများကိုလည်း ဥပဒေနှင့်အညီ အချိန်မီပြန်လည်အပ်နှံနိုင်အောင် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပြီး စီမံကိန်းလျာထားချက်များ ပြည့်မီအောင် ကြိုးစားဆောင်ရွက်ကြရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

**လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ** က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စီးပွားရေးတိုးတက်မှုကို လယ်ယာကဏ္ဍကြီးတွင် ၂ ဒသမ ၅ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးတွင် ၈ ဒသမ ၆ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းချက်ကို သိရှိရပါကြောင်း၊ စက်မှုကဏ္ဍတွင် ၈ ဒသမ ၆ ရာခိုင်နှုန်း မြင့်မားနေသည်ကိုတွေ့ရှိရပြီး ပြည်တွင်း၌ ထုတ်လုပ်တပ်ဆင်ရန် တိုယိုတာကားကုမ္ပဏီမှ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသဖြင့် ကြိုဆိုပါကြောင်းနှင့် ဈေးနှုန်းများ အထူးသက်သာစွာ ရောင်းချပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးပါရန် အကြံပြုအပ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့မဲဆန္ဒနယ်ကို ကိုယ်စားပြု၍ မဲဆန္ဒရှင်ပြည်သူများအတွက် ဆောင်ရွက်ပေးစေလိုသည့် လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်သည့်ကိစ္စရပ်များကို ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများအဖြစ် သက်ဆိုင်ရာလွှတ်တော်များမှ နှုတ်ဖြင့် မေးမြန်းခြင်း၊ စာဖြင့်ရေးသားမေးမြန်းခြင်းကို ဆောင်ရွက်ကြရပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားရှင်းလင်းကြပါကြောင်း၊ အဆိုပါ မေးမြန်းသည့်ကိစ္စရပ်များကို ဆောင်ရွက်ပေးမည်ဟု ကတိကဝတ်ပြုကြပါကြောင်း၊ ထို့ကြောင့် ကတိကဝတ်ပြုပြီးလုပ်ငန်းများ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် ပါဝင်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း** က တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် လက်ရှိဆောက်လုပ်ဆဲ အခြေခံအဆောက်အဦများကို သက်ဆိုင်သည့်ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များက စိစစ်မှုအားနည်းသည်ကို တွေ့ရှိပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများက အချိန်မီပြီးစီးနိုင်ရေး ညွှန်ကြားပေးရန်လိုအပ်သည်ကို အကြံပြုလိုပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တင်ဒါကော်မတီများသည် တည်ဆောက်ရေး လုပ်ငန်းကိစ္စရပ်များ သတ်မှတ်ထားသည့် ဘဏ္ဍာနှစ်တွင် အမြန်ပြီးစီးနိုင်ရေး တင်ဒါဆိုင်ရာကိစ္စရပ်များကိုလည်း စောနိုင်သမျှ စောအောင် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ပြီး တင်ဒါကိစ္စကြန့်ကြာမှုများကို သက်ဆိုင်ရာမှ ရှင်းလင်းပေးစေလိုပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဘဏ္ဍာငွေများ အလေအလွင့်မရှိစေရန်နှင့် နိုင်ငံသူ၊ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေလိုပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထွန်းအောင်** က အရေးပေါ်ရန်ပုံငွေသုံးစွဲမှုဆိုင်ရာကဏ္ဍတွင် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၏ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ) တို့အရ ယခင်နှစ်များနှင့်မတူဘဲ ခွဲဝေလျာထားခဲ့ပါကြောင်း၊ အရေးပေါ်ရန်ပုံငွေသုံးစွဲမှုဆိုင်ရာ စည်းမျဉ်းများကို ဖြေလျှော့၍ ထိုသို့ ခွဲဝေလျာထားပေးခြင်းသည် ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကိစ္စရပ်များအတွက် လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိလာနိုင်မည် ဖြစ်သော်လည်း သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၃၀ ဘီလီယံ ခွဲဝေပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေရာသီလျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီးတစ်ခုတည်းက အများစုခွဲဝေယူသွားခြင်းမျိုး ထပ်မံမဖြစ်ပေါ်စေရန် အထူးလိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စတို့နှင့် စပ်လျဉ်း၍ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ခင်စိုးစိုးကြည်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး (ခေါ်) သန်းစိုး (ဘောဂဗေဒ)၊ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်၊ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး၊ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ မောင်တောမဲဆန္ဒနယ်မှ ဦးလှထွန်းကျော်၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် (စိစစ်ရေးပူးပေါင်းအဖွဲ့ -၅)၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးနှင့် လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို စက်တင်ဘာ ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တီမောလက်စ်တေနိုင်ငံ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နှစ်(၂၀)ပြည့်အထိမ်းအမှတ်အခမ်းအနား တက်ရောက်

တာဆီတော်လူ ဩဂုတ် ၃၀

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ ညနေပိုင်းတွင် တီမောလက်စ်တေနိုင်ငံ၊ မြို့တော် ဒီလီ၏ အနောက်ဘက်ကမ်းရိုးတန်းရှိ Tasitolu ငြိမ်းချမ်းရေးပန်းခြံ၌ ကျင်းပသည့် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နှစ် (၂၀)ပြည့်အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အထူးသံတမန်အဖြစ် တက်ရောက်သည်။** (အပေါ်ပုံ)

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော အင်ဒိုနီးရှားနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်အိအိခင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဒုတိယအတွင်းဝန် ဒေါ်ငြိမ်းအိဖြူတို့လည်း တက်ရောက်ကြသည်။

အခမ်းအနားကို နိုင်ငံတော်သီချင်းဖြင့် ဖွင့်လှစ်ပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဂူတာရက်စ်ထံမှ ဗီဒီယိုဖိုင်ဖြင့် ပေးပို့သော သဝဏ်လွှာကို ပြသသည်။

**ဂုဏ်ပြုဆုများချီးမြှင့်**

ယင်းနောက် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Francisco Guterres Lu-Olo က အဖွင့်အမှာစကားပြောကြားပြီး ၎င်းနိုင်ငံ အကျိုးစီးပွားအတွက် ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ရိုးရာယဉ်ကျေးမှု အဆိုအကနှင့် တေးဂီတတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး မီးရှူးမီးပန်းများ ပစ်ဖောက်ကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

အဆိုပါ အခမ်းအနားကျင်းပရာ Tasitolu ငြိမ်းချမ်းရေးပန်းခြံကို သမိုင်းကြောင်းဖြစ်ရပ်များနှင့် ယဉ်ကျေးမှု အစဉ်အလာများအရ ၂၀၀၂ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ကမ်းရိုးတန်းရှိ ကာကွယ်တောတွင် ရေတိမ်ပိုင်း၊ စွတ်စိုမြေနှင့် ဆားငန်ရေကန်တို့ ပါဝင်ကာ ဧရိယာမှာ ဟက်တာ ၁၅၄၀ ကျယ်ဝန်းသည်။ ၎င်းတွင် ၂၀၁၂ ခုနှစ်က ဆောက်လုပ်ခဲ့သော ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်တစ်လုံးနှင့် အနီရောင်ရှိသော သဘာဝရေကန်တို့တည်ရှိရာ နိုင်ငံခြားခရီးသွား ဧည့်သည်များအတွက် ဆွဲဆောင်ရာနေရာတစ်ခုဖြစ်သည်။

**လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့**

တီမောလက်စ်တေ နိုင်ငံသည် ပေါ်တူဂီတို့ လက်အောက်တွင် ၁၆၄၀ ပြည့်လွန်နှစ်များမှစ၍ ၁၉၇၅ ခုနှစ်အထိ နှစ်ပေါင်း သုံးရာကျော် ကိုလိုနီဖြစ်ခဲ့သည်။ ၎င်းနိုင်ငံ ပြည်သူတို့၏ တွန်းလှန်မှုဖြင့် ၁၉၇၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် လွတ်လပ်ရေးကြေညာနိုင်ခဲ့သော်လည်း ၁၉၇၅ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် အင်ဒိုနီးရှား၏ သိမ်းပိုက်မှုကို ခံရသည်။ သို့သော် ၎င်းနိုင်ငံ ပြည်သူတို့က လက်မခံဘဲ ဆန့်ကျင်တိုက်ခိုက်မှုဖြင့် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့ကြသည်။

**သမ္မတရွေးချယ်တင်မြှောက်**

၁၉၉၉ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် လူထုဆန္ဒခံယူပွဲတစ်ရပ်ကျင်းပပြီး မဲပေးကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂကလည်း ၁၉၉၉ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှစ၍ အရှေ့တီမောသို့ ငြိမ်းချမ်းရေးမစ်ရှင် ဖွဲ့စည်းစေလွှတ်ဆောင်ရွက်ခဲ့ပြီး ၂၀၀၂ ခုနှစ် မေ ၂၀ ရက်တွင် လွတ်လပ်သော တီမောလက်စ်တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံအဖြစ် ကြေညာနိုင်မှုနှင့်အတူ ကုလသမဂ္ဂ၏ ၁၉၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ပါလီမန်ရွေးကောက်ပွဲကျင်းပပြီး သမ္မတကို စတင်ရွေးချယ် တင်မြှောက်နိုင်ခဲ့ကြသည်။

၎င်းတို့နိုင်ငံ လွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးအတွက် လူထုဆန္ဒခံယူပွဲတစ်ရပ်ကို ရဲဝံ့သတ္တိရှိစွာဖြင့် ကျင်းပနိုင်ခဲ့ကြပြီး ပြတ်သားသော ဆုံးဖြတ်ချက်ဖြင့် မဲပေးကာ ဆန္ဒဖော်ထုတ်ပြသနိုင်ခဲ့ကြသည်။

**ဂုဏ်ယူစွာဖြင့် ကျင်းပ**

ထိုသို့ ဆန္ဒဖော်ထုတ်နိုင်ခဲ့ကြသည့် ၁၉၉၉ ခုနှစ် ဩဂုတ် ၃၀ ရက်မှ ယခုအခါ နှစ်ပေါင်း (၂၀)ပြည့်မြောက်ခဲ့ပြီဖြစ်ရာ ၎င်းနေ့ထူးနေ့မြတ် အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ယူစွာဖြင့် ကျင်းပခြင်းဖြစ်သည်။

**နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မြဲ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် တီမောလက်စ်တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့သည် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၆ ရက်မှစ၍ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြခြင်းဖြစ်ပြီး ယနေ့ကျင်းပသော အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အထူးသံတမန်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မြဲကောင်းမွန်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်များပြားလာနိုင်ခြင်း အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

ထို့အပြင် မကွေးတိုင်းဒေသကြီး ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့မှ ခင်းကျင်းထားသည့် ပြခန်းဆောင်တွင် လာရောက်လေ့လာကြည့်ရှုသူများကို မြန်မာ့ရိုးရာအကအလှများဖြင့် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ပါသည်။ ထိုသို့ ပြခန်းဆောင်နှင့် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များတွင် ပါဝင်ပြသဆောင်ရွက်ခြင်းဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နှစ်လိုဖွယ်ရာ မြို့များအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်ခြင်း၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်တည်ဆောက်နိုင်ခြင်း၊ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် အထူးဧည့်သည်တော်နိုင်ငံ Special Guest Country ကိုလည်း အာဆီယံအဖွဲ့ဝင်မဟုတ်သည့်နိုင်ငံကို (၁၁)ကြိမ်မြောက် ကုန်စည်ပြပွဲမှ စတင်၍ မိတ်ဆက်ဖိတ်ကြားခဲ့ရာ နှစ်အလိုက် တက်ရောက်ခဲ့သောနိုင်ငံများမှာ ၂၀၁၄ ခုနှစ်တွင် ဩစတြေးလျ၊ ၂၀၁၅ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ၊ ၂၀၁၆ ခုနှစ်တွင် သီရိလင်္ကာနှင့် ၂၀၁၇ ခုနှစ်တွင် ကာဇက်စတန်နိုင်ငံတို့မှ ပါဝင်တက်ရောက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် Special Guest Countryအဖြစ် တန်ဇေးနီးယားနိုင်ငံမှ ပါဝင်တက်ရောက်ခဲ့ပါသည်။ ယခုနှစ်အတွက် အထူးဧည့်သည်တော် နိုင်ငံအခေါ်အဝေါ်ကို အထူးမိတ်ဖက်နိုင်ငံ Special Partner Country အဖြစ် ပြောင်းလဲ၍ ပိုလန်နိုင်ငံအား ဖိတ်ကြားထားပြီး နိုင်ငံတော်အဆင့်အကြီးအကဲတစ်ဦးက ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်တက်ရောက်မည် ဖြစ်ပါသည်။

နန်နင်းကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် ရင်းနှီးမြှုပ်နှံသူများက နှစ်စဉ်ပါဝင်ပြသနိုင်ခဲ့ပြီး စီးပွားရေးမိတ်ဖက်များကို ရှာဖွေနိုင်ခဲ့ကြပါသည်။ ပထမဆုံးအကြိမ် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ကုမ္ပဏီပေါင်း ၂၈ ခုမှ လူဦးရေ ၆၈ ဦးဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ငါးသောင်းကျော်ဖိုးသာ ဝင်ရောက်ပြသခဲ့သည့် အခြေအနေမှ ၂၀၀၆ ခုနှစ်တွင် ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် ကုန်စည်ပြပွဲတွင် တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၁ ဒသမ ၆၈ သန်းအထိ ရောက်ရှိခဲ့ပါသည်။

မြန်မာနိုင်ငံမှ ကုမ္ပဏီများ အများဆုံးဝင်ရောက်ပြသခဲ့သည့်နှစ်မှာ ၂၀၀၇ ခုနှစ် စတုတ္ထအကြိမ် ကုန်စည်ပြပွဲတွင်ဖြစ်ပြီး ကုမ္ပဏီစုစုပေါင်း ၁၆၈ ခု ပါဝင်ပြသခဲ့ပါသည်။ (၁၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ပြခန်းအကျယ် စုစုပေါင်းမှာ ၁၂၄၀၀၀ စတုရန်းမီတာရှိပြီး ဆိုင်ခန်းပေါင်း ၆၆၀၀ ကျော်ပါဝင်ပြသရောင်းချခဲ့ရာ အာဆီယံနိုင်ငံများမှ စုစုပေါင်း ၁၄၄၆ ခန်းပါဝင်ခဲ့ပါသည်။ မြန်မာနိုင်ငံမှ ဆိုင်ခန်းပေါင်း ၁၆၈ ခန်းပါဝင်ခဲ့ပြီး အဓိကနာမည်ရသည့်ကုန်ပစ္စည်းမှာ ကျောက်စိမ်းနှင့် ကျောက်မျက်များ ဖြစ်ပါသည်။ အခြားထုတ်ကုန်အနေဖြင့် လက်ဖက်ခြောက်ထွက်ရှိသော တရုတ်နိုင်ငံမှ မြန်မာထွက်ကုန်လက်ဖက်ခြောက်များသာမက လက်ဖက်အစိုများကိုပါ နှစ်သက်စွာဝယ်ယူအားပေးကြသည်ကို ဝမ်းမြောက်စွာတွေ့ရှိရသည်။

ကုန်စည်ပြပွဲတွင် ပါဝင်ပြသခြင်းအားဖြင့် မိမိတို့ မြန်မာနိုင်ငံမှ ထွက်ကုန်များကို အိမ်နီးချင်း တရုတ်နိုင်ငံတွင်သာမက အခြားနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် မိတ်ဖက်များ ရှာဖွေနိုင်ခြင်း၊ အခြားနိုင်ငံများမှ ထုတ်ကုန်များကို လေ့လာနိုင်ခြင်း၊ လိုအပ်ပါက ချိတ်ဆက်ဝယ်ယူနိုင်ခြင်း၊ တရုတ်နှင့် အာဆီယံနိုင်ငံများမှ မိမိနိုင်ငံသို့လာရောက် ရင်းနှီးမြှုပ်နှံစေရေးအတွက် ဆွဲဆောင်နိုင်ခြင်း၊ မိမိနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ သွားရောက်ပြုလုပ်နိုင်ရေးအတွက် မိတ်ဖက်ရှာဖွေနိုင်ခြင်းနှင့် လူသုံးကုန်နှင့် အခြားဝန်ဆောင်မှုများ အပြန်အလှန်ဖလှယ်ရေး ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ အခြားဆက်စပ်အစည်းအဝေးများ၊ ဖိုရမ်များတက်ရောက်ခြင်းဖြင့် အတွေ့အကြုံများ ဖလှယ်နိုင်ခြင်း၊ နည်းလမ်းများရှာဖွေနိုင်ခြင်း၊ ယဉ်ကျေးမှုဖလှယ်မှုများ ပြုလုပ်နိုင်ခြင်းစသည့် အကျိုးအမြတ်များကို လက်ငင်းရရှိပြီး နိုင်ငံအနေဖြင့် ပြည်တွင်းထုတ်ကုန်များ ပြည်ပဈေးကွက် ရှာဖွေနိုင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်မည့် နေရာတစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ဒေသထွက်တန်ဖိုးမြှင့် ထုတ်ကုန်များကို အပြည်ပြည်ဆိုင်ရာသို့ တင်ပို့နိုင်ရေးအတွက် မိတ်ဖက်များ ရှာဖွေသင့်သည့် ကုန်စည်ပြပွဲတစ်ခုဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ ။

**Source: Myanmar Trade Representative office, Nanning**

---



## လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးနိုင်ရေးအတွက် ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဩဂုတ် ၃၀**

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဗို့အား တည်ငြိမ်ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ အသစ်တိုးချဲ့တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေး ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို စီမံချက်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မန္တလေး ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ (ခ)၊ (ဂ)၊ (စ)၊ (ဆ)၊ တံခွန်တိုင်၊ ထိန်ကုန်း၊ တောင်မြင့်နှင့် ငွေတော်ကျီကုန်းရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ၃၃ ကေဗွီ စက်မှုဇုန်နှင့် ဓာတ်အားလိုင်းနှင့် ၁၁ ကေဗွီလိုင်းများ ကြံ့ခိုင်ရေး ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းအဖြစ် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကြွေသီးလဲလှယ်ခြင်းနှင့် ကြိုးတင်းခြင်းလုပ်ငန်းများကို ဩဂုတ်လ စတုတ္ထပတ်အတွင်း ဆောင်ရွက်ပြီးဖြစ်သဖြင့် လိုင်းအပြစ်ဖြစ်ပေါ်မှု လျော့နည်းကျဆင်းပြီး လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း ဒုတိယမြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဇော်နိုင်ဝင်းထံမှ သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တီမောလွှတ်တော်အစည်းအဝေးကျင်းပမှု တက်ရောက်လေ့လာပြီး ဝန်ကြီးချုပ်နှင့် ဇနီးက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်



**တာဆီတော်လူ ဩဂုတ် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် တီမောလက်စ်တေနိုင်ငံ၏ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ နှစ် (၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တီမောလွှတ်တော်ကျင်းပမှုကို တက်ရောက်လေ့လာကြသည်။

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏သဝဏ်လွှာ ဖတ်ကြား**

ရှေးဦးစွာ လွှတ်တော်အစီအစဉ်အတိုင်း ကျင်းပပြီး ကုလသမဂ္ဂကိုယ်စားလှယ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်၍ ပေါ်တူဂီနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တီမောလက်စ်တေနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် တီမောလက်စ်တေနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**လွှတ်တော်အတွင်းခင်းကျင်းပြသထားမှု ကြည့်ရှု**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများသည် လွှတ်တော်အတွင်း ခင်းကျင်းပြသထားသည့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ဘဏ္ဍာရေးဝန်ကြီးဌာန၌ တီမောလက်စ်တေနိုင်ငံ၏ ဝန်ကြီးချုပ် Mr.Taur Matan Ruak နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် ပဲခူးဘဏ်ခွဲဖွင့်ပွဲ တက်ရောက်

**နေပြည်တော် ဩဂုတ် ၃၀**

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် ပဲခူးဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အဆိုပါဘဏ်ခွဲရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ တိုင်းဒေသကြီးတရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်သန်းဝင်း ၊ CHID Bank ဥက္ကဋ္ဌ ဦးမင်းထိန်နှင့် CHID Bank ဒုတိယဥက္ကဋ္ဌ ဦးသာဒွေးတို့က ဘဏ်ခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဘဏ်ခွဲဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် JICA မှ Mr. Masayuki Karasawa တို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး(**ယာပုံ**) ဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က နိုင်ငံတော်အစိုးရအနေဖြင့် PPP စနစ်ကို ဖော်ဆောင်ကာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ အိမ်ရာချေးငွေများ စသည့် ငွေကြေးစနစ်တစ်ခုကို ထူထောင်နိုင်ရေးအတွက် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်ကို အများနှင့် သက်ဆိုင်သော ကုမ္ပဏီအဖြစ် စတင်ဖွဲ့စည်းခဲ့ပြီး ဘဏ်စတင်ဖွင့်လှစ်ချိန်မှစတင်၍ နိုင်ငံတော်၏ ဦးတည်ချက်ဖြစ်သော ပြည်သူများအား လုံခြုံစိတ်ချရပြီး နေချင်စရာပတ်ဝန်းကျင်တွင် အိုးပိုင်အိမ်ပိုင်ဖြင့် နေထိုင်သွားနိုင်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူများအတွက် အိမ်ရာတည်ဆောက်ရေးလုပ်ငန်းစဉ်များ ပိုမိုလျင်မြန်လာရေးအတွက် လိုအပ်နေသည့် အိမ်ရာများ တည်ဆောက်ရေးတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ၊ ရင်းနှီးမြှုပ်နှံလိုသူများနှင့် ပုဂ္ဂလိကဘဏ်များ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အတွက် နိုင်ငံတော်မှ ချထားပေးသော Budget နှင့် 2 Step Loan များ ၊ JICA မှ ထုတ်ချေးပေးသည့် ODA Loan များအပြင် World Bank, Asian Development Bank စသည့် ပြည်ပမှ ချေးယူနိုင်မည့် 2 Step Loan များ ရရှိရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်း၌ အရေးပါသောလုပ်ငန်းများဖြစ်သည့် အခြေခံအဆောက်အအုံဖြစ်သော လမ်း၊ တံတား၊ လျှပ်စစ်နှင့် သောက်သုံးရေရရှိရေး စသည်တို့ကို ချေးငွေများ ပံ့ပိုးပေးရေး ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားသည် ။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်ကို Semi-Government Bank အဖြစ် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး သက်တမ်းငါးနှစ်ကျော်ကာလအတွင်း ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ပုသိမ်၊ မော်လမြိုင်၊ မကွေး၊ မုံရွာ၊ ဘားအံနှင့် ပဲခူးဘဏ်ခွဲ အပါအဝင် စုစုပေါင်းဘဏ်ခွဲ ၁၄ ခုကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးနှင့် ရှင်စောပုဝန်ထမ်းအိမ်ရာအတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာသုံးသပ်အကြံပြုတင်ပြရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၃၀**

ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (**ယာပုံ**)



အခမ်းအနားတွင် ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ကိစ္စရပ်များတွင် တစ်ကေစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် အခြေခံဈေးနှုန်းသတ်မှတ်ပေးရေးသည် အရေးကြီးပါကြောင်း၊ ယင်းကိစ္စရပ်သည် တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို တွန်းအားပေးနိုင်သည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးစပါးများ စိုက်ပျိုးနေကြပြီဖြစ်ပါကြောင်း၊ တချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သီးနှံများပျက်စီးခဲ့ရသော်လည်း ထိခိုက်မှုနည်းသည့်အတွက် တစ်နိုင်ငံလုံး စပါးစိုက်ပျိုးမှု အခြေအနေက အကောင်းဘက်တွင်ရှိပါကြောင်း၊ ဆန်၊ စပါးဈေးနှုန်းမှာလည်း ထုတ်လုပ်မှုကုန်ကျစရိတ်၏ အထက်တွင်ရှိနေပါကြောင်း၊ လက်ရှိအချိန်တွင် မိုးစပါးပေါ်ရန် တစ်လခန့်သာလိုတော့သဖြင့် မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် တစ်ကေစပါးထုတ်လုပ်မှုကုန်ကျစရိတ်ကို စနစ်တကျတွက်ချက်ထားရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဈေးနှုန်းသတ်မှတ်ရာတွင် ထုတ်လုပ်မှု ကုန်ကျစရိတ်ကို အခြေခံ၍ အခြေခံဈေးနှုန်းသတ်မှတ်ပေးရန် ဖြစ်ပါကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်မှာ တွက်ချက်ရာတွင်လည်း လက်တွေ့အချက်အလက်များကို အခြေခံပြီး တွက်ချက်ရမည်ဖြစ်ပါကြောင်း၊ အခြေခံဈေးနှုန်းအား ဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအားကိုပါ ထည့်သွင်း တွက်ချက်ပေးရမည်ဖြစ်ပါကြောင်း၊ တောင်သူများလည်း အကျိုးရှိ၊ လုပ်ငန်းရှင်များလည်း အကျိုးရှိသည့် ဈေးနှုန်းဖြစ်ရန်လိုပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် လိုအပ်သည့် အကူအညီများ လိုအပ်ပါက ကော်မတီ အစည်းအဝေးတွင် ဆွေးနွေးပေးရန်ဖြစ်ပါကြောင်း၊ ဆွေးနွေးချက်များကို ဦးဆောင်ကော်မတီသို့ တင်ပြ၍ လမ်းညွှန်မှု ရယူသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမျိုးသူက ဆန်၊ ပဲအမျိုးမျိုးနှင့် ပြောင်းစိုက်ပျိုးထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှု၊ ဈေးကွက်အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက ဆန်စပါးနှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်သင့်သည့်အချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်းတို့မှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**

မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း အောင်မြင်စွာတင်သွင်းနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်တွင်း ပြည်ပပညာရှင်များ ပါဝင်သည့် အဆိုပြုစာတွဲ(မူကြမ်း) Nomination Dossier(Draft)အား ပြင်ဆင်ဖြည့်စွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ရေးသားပြီးစီးခဲ့သည့် အဆိုပြုစာတွဲ(မူကြမ်း)ကို အချက်အလက်များ မှန်ကန်ရေး၊ လိုအပ်သည့်အချက်အလက်များ ဖြည့်စွက်ရေး၊ ဓာတ်ပုံ၊ မြေပုံစသည့် အချက်အလက်များကို ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ပြည်တွင်းပညာရှင်များ၊ ကော်မတီ၊ ဆပ်ကော်မတီဝင်များက ကြိုတင်ဆွေးနွေးသုံးသပ်ခဲ့ကြပြီး ဩဂုတ် ၂၄ ရက်မှ ၂၉ ရက်အထိ ပြည်ပပညာရှင်များနှင့် ထပ်မံညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲများအနေဖြင့် မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် များစွာအထောက်အပံ့ပေးလျက်ရှိကြောင်း၊ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရပါက ဒေသခံများ၏ လူမှုစီးပွားဘဝအပြင် ဒေသ၏ဂုဏ်သိက္ခာကိုပါ ကမ္ဘာ့အလယ်၌ ဂုဏ်ယူဝင့်ကြွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ဒုတိယဝန်ကြီး ဦးကြည်မင်း မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးလုပ်ငန်းများ၌ ပြည်နယ်အစိုးရမှ ပံ့ပိုးကူညီဆောင်ရွက်မှုအခြေအနေများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဆိုပြုစာတွဲ(မူကြမ်း) ရေးသားပြီးစီးမှုအခြေအနေများ၊ အဆိုပြုစာတွဲရေးသားပြုစုရေးဥက္ကဋ္ဌက အဆိုပြုစာတွဲအား စိစစ်ပြင်ဆင်ညှိနှိုင်းခဲ့မှုအခြေအနေများနှင့် ပြည်ပပညာရှင် Dr. Shika Jane က အဆိုပြုစာတွဲ ပြုစုရေးသားခဲ့မှုတို့ကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ရာ ကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ပြည်ပပညာရှင်များ၊ ပြည်တွင်းနှင့် ဒေသခံပညာရှင်များက မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းသည့် အဆိုပြုစာတွဲ၌ ထည့်သွင်းဖော်ပြမည့် သမိုင်းဆိုင်ရာ၊ ရှေးဟောင်းသုတေသနဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များ မှန်ကန်ရန်စိစစ်ခြင်းနှင့် ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက်အလက်များကို ထပ်မံဖြည့်စွက်မှုများ ဆောင်ရွက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၃၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့သို့ လွှတ်တော်ကိုယ်စားလှယ်များမှ တစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူစုစုပေါင်း ၂၂၂ ဦး တက်ရောက်လေ့လာခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၅၃၃၃ ဦးရှိပြီး လွှတ်တော်သို့ လာရောက် လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင် ပေးပို့နိုင်ပါကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

**မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် အလုပ်သမားရေးရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

**အလုပ်အကိုင်အခွင့်အလမ်းများဖန်တီး**

ဆက်လက်၍ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ ကော်မတီဝင်များမှ အဓိက တင်ပြရမည့်အချက်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ အသေးစိတ်စီမံချက်ပါ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်း ကော်မတီဝင် ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီများ၊ အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများက အသေးစိတ်စီမံချက်ပါ လုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ တစ်သက်တာစာပေဆုကို ဆရာကြီးဦးမြတ်သူ(တက္ကသိုလ်မြတ်သူ)ရရှိ

**ရန်ကုန် ဩဂုတ် ၃၀**

ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၂၀၁၉ ခုနှစ်အတွက် ပခုက္ကူစာပေဆု ရရှိသူများ၏ အမည်စာရင်းကို ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ချစ်စုအောင် ရေးဖွဲ့သည့် "မြင်းမိုရ်စိတ်ကူး ကဗျာများ"၊ ဒုတိယဆုကို ကောင်းနွဲ့ရေးဖွဲ့သည့် "နွားမဲ့လှည်းနှင့် အခြားကဗျာများ"၊ တတိယဆုကို အင်ပင်သန်းဌေးအောင် ရေးဖွဲ့သည့် "မြင့်မြတ်သူဟုဆိုရာဝယ်နဲ့ အခြားကဗျာများ" စာမူတို့က လည်းကောင်း၊ ဝတ္ထုရှည်ဆုတွင် ပထမဆုကို ပင်မြင့်စံ(ရွှေဘို)ရေးသားသည့် "နားခိုရာမဲ့သူ၏ လောကနိဗ္ဗာန်ဘုံ"၊ ဒုတိယဆုကို တင်တော်ရေးသားသည့် "ဖော်မဲ့ဝေးလည်း လွမ်းမနေချင်"၊ တတိယဆုကို ယိမ်းနွဲ့လှုံ ရေးသားသည့် "နေခြည်ဖြာမှနွေးတော့သည်" စာမူတို့ကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို နန္ဒာခင်(သက္ကလမြေ) ရေးသားသည့် "မျိုးနှင့် အခြားရသစာစုများ"၊ ဒုတိယဆုကို လွင်ဦး(ကွမ်းခြံကုန်း)ရေးသားသည့် "အရိုင်းနှင့် အယဉ် စွန့်စားခန်းဝတ္ထုတိုများ"၊ တတိယဆုကို မောင်နေခြည်(ပြည်) ရေးသားသည့် "နွေကန္တာမှ ဆီးရိုင်းပင်များ" စာမူတို့က လည်းကောင်း၊ ကျမ်းစာပေဆုတွင် ဒုတိယဆုကို ကျော်သက်ခိုင်(မုံရွာ)ရေးသားသည့် "မြန်မာမှု မြန်မာစာ သုတပဒေသာကျမ်း"၊ တတိယဆုကို မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)ရေးသားသည့် " မြန်မာ့ကနုတ်ပုံ အရုပ်စုံ အနုလက်ရာများ" စာမူတို့ကလည်းကောင်း၊ သုတေသနစာပေဆုတွင် ဒုတိယဆုကို ခင်(တောင်ကြီး)ရေးသားသည့် "ခနွတိုင်းရင်းသားဘာသာစကားနှင့် မြန်မာစာ၊ မြန်မာစကား ဆက်နွှယ်မှုများ"၊ တတိယဆုကို ကိုကိုညိမ်း(ကောလင်း) ရေးသားသည့် "မွန်ဓလေ့ မွန်စရိုက် မွန်သမိုင်း" စာမူတို့က လည်းကောင်း အသီးသီးရရှိကြသည်။

၂၀၁၉ ခုနှစ်အတွက် " တစ်သက်တာစာပေဆု"ကို စာရေးဆရာကြီး ဦးမြတ်သူ(တက္ကသိုလ်မြတ်သူ)က ရရှိသည်။

ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မနန့်အေးမြမွန်၊ ဒုတိယနှစ်(ပန်းပုပညာအထူးပြု)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) မှ မစံပယ်မြိုင် ဒုတိယနှစ်(ရုပ်ရှင်နှင့် ပြဇာတ်ပညာအထူးပြု) တို့က ရရှိကြပါသည်။

၂၀၁၉ ခုနှစ်အတွက် စာကြည့်တိုက်စာအုပ်ဆုကို ဒေါက်တာခင်မောင်လွင် (FAME) ရေးသားသည့် လူသားအကျိုးပြု ပျားမျိုးစုစာအုပ်၊ မင်းမော်လှမြင့် (YSO-PKU) ရေးသားသည့် ပါရီနှင့်အတူ စီးမျောခြင်းစာအုပ်၊ ကိုထွန်း (ကျယ်ဂေါင်)ရေးသားသည့် အတိုင်းအတာမသိ နှိုင်းစရာမရှိသော မိဘမေတ္တာစာအုပ်တို့က ရရှိကြပါသည်။

ပခုက္ကူစာပေဆု ဆုရရှိသူများသည် စာတည်းမှူးချုပ်၊ စာပေဗိမာန် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဝ၁-၃၇၆၅၆၉ နှင့် စီမံရေးရာဌာန ဝ၁-၃၈၁၄၄၉၊ ဝ၁-၃၇၄၅၃၂ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပညာရည်ချွန်ဆုပါချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့် အချိန်၊ နေရာ၊ ရက်တို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ **သတင်းစဉ်**

## ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်းထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၃၀**

ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေး ကော်မတီသည် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများစာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။

မြန်မာစာဘာသာရပ်တွင် ပထမဆုကို မောင်စည်သူထက် (ဘ) ဦးပေတရု၊ အထက(၁) ရွှေပြည်သာ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုကို မောင်အောင်ကျော်ထက် (ဘ) ဦးသိန်းတန်၊ စံဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ မဟာအောင်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ တတိယဆုကို မပန်းဝေခိုင်(ဘ)ဦးမောင်မောင်ခိုင်၊ UNITY ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကျောက်ဆည်၊ မန္တလေးတိုင်းဒေသကြီး တို့ကလည်းကောင်း၊ အင်္ဂလိပ်စာဘာသာရပ်တွင် ပထမဆုကို မောင်ကောင်းထူးသန့် (ဘ) ဦးစိုးလှိုင်၊ အထက(၁) ဒဂုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုကို မဆုရည်ဖြိုး (ဘ) ဦးမင်းနိုင်၊ VEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ ချမ်းမြသာစည်၊ မန္တလေးတိုင်းဒေသကြီး၊ တတိယဆုကို မောင်အင်ခန်းဇော်နော်(ဘ) ဦးတန်ဆိုင်း၊ ပညာနန်းတော် ကိုယ်ပိုင်အထက်တန်းကျောင်း၊ သင်္ဃန်းကျွန်း၊ ရန်ကုန်တိုင်း ဒေသကြီးတို့ကလည်းကောင်း၊ သင်္ချာဘာသာရပ်တွင် ပထမဆုကို မထက်ထက်လွင် (ဘ) ဦးဇော်မင်းလွင်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ ချမ်းအေးသာစံ၊ မန္တလေးတိုင်း ဒေသကြီး၊ ဒုတိယဆုကို မနှင်းဆုဝေ(ဘ) ဦးမြင့်ထွေး၊ ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပျဉ်းမနား၊ မန္တလေး တိုင်းဒေသကြီး၊ တတိယဆုကို မောင်ကောင်းသုခကြွယ် (ဘ) ဦးကိုကိုမောင်၊ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်း၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတို့က လည်းကောင်း၊ ဓာတုဗေဒဘာသာရပ်တွင် ပထမဆုကို မဟာနီထွန်း (ဘ) ဦးသန်းထွန်း၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ ချမ်းအေးသာစံ၊ မန္တလေးတိုင်းဒေသကြီး၊ ရူပဗေဒဘာသာရပ်တွင် ပထမဆုကို မဟာနီထွန်း (ဘ)ဦးသန်းထွန်း၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ ချမ်းအေးသာစံ၊ မန္တလေး တိုင်းဒေသကြီး၊ ဇီဝဗေဒဘာသာရပ်တွင် ပထမဆုကို မခင်ရတနာဖြိုးစံ (ဘ) ဦးမြင့်ထွန်းမောင်၊ စံတော်ဝင်ကိုယ်ပိုင် အထက်တန်းကျောင်း၊ ဝက်လက်မြို့နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီးက လည်းကောင်း၊ ပထဝီဝင်ဘာသာရပ်တွင် ပထမဆုကို မောင်မျိုးဝင့်အောင် (ဘ) ဦးစိုးကျော်စွာဦး၊ အထက-ရွာသစ်တလိုင်းရပ်(ရွာသစ်)၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးက လည်းကောင်း၊ သမိုင်းဘာသာရပ်တွင် ပထမဆုကို မောင်လီးရယ်(ဘ)ဦးအူးရယ်၊ အထက-ရွာသစ်၊ ဘောလခဲမြို့နယ်၊ ကယားပြည်နယ်က လည်းကောင်း၊ ဘောဂဗေဒဘာသာရပ်တွင် ပထမဆုကို မသန္တာခင် (ဘ) ဦးဝင်းဇော်၊ ကံ့ကော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပျဉ်းမနား မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးကလည်းကောင်း အသီးသီး ရရှိကြသည်။

ပညာရည်ချွန်ဆု ဆုရရှိသူများသည် စာတည်းမှူးချုပ်၊ စာပေဗိမာန် အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဝ၁-၃၇၆၅၆၉နှင့် စီမံရေးရာဌာန ဝ၁-၃၈၁၄၄၉၊ ဝ၁-၃၇၄၅၃၂ သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ပညာရည်ချွန်ဆုပါ ချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့်အချိန်၊ နေရာ၊ ရက်တို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း နှိုးဆော်ထားသည်။ **သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းဆင်းပွဲများ ကျင်းပ

**စစ်ကိုင်းတိုင်းဒေသကြီး**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ရုံးကွပ်ကဲမှု အောက်ရှိ ယင်းမာပင်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၄၀)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် (၃၆) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် အခြေခံနှင့် အဆင့်မြင့်သင်တန်းတို့မှ သင်တန်းထူးချွန် ပထမဆုရရှိသူများအား တာဝန်ရှိသူများက အပ်ချုပ်စက် တစ်လုံးစီ ဆုချီးမြှင့်ပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

သင်တန်းတွင် အမျိုးသမီးငယ်များကို ကျောင်းအိပ် ကျောင်းစား စရိတ်ငြိမ်းဖြင့် သင်ကြားပေးလျက်ရှိပြီး သင်ထောက်ကူပစ္စည်းအစုံအလင် ထောက်ပံ့ပေးကာ စာတွေ့ လက်တွေ့ သင်ကြားပေးလျက်ရှိသည်။ သင်တန်းပြီးဆုံးပါက တစ်ပိုင်တစ်နိုင် လုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များကို အရစ်ကျ စနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ သင်တန်းကျောင်းအနေဖြင့် ယနေ့အချိန်ထိ အခြေခံအိမ်တွင်းမှု သင်တန်းပြီးဆုံးသူ ၂၀၈၂ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းပြီးဆုံးသူ ၇၈၆ ဦးရှိပြီး ယင်းတို့အနက်မှ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းပြုနိုင်သူ ၁၂၉၂ ဦးရှိကြောင်း သိရသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများက သင်တန်းဆင်း သင်တန်းသူများ၏ အဝတ်အထည်နှင့် လက်မှုလက်ရာများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။



စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းထွန်းအောင် သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

အဆိုပါသင်တန်းတွင် အခြေခံအိမ်တွင်းမှုသင်တန်းသူ ၆၃ ဦးနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၃၁ ဦး၊ စုစုပေါင်း သင်တန်းသူ ၉၄ ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ရန်ကုန်တိုင်းဒေသကြီး**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သော ခေတ်မီမော်တာ အထည်ချုပ်စက် သင်တန်း အမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်



ချင်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

ဒေါက်တာမင်းသန့်က တိုင်းရင်းသူ အမျိုးသမီးငယ်များကို အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၅ ကျောင်းတွင် အိမ်တွင်းမှုပညာရပ်များ လေ့ကျင့် သင်ကြားပေးလျက်ရှိပါကြောင်း၊ အဆိုပါ သင်တန်းကျောင်းများမှ အခြေခံ အိမ်တွင်းမှုစက်ချုပ်သင်တန်းနှင့် အဆင့် မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အောင်မြင်ပြီးသည့် သင်တန်းသူ ၈၆၅၆၀ အနက် ၂၆၂၇ ဦးကို ခေတ်မီ မော်တာ အထည်ချုပ်စက်သင်တန်း များ သင်ကြားပေးခဲ့ပြီး ရန်ကုန်အထည်ချုပ် စက်ရုံ ၂၉ ရုံ၌ ၂၅၄၄ ဦး ဝင်ရောက်အလုပ် လုပ်ကိုင်လျက်ရှိကြောင်း။

ယခုသင်တန်းတွင် တိုင်းရင်းသူ ၁၀၀ အား ဩဂုတ် ၅ ရက်မှ ၃၀ ရက်အထိ အခမဲ့လေ့ကျင့်သင်ကြားပေးပြီး မြန်မာနိုင်ငံလုပ်သားကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) မှ တာဝန်ရှိသူများက လာရောက်စစ်ဆေး၍ ကျွမ်းကျင်မှု လက်မှတ်များ ထုတ်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် အထည်ချုပ်စက်ရုံ လုပ်ငန်းရှင်များက ကိုယ်တိုင်လာရောက်၍ သင်တန်းသူများ၏ လုပ်ငန်းကျွမ်းကျင်မှုကိုစစ်ဆေးပြီး သင်တန်းသူ ၁၀၀ ကို အထည်ချုပ်စက်ရုံ သုံးရုံ၌ လုပ်ငန်းတာဝန်များ ခန့်အပ်ပေးခဲ့ကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန့်က ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ သင်တန်းဆင်းတိုင်းရင်းသူများကို လွှဲပြောင်းအပ်နှံပေးသည်။ ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားအသိမှတ်ပြုကတ်ပြားများအား သင်တန်းဆင်းတိုင်းရင်းသူများထံ ပေးအပ်ပြီး အထည်ချုပ်စက်ရုံများက သင်တန်းဆင်းတိုင်းရင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် သင်တန်းဆင်းတိုင်းရင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ချင်းပြည်နယ်**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ချင်းပြည်နယ်ရုံးကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ဟားခါးမြို့)၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၆၈)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၅၁)ဆင်းပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်း(ဟားခါး)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံအိမ်တွင်းမှု သင်တန်းတို့တွင် ထူးချွန်ဆုရရှိသူများကို အပ်ချုပ်စက်တစ်လုံးစီ ချီးမြှင့်သည်။ ထို့အတူ ပြည်နယ်ဥပဒေချုပ် ဦးဆန်နီထန်ကျုံးက သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

သင်တန်းကျောင်းအနေဖြင့် ယနေ့အချိန်ထိ အခြေခံ အိမ်တွင်းမှုသင်တန်းပြီးဆုံးသူ ၂၃၀၄ ဦး၊ အဆင့်မြင့်စက်ချုပ် သင်တန်းပြီးဆုံးသူ ၆၂၁ ဦး စုစုပေါင်း ၂၉၂၅ ဦးအနက်မှ ကိုယ်ပိုင် အသက်မွေးဝမ်းကျောင်းပြုသူ ၁၂၄၉ ဦးရှိကြောင်း သိရသည်။ အဆိုပါသင်တန်းတွင် အခြေခံအိမ်တွင်းမှု သင်တန်းသူ ၆၀ နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၂၀ စုစုပေါင်းသင်တန်းသူ ၈၀ တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်ခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ်အတွင်း တီးတိန်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်မြို့များရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများတွင်လည်း သင်တန်းဆင်းပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မြင့်နိုင်စိုး(ထီးလှိုင်မြေ)**

**ရခိုင်ပြည်နယ်**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ရခိုင်ပြည်နယ် ရုံးကွပ်ကဲမှုအောက်ရှိ အမ်းမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံ အိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၁၀) နှင့် အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ် (၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆု များကို ပေးအပ်ချီးမြှင့်ကာ အမျိုးသမီးအိမ်တွင်းမှုသင်တန်း ကျောင်းအုပ်က သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းသို့ အခြေခံအိမ်တွင်းမှု သင်တန်းသူ ၅၀၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၂၀ စုစုပေါင်းသင်တန်းသူ ၇၀ တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်ခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် မောင်တော၊ မင်းပြားမြို့ များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများတွင်လည်း သင်တန်းဆင်းပွဲများ ပြုလုပ်ခဲ့ ကြသည်။

အဆိုပါ သင်တန်းတွင် အမျိုးသမီးငယ်များကို ကျောင်းအိပ် ကျောင်းစားစရိတ်ငြိမ်းဖြင့် သင်ထောက်ကူပစ္စည်းအစုံအလင် ထောက်ပံ့ပေးပြီး စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိသည့် အပြင် သင်တန်းပြီးဆုံးပါက တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ သင်တန်းကျောင်းမှ ယနေ့အချိန်ထိ အခြေခံအိမ်တွင်းမှု သင်တန်းပြီးဆုံးသူ ၄၇၉ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းပြီး ဆုံးသူ ၁၅၁ ဦး စုစုပေါင်း ၆၃၀ အနက်မှ ကိုယ်ပိုင်အသက် မွေးဝမ်းကျောင်းပြုနိုင်သူ ၂၃၃ ဦးရှိကြောင်း သိရသည်။

**ကိုထူး**



## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇူလိုင်လအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဩဂုတ် ၃၀**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဇူလိုင်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၈၂ ဒသမ ၄၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၇၅ ဒသမ ၁၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၅၇ ဒသမ ၆၄ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၈၄ ဒသမ ၆၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၆ ဒသမ ၀၃ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၃၀ ဒသမ ၆၅ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဇူလိုင်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၂၉၈၈ ဒသမ ၂၉ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၀၁ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇူလိုင်လအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၈၇၆ ဒသမ ၁၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၁၇၁ ဒသမ ၃၁ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၀၄၇ ဒသမ ၄၇ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၅၇၇ ဒသမ ၉၈သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၈၅ ဒသမ ၅၅ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၅၁၆၃ ဒသမ ၅၃ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇူလိုင်လအထိ စုစုပေါင်းကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၉၂၁၁ ဒသမ ၀၀ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၁၁၆ ဒသမ ၀၆ သန်းဖြစ်ပေါ်ခဲ့ ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရသည်။

**သတင်းစဉ်**

# ပြည်တွင်းပြည်ပ သတင်းမီဒီယာများအဖွဲ့ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ သွားရောက်သတင်းရယူ

**မောင်တော ဩဂုတ် ၃၀**

ပြည်တွင်းပြည်ပ သတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့သည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်း၌ မောင်တောမြို့မှ တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ သွားရောက်သတင်းရယူကြသည်။

တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းတွင် စခန်းတာဝန်ခံ ဦးစိုးထွန်းက သတင်းမီဒီယာအဖွဲ့၏ သိရှိလိုသည်များကို ဖြေကြားသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းအတွင်း လှည့်လည်ကာ သတင်းရယူကြသည်။ ဆက်လက်ပြီး သတင်းမီဒီယာအဖွဲ့သည် ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် တည်ဆောက်ပေးထားသော ကြိမ်ချောင်းတောင်ကျေးရွာရှိ နေအိမ်များသို့ သွားရောက် သတင်းရယူကြသည်။

မွန်းလွဲပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် ရွှေဇားကျေးရွာသို့သွားရောက်ကာ ဒေသခံ ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များကို တွေ့ဆုံသတင်းရယူကြသည်။

သတင်းမီဒီယာအဖွဲ့တွင် Courier Japon ၊ Nishinippon Shimbun ၊ Nippon TV ၊ VOA ၊ BBC ၊ MRTV ၊ MITV ၊ MIR နှင့် MNA သတင်းဌာနတို့မှ သတင်းသမားများ ပါရှိသည်။

သတင်းမီဒီယာအဖွဲ့များ ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်သတင်းရယူမှုအနေဖြင့် ယခုအကြိမ်နှင့်ဆိုလျှင် စုစုပေါင်း ၃၄ ကြိမ်ရှိပြီဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် ရှစ်ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် အကြိမ် ၂၀၊ ၂၀၁၉ ခုနှစ်တွင် ငါးကြိမ်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**



**တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းတွင် ပြည်တွင်းပြည်ပ မီဒီယာသမားများ သတင်းရယူကြစဉ်။**

# ပြည်တွင်းဂေါက်သီးရိုက်ပြိုင်ပွဲ (တတိယ) ပွဲစဉ် ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၃၀**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Telecom International Myanmar Co.,Ltd (Mytel) မှ အဓိက ကူညီပံ့ပိုးသည့် ၂၀၁၉ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (တတိယ)ပွဲစဉ်ကို စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ရှိ Dagon Golf City ၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပညာရှင်အဆင့်၊ ဝါသနာရှင်အဆင့် (အမျိုးသား) (H’cap 0-12)၊ ဝါသနာရှင်အဆင့်(အမျိုးသမီး) (H’cap 0-18) ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်လူဦးရေ ကန့်သတ်ထားသောကြောင့် စက်တင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပညာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ ဝါသနာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ဖုန်း ၀၉-၇၇၉၈၄၆၇၆၁ ထံ စာရင်းပေးသွင်းနိုင်သည်။ စာရင်းပေးသွင်း၍ ပြိုင်ပွဲဝင်ကြေးပေးသွင်းထားသူများသည် စက်တင်ဘာ ၁၃ ရက်နှင့် ၁၆ ရက်တွင် (Official Practice Round) ကစားနိုင်မည်ဖြစ်ပြီး အမည်စာရင်းပေးသွင်းထားသော်လည်း ပြိုင်ပွဲမဝင်နိုင်ပါက ပြိုင်ပွဲမတိုင်မီ ကြိုတင်အကြောင်းကြားရန် လိုအပ်ကြောင်း ထုတ်ပြန်ထားသည်။ အကြောင်းကြားခြင်းမရှိဘဲ ပြိုင်ပွဲမယှဉ်ပြိုင်ပါက နောက်ပွဲစဉ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ပြိုင်ပွဲဝင်ကြေး ပေးသွင်းရန် နောက်ကျသော ကစားသမားများအား ပြိုင်ပွဲ အတွဲဇယားများတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

ယခုနှစ်တွင် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲကို နှစ်ပွဲ ကျင်းပထားပြီး မေလက ရွှေနတ်တောင် ဂေါက်ကွင်း၌ ကျင်းပသည့် ပထမပွဲစဉ် (မော်လမြိုင်) တွင် ဘိုဘို၊ ဇွန်လက ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပသည့် ဒုတိယပွဲစဉ် (ပဲခူး) တွင် မျိုးဝင်းအောင်တို့က ပညာရှင်အဆင့်ပြိုင်ပွဲ၌ ဗိုလ်စွဲထားသည်။

**ဖိုးသော်ဇင်**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဆန်းချက်ဇ် အင်တာမီလန်အသင်းသို့ အငှားပြောင်းရွှေ့**

မန်ယူတိုက်စစ်ကစားသမား ဆန်းချက်ဇ်သည် အင်တာမီလန်အသင်းသို့ အငှားပြောင်းရွှေ့သွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ချီလီတိုက်စစ်ကစားသမား ဆန်းချက်ဇ်သည် နည်းပြကွန်တီနှင့်အတူ စီးရီးအေကလပ်၌ ၂၀၂၀ ခုနှစ် ဇွန်လကုန်အထိရှိနေတော့မည်ဖြစ်သည်။ အသက် ၃၀ အရွယ် ချီလီတိုက်စစ်ကစားသမားသည် မန်ယူအသင်းအတွက် ၄၅ ပွဲတွင် ငါးဂိုးသာ သွင်းယူပေးထားနိုင်ကြောင်း သိရသည်။

**လီဝမ်ဒေါ့စကီး သက်တမ်းတိုးစာချုပ်ချုပ်ဆို**

ဘိုင်ယန်တိုက်စစ်ကစားသမား လီဝမ်ဒေါ့စကီးသည် ဂျာမန်ချန်ပီယံနှင့် လေးနှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုက်သောကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ၎င်းကို ၂၀၂၃ ခုနှစ်အထိ ထိန်းသိမ်းထားနိုင်တော့မည်ဖြစ်သည်။ အသက် ၃၁ နှစ်အရွယ်ရှိ ပိုလန်အသင်းခေါင်းဆောင်သည် ဒေါ့မွန်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၄၆ ပွဲတွင် ၁၉၇ ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။ ၎င်းသည် ယခုနှစ် ဘွန်ဒက်စ်လီဂါတွင်လည်း ငါးဂိုးအထိ သွင်းယူထားကြောင်း သိရသည်။

**ရိုးမားသို့ အငှားပြောင်းရွှေ့ရန် အီတလီသို့ ထွက်ခွာသွားသည့် စမောလင်း**

ခရစ်စမောလင်းသည် ရိုးမားအသင်းသို့ အငှားပြောင်းရွှေ့မှုအား အပြီးသတ်ရန်အတွက် အီတလီသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း နည်းပြ ဆိုးလ်ရှား၏ အဆိုအရ သိရသည်။

**မန်ယူအသင်းနှင့် လက်ရှိစာချုပ်အား ပေါ့ဂ်ဘာ သက်တမ်းတိုးမည်မဟုတ်**

မန်ယူအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါလ် ပေါ့ဂ်ဘာ (၂၆နှစ်) မန်ယူအသင်း၌ လက်ရှိစာချုပ်အား သက်တမ်းတိုးချုပ်ဆိုသွားမည်မဟုတ်ကြောင်း၊ ရီးရဲမက်ဒရစ်အသင်းသို့သာ ပြောင်းရွှေ့လိုနေကြောင်း စပိန်အခြေစိုက်သတင်း အရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။ **အောင်ဇော်**




**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# ကမ္ဘာ့ဖလား ခြေစစ်ပွဲအကြို ခြေစမ်းပွဲ မြန်မာအသင်း တရုတ်ကို ရှုံးနိမ့်

**ရန်ကုန် ဩဂုတ် ၃၀**

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲအကြို ပြင်ဆင်မှု အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် တရုတ်လက်ရွေးစင်အသင်းတို့ ယနေ့ညနေပိုင်းက တရုတ်နိုင်ငံ၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ တရုတ်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် **ဂိုး**-ကျော်ဇင်ထက်၊ **နောက်တန်း**- ဒေးဗစ်ထန်း၊ ဇော်မင်းထွန်း၊ စိုးမိုးကျော်၊ နန္ဒကျော်၊ **အလယ်တန်း**- မောင်မောင်လွင်၊ ရန်အောင်ကျော်၊ လွင်မိုးအောင်၊ လှိုင်းဘိုဘို၊ စည်သူအောင်၊ **ရှေ့တန်း**- အောင်သူ တို့ဖြင့် ပွဲထွက်ခဲ့ပြီး ဒုတိယပိုင်းတွင် တစ်သင်းလုံးနီးပါးပြောင်းလဲကာ ကျော်ကိုကို၊ ဝင်းနိုင်စိုး၊ သိန်းသန်းဝင်း၊ ကျော်ဇင်လွင်၊ သန်းပိုင်၊ ဆွမ်လမန်၊ ကြည်လင်း၊ ဇော်လင်း၊ ပြည့်ဖြိုးဇော်၊ ကောင်းစည်သူ၊ ကျော်ဇင်ဖြိုး(**ဂိုး**)တို့ကို ပြောင်းလဲအသုံးပြုခဲ့သည်။ တရုတ်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားပြီး ပထမပိုင်းမှာပင် လေးဂိုးစလုံးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကြိုးပမ်းလာပြီး နောက်ခံလူ ဇော်မင်းထွန်းက ခေါင်းတိုက်သွင်းယူခဲ့သည်။

မြန်မာအသင်းသည် စက်တင်ဘာ ၅ ရက်တွင် ကစားမည့် မွန်ဂိုလီးယားအသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံ၌ ကြိုတင်လေ့ကျင့်ကာ ယခုခြေစမ်းပွဲကစားခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

## ဗီယက်နမ် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ရုရှားကို ရှုံးနိမ့်

**ရန်ကုန် ဩဂုတ် ၃၀**

ဥရောပဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးမှုဖြင့် ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဗီယက်နမ် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ရုရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

နှစ်သင်းစလုံး နှစ်ပွဲဆက်ရှုံးနိမ့်ထားသောကြောင့် ပထမဆုံးနိုင်ပွဲရရန် ကြိုးပမ်းခဲ့သည်။ သို့သော် ရုရှားအသင်းက ပွဲအစမှာပင် တိုက်စစ်ဖွင့်ကစားကာ ပထမပိုင်းမှာပင် သုံးဂိုးစလုံး သွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၅ မိနစ်တွင် ကျော်မင်းခန့်က သွင်းယူခဲ့သည်။ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲတွင် တောင်ကိုရီးယားအသင်းက ဗီယက်နမ်အသင်းကို သုံးဂိုး-နှစ်ဂိုး ဖြင့် အနိုင်ရခဲ့သည်။ အုပ်စုပွဲများအပြီးတွင် တောင်ကိုရီးယားအသင်းက ကိုးမှတ်ဖြင့် ပထမ၊ ဗီယက်နမ်အသင်းက ခြောက်မှတ်ဖြင့် ဒုတိယ၊ ရုရှားအသင်းက သုံးမှတ်ဖြင့် တတိယရခဲ့ပြီး မြန်မာအသင်းသည် သုံးပွဲစလုံး ရှုံးနိမ့်ခဲ့သည်။ **ရဲရင့်ရှိုင်း**

# မော်တော်ယာဉ်အာမခံစာအုပ် ဘီးခွန်၊ လိုင်စင်၊ အတုပြုလုပ်သူများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ဘီးခွန်၊ လိုင်စင်၊ အတုပြုလုပ်သူများကို အတုပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရရှိခဲ့ကြောင်း သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှအဖွဲ့သည် အမရပူရမြို့နယ် ထုံးဘို-မြစ်ငယ် တန်ပိုစစ်ဆေးရေးဂိတ်တွင် ဩဂုတ် ၂၈ ရက် ည ၇ နာရီက ရန်ကုန်-မန္တလေးကားလမ်းဟောင်းအတိုင်း မြစ်ငယ်ဘက်မှ ထုံးဘိုဘက်သို့ ဦးသန်းဇော်မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်အား စစ်ဆေးရာ ဘီးခွန်အတုပြုလုပ်ထားကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ဆက်လက်စိစစ်ရာ ပြည်ကြီးတံခွန်မြို့နယ် နံ့သာ-တံခွန်တိုင်ရပ်ကွက်နေ ဦးစိုးနိုင်(ခ) စိုးနိုင်ဝင်းအား လိုင်စင်သက်တမ်းတိုးရန် ပေးအပ်ခဲ့ကြောင်း သိရသဖြင့် ဦးစိုးနိုင်(ခ)စိုးနိုင်ဝင်းအား မေးမြန်းစိစစ်ရာ ဘီးခွန်၊ လိုင်စင်၊ ဆက်စပ်ပစ္စည်းများနှင့် စာရွက်စာတမ်းပြုလုပ်သူမှာ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျည်ကုန်းရပ်ကွက်နေ ဦးဝင်းအောင်(ခ)ဦးဝင်းပါ အမျိုးသားနှစ်ဦးဖြစ်ကြောင်း သိရှိရသည်။ ဦးဝင်းအောင်အား ပြည်ကြီးတံခွန်မြို့နယ်(ခ)ရပ်ကွက်ရှိ အောင်သူလက်ဖက်ရည်ဆိုင်သို့ ချိန်းဆိုတွေ့ဆုံခဲ့ရာ ၎င်းလွယ်အိတ်အတွင်းမှ ဘီးခွန်စာရွက်အတု ခြောက်ရွက်၊ ယာဉ်သက်သေခံလက်မှတ်အတု နှစ်ခု၊ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် စာတမ်းပါစာရွက် (အလွတ်) ကိုးခု၊ ခဲခြစ်စာရွက် တစ်ရွက်၊ ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



ဦးဝင်းအောင်(ခ) ဦးဝင်းပါ ရှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ဦးဝင်းအောင်(ခ)ဦးဝင်းပါ သုံးဦး၏ ထွက်ဆိုချက်အရ ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီတွင် မြစ်ငယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပြည်ကြီးတံခွန်မြို့နယ်နေ မိုးမခ(ခ)မိုးမင်းပါ အမျိုးသားနှစ်ဦးအား ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက်ရှိ မန်းမြို့တော်လက်ဖက်ရည်ဆိုင်သို့ ချိန်းဆိုတွေ့ဆုံခဲ့ရာ ၎င်းတို့ထံမှ မန္တလေးမြို့တော်စည်ပင်သာယာရေး ဘီးခွန်ကတ်အတု သုံးခု၊ ဆိုင်ကယ်နှစ်စီး၊ ယာဉ်မောင်း(ခ) လိုင်စင်အတု နှစ်ခုနှင့် ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

မိုးမခ(ခ)မိုးမင်းပါ နှစ်ဦး၏ ထွက်ဆိုချက်အရ အမရပူရမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့မှူးဦးစီးသည့် ပူးပေါင်းအဖွဲ့သည် ချမ်းမြသာယာရပ်ကွက် ကန်တော်မင်္ဂလာဘုန်းကြီးကျောင်းသို့ ဝင်ရောက်ရှာဖွေရာ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အနောက်ရပ်ကွက်နေ ခိုင်ဇော်ထွန်း(ခ) ဖက်တီးပါ အမျိုးသားသုံးဦးအား ကွန်ပျူတာနှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ကာလာပရင်တာ တစ်လုံး၊ မီးစက်တစ်လုံး၊ စကင်စက်တစ်လုံး၊ ပလတ်စတစ်လောင်းစက်တစ်လုံး၊ ယာဉ်နံပါတ်ပြား ၁၁၅ ခု၊ မြန်မာ့အာမခံလုပ်ငန်းတံဆိပ်ပါ စာအုပ်အသစ် ၁၃၅ အုပ်၊ သံသေတ္တာ တစ်လုံး၊ ယာဉ်မှတ်ပုံတင်စာအုပ်မျက်နှာဖုံး ၁၅ ခု၊ ယာဉ်မှတ်ပုံတင်စာအုပ် ငါးအုပ်၊ တံဆိပ်တုံး နှစ်ခု၊ ဖလင်ပြား ငါးချပ်၊ ကညနတံဆိပ်ပါ စတစ်ကာ တစ်ခု၊ ရောင်စုံဆေးဘူး ၁၀ ဘူး၊ မန္တလေး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဘီးခွန်တံဆိပ်ပါစာရွက် ၄၅ ရွက်၊ ယာဉ်မောင်းလိုင်စင်အတု ရှစ်ခု၊ တွဲယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်အတု ၂၈ ခု၊ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်အတု ခြောက်ခု၊ ကုန်စည်စင်းလုံးငှားပို့ဆောင်ခွင့် ငါးခု၊ ကုန်စည်ပို့ဆောင်ခွင့် (က)လိုင်စင် လေးအုပ်၊ ကတ်လောင်းပလတ်စတစ်ကတ် နှစ်ဘူး၊ ဖုန်းနှစ်လုံး၊ ကာလာပလင်တာမင် ၁၃ ဘူး၊ နံပါတ်ပြားဖိစက် တစ်ခု၊ အင့်ပက် တစ်ခု၊ တံဆိပ်တုံး တစ်ခု၊ ငွေကျပ် ၁၈၈၇၇၀၀၊ မျက်နှာဖုံးတွင် အသုံးပြုသောစက္ကူ ၁၅ အုပ်၊ မျက်နှာဖုံးတွင် အသုံးပြုသော လယ်သာသားရေတု ၁၀ ကိုက်ခန့် တစ်လိပ်၊ ဆိုင်ကယ်ခြောက်စီးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သောကြောင့် ၎င်းတို့အား မြစ်ငယ်နယ်မြေရဲစခန်း(ပ)၅၉၅ / ၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀/ ၄၆၈/ ၁၁၄ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

**၃၁-၈-၂၀၁၉ (စနေနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၅၀ - “ ကြိုးကြာငှက်တို့ရဲ့ ပျော်စရာ ”
၁၀း၃၅ - လုံမမှတ်စု(၁၀၂)
၁၃း၃၅ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစား ပြုလုပ်ခြင်းအား ကြိုတင်ကာကွယ်နိုင်ရန်

**ညပိုင်း**

၁၆း၂၀ - ကလေးအသက်ကယ် ထိုင်ခုံခါးပတ်အသုံးပြုရေး အများပြည်သူသို့နှိုးဆော်ချက်
၁၇း၀၅ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “ အိမ်ကြီးရှင်သခင်မ” (အပိုင်း-၁၂)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၀ - ဘာကြောင့်ပဲဆိုးဆိုးလက်ကိုင်ပုဝါဖြင့် နှာခေါင်းနှင့်ပါးစပ်ကို အုပ်ပြီးဆိုးပါ
၂၀း၃၅ - ရာဇဝင်ထဲကသမိုင်းအနုပညာ “ ရတနာပုံနန်းမြို့မှတည်မီ ကတည်းက တည်ရှိခဲ့သော ဘုရားများ” (ရှင်မာလဲဘုရား)
- ဂီတသမား၊ ဂီတစကား “ ဒေါ်လှရွှေ၏မိုးဒေဝါ”

# စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်တရားရုံးမှ အကြီးတန်းစာရေး (ဘီလစ်စာရေး) ဦးဌေးဝင်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ညောင်ပင်သာအုပ်စု တောင်တန်းကျွန်းစုတွင် တစ်ရွာတည်းနေသူကို ဓားဖြင့်ခုတ်ခဲ့သဖြင့် တရားခံအား မြို့နယ်တရားသူကြီးက ထောင်ဒဏ်နှစ်နှစ် ချမှတ်ခဲ့မှုအပေါ် ကျေနပ်မှုမရှိ၍ ပြင်ဆင်မှုတက်ရန်ကိစ္စအား ကူညီမည်ဟုဆိုပြီး ငွေကြေးတောင်းခံခဲ့သော ထီးချိုင့်မြို့နယ်တရားရုံးမှ ဘီလစ်စာရေးအား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် တရားရုံးမှ အကြီးတန်းစာရေး (ဘီလစ်စာရေး) ဦးဌေးဝင်းသည် ထီးချိုင့်မြို့နယ်တရားရုံး ရာဇဝတ်ကြီးမှု အမှတ် ၁၄၇/ ၂၀၁၇ အမှုနှင့်ပတ်သက်၍ တရားခံအား ရာဇသတ်ကြီး ပုဒ်မ ၃၂၆ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်နှစ်နှစ် ချမှတ်ခံရမှုအပေါ် ပြစ်မှုနှင့် ပြစ်ဒဏ် ညီမျှခြင်းမရှိဟုယူဆ၍ ပြင်ဆင်မှုတက်ရောက်ရန်နှင့် တရားရုံးတွင် နစ်နာကြေးရရှိရေးအတွက် အကူအညီပေးမည်ဟု ပြောဆိုပြီး ငွေကျပ် ၅၆၀၀၀၀ကို အကြိမ်ကြိမ်ခွဲ၍ တောင်းခံရယူခဲ့ခြင်းသည် အဂတိလိုက်စား၍ အမှုသည်ထံမှ တံစိုးလက်ဆောင်များရယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်တရားရုံးမှ အကြီးတန်းစာရေး (ဘီလစ်စာရေး) ဦးဌေးဝင်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၇ အရ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။

**သတင်းစဉ်**

## ကျောက်တံခါးမြို့နယ်၌ တရားမဝင်သယ်ဆောင်လာသော နွား ၁၁ ကောင်ဖမ်းဆီးရမိ

**ကျောက်တံခါး ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်း(ခ) အောင်မြင်နယ်မြေရဲစခန်းအပိုင် အောင်မင်္ဂလာကျေးရွာ အောင်မင်္ဂလာ-သရက်စိန်သွားကားလမ်းပေါ်၌ ယမန်နေ့ နံနက် ၃ နာရီခန့်က တရားမဝင်သယ်ဆောင်လာသော နွား ၁၁ ကောင် ဖမ်းဆီးရမိသည်။

ပူးပေါင်းအဖွဲ့များက အောင်မင်္ဂလာ-သရက်စိန်သွားကားလမ်း မိုင်တိုင်အမှတ် ၀/၃ နှင့် ၄ အကြား၌ ယာဉ်အမှတ် YGN2K/----လိုက်ထရပ်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ဖြူးမြို့နယ် ကညွတ်ကွင်းမြို့နေသူ စိုးနိုင်(၅၀နှစ်)၊ ကျောက်တံခါးမြို့နယ် မိုးမခကျေးရွာနေသူများဖြစ်သည့် မျိုးသူ (၃၂ နှစ်)၊ မျိုးဝင်း (၃၈ နှစ်)၊ မြင့်အောင် (၄၅ နှစ်)နှင့် သဃ်န်းကျွန်းမြို့နယ်နေသူ နိုင်ဝင်း(၄၁ နှစ်) တို့ ငါးဦးကို တရားမဝင်တင်ဆောင်လာသော နွား ၁၁ ကောင်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား စစ်ဆေးရာ ဖြူးမြို့နယ်နှင့်ကျောက်တံခါးမြို့နယ်မှ နွားများဝယ်ယူပြီး ရန်ကုန်တိုင်းဒေသကြီး ဥက္ကံနွားဈေးတွင် သွားရောက်ရောင်းချရန်ဖြစ်ကြောင်း သိရှိရသဖြင့် နွားများအားသယ်ဆောင်ခွင့် တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ စိုးနိုင်အပါအဝင် ငါးဦးအား ကျောက်တံခါးမြို့နယ် တောကျွဲအင်း(ခ)အောင်မြင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## စဉ့်ကိုင်မြို့နယ်၌ မီးလောင်မှုဖြစ်ကာ ကလေးနှစ်ဦးသေဆုံး

**စဉ့်ကိုင် ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် သပြေရိုးကျေးရွာ ကွက်သစ်ရပ်၌ ယနေ့နံနက် ၈ နာရီမိနစ် ၅၀ ခန့်က နေအိမ်တစ်လုံးမီးလောင်မှုဖြစ်ကာ ကလေးနှစ်ဦး သေဆုံးကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ် သပြေရိုးကျေးရွာ ကွက်သစ်ရပ်နေ ဦးတင်ဝင်းနှင့် ဇနီးဖြစ်သူ ဒေါ်ဝေတို့သည် အမရပူရမြို့နယ် မြစ်ငယ်ဈေးတွင် ဈေးသွားရောင်းနေစဉ် နေအိမ်ရှိ ရေခဲသေတ္တာ မီးထိန်းညှိစက်အပူလွန်ကဲကာ နေအိမ်မီးလောင်မှုဖြစ်ခဲ့ပြီး နေအိမ်တွင် အိပ်ပျော်နေသည့် မောင်ချစ်ဝင်း(၅ နှစ်)နှင့် မသံစဉ်ဖြိုး (၃ နှစ်) တို့နှစ်ဦးမှာ မီးလောင်သေဆုံးခဲ့သည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ ဦးတင်ဝင်းအား စဉ့်ကိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**

## ဖားကန့်မြို့နယ်၌ တရားမဝင်ကျောက်စိမ်းတုံးများ သယ်ဆောင်လာသည့် ယာဉ်တစ်စီး ဖမ်းမိ

**ကာမိုင်း ဩဂုတ် ၃၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မြစ်ကြီးနား-တနိုင်းကားလမ်း လဝါးနှင့် ဒွန်ဘုန်းခကျေးရွာကြား၌ ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်လာသည့်ယာဉ်တစ်စီး ဖမ်းမိကြောင်း ကာမိုင်းနယ်မြေရဲစခန်းမှ သိရသည်။

ဖားကန့်မြို့နယ် မြစ်ကြီးနား-တနိုင်းကားလမ်းရှိ လဝါးနှင့် ဒွန်ဘုန်းခကျေးရွာကြား၌ ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက နယ်မြေခံတပ်မတော်သားများသည် မြစ်ကြီးနားမြို့ ဇီးလွန်ရပ်ကွက်နေ ဘောက်လာ (၂၆ နှစ်) မောင်းနှင်ပြီး ဝိုင်းမော်မြို့နေ ယောဆက်(၂၄ နှစ်) လိုက်ပါလာသည့် ဒေါင်ဖန်းခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ တရားမဝင် သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံး ၂၄၀၆၄ တုံးမှ အလေးချိန် ၁၄၃၁၅ ကီလိုအား သိမ်းဆည်းရမိခဲ့သည်။

ဘောက်လာနှင့် ယောဆက်တို့နှစ်ဦး၏ စစ်ဆေးထွက်ဆိုချက်အရ အဆိုပါ ကျောက်စိမ်းအရိုင်းတုံးများမှာ မြစ်ကြီးနားမြို့ရှုဒေါင်ကျေးရွာနေ ဦးတန်ဂွမ်းဆိုသူက မြစ်ကြီးနားသို့ အခကြေးငွေဖြင့် ပို့ဆောင်ခိုင်းခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဘောက်လာ၊ ယောဆက်နှင့် ဖမ်းဆီးမမိသေးသူ ဦးတန်ဂွမ်းတို့သုံးဦးအား ကာမိုင်းနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်လမ်း၌ တရားမဝင်သစ်တင်ယာဉ် အရှိန်လွန်တိမ်းမှောက်၍ နှစ်ဦးသေဆုံး

**ရေတာရှည် ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင် ၄၀ တွင် ယနေ့နံနက် ၂ နာရီခွဲခန့်က တရားမဝင်ကျွန်းသစ်များတင်ဆောင်လာသည့် ယာဉ်ငယ်တစ်စီး အရှိန်လွန်ကာ တောင်ကမ်းပါးယံကိုတိုက်မိ၍ တိမ်းမှောက်သွားသဖြင့် နှစ်ဦးသေဆုံးကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်သည့်နေရာသို့ သာဂရနယ်မြေရဲစခန်းမှ ဒုရဲအုပ် အောင်ကိုကိုသန့်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ရိုးမဖြတ်ကျော်ကားလမ်းအတိုင်း သာဂရမြို့ ငါးခုံးမချောင်း အနောက်ပိုင်းနေသူ မျိုးဝင်းထွန်း (၃၄ နှစ်) မောင်းနှင်ပြီး ၁၈ မိုင်နေသူ ပညာ(ခ)မောင်မောင်ထွေး (၃၆ နှစ်) လိုက်ပါလာသည့် YGN- 1F/ ---- ယာဉ်သည် တရားမဝင်ကျွန်းခွဲသား ၂၈ တုံး(၀ ဒသမ ၉၆၇၀)တန်ကို တင်ဆောင် မောင်းနှင်လာစဉ် မိုင်တိုင် ၄၀ / ၂ နှင့် ၃ အကြားလမ်းကွေ့အရောက် အရှိန်လွန်ပြီး တောင်ကမ်းပါးယံကို တိုက်မိကာ တိမ်းမှောက်သွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် နှစ်ဦးစလုံး သေဆုံးသွားသဖြင့် သာဂရနယ်မြေရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းလွင်**

# အက်ဖ်ဘီအိုင်ထိပ်တန်းအရာရှိဟောင်းတစ်ဦး ထရမ့်၏ လျှို့ဝှက်ချက်များဖွင့်ချ

**ဝါရှင်တန် ဩဂုတ် ၃၀**

အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူးဟောင်းတစ်ဦးသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်ပတ်သက်သည့် လျှို့ဝှက်ချက်များကို ဖွင့်ချလိုက်ကြောင်း အစီရင်ခံစာတစ်စောင်တွင် ယမန်နေ့က ထုတ်ပြန်ဖော်ပြလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ပတ်သက်သည့် လျှို့ဝှက်ထားရမည့်သတင်းအချက်အလက်များကို သတင်းမီဒီယာများအား ဖွင့်ချခြင်းသည် အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူးဟောင်း ဂျိမ်းကိုမေးအနေဖြင့် လုပ်ငန်းပိုင်းဆိုင်ရာ သဘောတူညီချက်နှင့် မူဝါဒကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ယမန်နေ့က ထုတ်ပြန်လိုက်သည့် တရားရေးဌာန စောင့်ကြည့်လေ့လာရေးအဖွဲ့၏ စာမျက်နှာ ၈၇ မျက်နှာပါ အစီရင်ခံစာတွင် ဖော်ပြလိုက်ခြင်းဖြစ်သည်။

ဂျိမ်းကိုမေးကို ၂၀၁၇ခုနှစ် မေလက ရာထူးမှဖြုတ်ချပြီးနောက် ယခုလိုလျှို့ဝှက်သတင်းအချက်အလက်တွေ ပေါက်ကြားခြင်းဖြစ်သည်။ အဆိုပါ သတင်းအချက်အလက်များတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရတက်စအချိန်က ၎င်းနှင့် တစ်ယောက်ချင်းပြောဆိုခဲ့သည့်အကြောင်းများလည်း ပါဝင်သည်။

ဂျိမ်းကိုမေးက လျှို့ဝှက်ရမည့်သတင်းအချက်အလက်များကို ဖွင့်ချလိုက်ခြင်းဖြင့် အက်ဖ်ဘီအိုင်ဝန်ထမ်းဟောင်း ၃၀၀၀ ကျော်အတွက် အန္တရာယ်ရှိကြောင်း သိရသည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလက ဂျိမ်းကိုမေးရေးသားသည့် အချက်များထဲတွင် အမျိုးသားလုံခြုံရေးအကြံပေးအရာရှိဟောင်း မိုက်ကယ်ဖလန်းနှင့်ပတ်သက်ပြီး ဆက်လက်စုံစမ်းမှု မလုပ်ရန် သမ္မတထရမ့်က ပန်ကြားခဲ့ကြောင်းလည်း ဖော်ပြထားသည်။

ထိုအချိန်က မိုက်ကယ်ဖလန်းသည် ရုရှားနှင့်အဆက်အသွယ်ရှိခဲ့သည့်ကိစ္စများအား အက်ဖ်ဘီအိုင်ကို လိမ်လည်ပြောဆိုခဲ့မှုအတွက် စစ်ဆေးခံနေရချိန်ဖြစ်သည်။



အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူးဟောင်း ဂျိမ်းကိုမေး။

တရားရေးဌာနက ညွှန်ကြားရေးမှူးဟောင်း ကိုမေးအား တရားစွဲရန်ကိစ္စကို ပယ်ချလိုက်ပြီး အချက်အလက်တွေကို ဖွင့်ချပြောဆိုခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ကိုမေးနှင့် ရှေ့နေများတွင် ခိုင်မာသည့်သက်သေအထောက်အထားမတွေ့ဟု စုံစမ်းစစ်ဆေးရေးအရာရှိချုပ် မိုက်ကယ်ဟော်ရိုဝစ်က ပြောသည်။

**အေအက်ဖ်ပီ**

# ဟာရီကိန်းမုန်တိုင်း ဖလော်ရီဒါသို့ ဦးတည်လာသည့်အတွက် ပိုလန်ခရီးစဉ် ထရမ့်ဖျက်သိမ်း

**ဝါရှင်တန် ဩဂုတ် ၃၀**

ဟာရီကိန်းမုန်တိုင်း ဒိုရိန်းသည် ဖလော်ရီဒါသို့ဦးတည်လာသည့်အတွက် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ပိုလန်သို့သွားရောက်မည့်ခရီးစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း သိရသည်။

ဟာရီကိန်းမုန်တိုင်း ဒိုရိန်းသည် ဩဂုတ် ၂၉ ရက်တွင် အဆင့် ၂ ပြင်းအားရှိသော မုန်တိုင်းအဖြစ်သို့ အားကောင်းလာပြီဖြစ်သည်။ ယခု သီတင်းပတ်၌ ဒုတိယကမ္ဘာစစ်ကာလ အထိမ်းအမှတ်ပွဲသို့ တက်ရောက်ရန် သမ္မတ ထရမ့် စီစဉ်ထားသော်လည်း မုန်တိုင်းတိုက်ခတ်ရန် နီးကပ်လာပြီဖြစ်သည့်အတွက် ပြင်ဆင်မှုများကို ပြုလုပ်ရန် အားစိုက်ရမည်ဖြစ်သည်။

ယခု ဦးစားပေးအစီအစဉ်မှာ မုန်တိုင်းလမ်းကြောင်းရှိ ပြည်သူများ ဘေးကင်းလုံခြုံရေးပင် ဖြစ်သည်ဟု ထရမ့်ကပြောကြားခဲ့သည်။ ပိုလန်သို့ အမေရိကန်သမ္မတ ထရမ့်အစား ဒုတိယသမ္မတ မိုက်ပင့်စ် သွားရောက်မည်ဖြစ်သည်။ ခရီးစဉ်ဖျက်သိမ်းလိုက်ရသည့်အတွက်လည်း ပိုလန်သမ္မတ အန်ဒရာဂျက်ဒူဒါကို တောင်းပန်စကားဆိုခဲ့သည်။

ဒိုရိန်း မုန်တိုင်း၏ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၀၅မိုင်ရှိပြီး မုန်တိုင်းအဆင့်သတ်မှတ်ချက် ငါးဆင့်တွင် ဒုတိယမြောက်အဆင့်ဖြစ်သည်ဟု အမျိုးသားဟာရီကိန်းစင်တာက ပြောသည်။ ဟာရီကိန်းမုန်တိုင်း ဒိုရိန်းသည် အဆင့် ၄ အထိ အားကောင်းလာနိုင်ပြီး အသက်အန္တရာယ်ခြိမ်းခြောက်နိုင်သည့် မုန်တိုင်းအဖြစ်ပြောင်းလဲသွားနိုင်သည်ဟု မိုးလေဝသဌာနက ပြောသည်။



မုန်တိုင်းမဝင်မီ ဈေးဝယ်ရန်စောင့်ဆိုင်းနေသူများကို တွေ့ရစဉ်။

ဖလော်ရီဒါ ပြည်နယ်အုပ်ချုပ်ရေးမှူးကလည်း အရေးပေါ်အခြေအနေ အဖြစ်ကြေညာထားပြီး အရှေ့ဘက်ကမ်းရိုးတန်းတွင် နေထိုင်ကြသူများကိုလည်း မုန်တိုင်းမလာမီ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားကြရန် သတိပေးထားသည်။ ဖလော်ရီဒါပြည်နယ်တစ်ခုလုံး မုန်တိုင်းကိုစောင့်ကြည့်ပြီး လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်ကြရန် ပြည်နယ်အုပ်ချုပ်ရေးမှူးက သတိပေးထားသည်။

**အေအက်ဖ်ပီ**

# တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၄၀၀ ကျော်ကို လစ်ဗျားရေတပ်ကယ်တင်

**ထရီပိုလီ ဩဂုတ် ၃၀**

လစ်ဗျားနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းတွင် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၄၀၀ ကျော်ကို လစ်ဗျားရေတပ်က ကယ်တင်ခဲ့သည်ဟု ဩဂုတ် ၂၉ ရက်တွင် ပြောကြားသည်။ ကမ်းရိုးတန်းစောင့် ကင်းလှည့်တပ်ဖွဲ့သည် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၄၀၃ ဦးကို ကယ်တင်နိုင်ခဲ့သည်ဟု လစ်ဗျားရေတပ်မှ ပြောရေးဆိုခွင့်ရှိသူ အာရို့ဘ် ကက်ဆမ်က ပြောသည်။

မြို့တော် ထရီပိုလီနှင့် ၁၂၀ ကီလိုမီတာအကွာရှိ ကမ်းရိုးတန်းမြို့ဖြစ်သည့် ခွန်စ်မြို့တွင် ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

လက်ရှိ ကယ်ဆယ်ထားသည့် လူပေါင်း ၄၀၃ ဦးမှာ အာဖရိကမှဖြစ်ကြောင်း၊ ၎င်းတို့အားလုံးကို လက်ခံရေးစင်တာသို့ ပို့ဆောင်ပေးထားကြောင်း သိရသည်။

လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်း ခွန်စ်မြို့မှထွက်ခွာလာပြီးနောက် ပင်လယ်ပြင်တွင် လူ ၄၀ ခန့် ပျောက်ဆုံးသွားသည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးက ပြောသည်။

လစ်ဗျားနိုင်ငံသည် ဥရောပသို့ သွားရောက်မည့်သူများအတွက် အဓိကဖြတ်သန်းရာလမ်းကြောင်းလည်းဖြစ်သည်။ လစ်ဗျားနိုင်ငံတွင် နိုင်ငံရေးအရ ပဋိပက္ခများကြောင့် ရှုပ်ထွေးနေသည့်အတွက် ဥရောပသို့ဝင်ရောက်ရန် မြေထဲပင်လယ်ကို ဖြတ်ကျော်လာသည့် ရွှေ့ပြောင်းနေထိုင်သူများအတွက် လုံခြုံစိတ်ချရသည့်နေရာမဟုတ်ဟု သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**

# ထောက်လှမ်းရေးသတင်းအချက်အလက်မျှဝေရေး သဘောတူညီချက်ကို သက်တမ်းတိုးရန် တောင်ကိုရီးယားကို အမေရိကန် တောင်းဆို

**ဝါရှင်တန် ဩဂုတ် ၃၀**

တောင်ကိုရီးယားသည် ဂျပန်နိုင်ငံနှင့် ချုပ်ဆိုထားသည့် ထောက်လှမ်းရေးသတင်းအချက်အလက် မျှဝေရေးသဘောတူညီချက်ကို သက်တမ်းတိုးရန် အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန အကြီးတန်းအရာရှိတစ်ဦးက တောင်းဆိုလိုက်သည်။

အာရှ-ပစိဖိတ်ရေးရာ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး ရန်ဒေါ်ရှရိုက်ဗာက ဝါရှင်တန်မြို့တွင် ပြုလုပ်ခဲ့သော ဟောပြောပွဲတစ်ခုတွင် ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စကိုလည်း ပြောကြားခဲ့သည်။

စစ်ဘက် သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ အထွေထွေသဘောတူညီချက်ကို အဆုံးသတ်ရန် တောင်ကိုရီးယားနိုင်ငံ၏ဆုံးဖြတ်ချက်ကို ရည်ညွှန်းပြီး အဆိုပါဆုံးဖြတ်ချက်သည် အမေရိကန်နိုင်ငံ၏လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားအပေါ် မလိုလားအပ်သည့် ဂယက်ရိုက်မှုများရှိလာနိုင်ကြောင်း ပြောကြားလိုက်သည်။

ထို့အပြင် အဆိုပါသဘောတူညီချက်ကိုသက်တမ်းတိုးရန် တောင်ကိုရီးယားကို အမေရိကန်ကတောင်းဆိုလိုက်ပြီး နှစ်နိုင်ငံကြား ကွဲပြားခြားနားမှုများအား ဖြေရှင်းနိုင်ရေးအဓိပ္ပာယ်ရှိသည့် စကားဝိုင်းတွင် ပါဝင်ဆွေးနွေးရန် ဂျပန်နှင့် တောင်ကိုရီးယားနှစ်ဖက်စလုံးကို တိုက်တွန်းထားပြီဖြစ်ကြောင်း မစ္စတာ ရှရိုက်ဗာက ပြောကြားခဲ့သည်။

စစ်ဘက်သတင်းအချက်အလက် လုံခြုံရေးဆိုင်ရာ အထွေထွေသဘောတူညီချက်ကိုအဆုံးသတ်ခဲ့လျှင် သုံးနိုင်ငံကြား သတင်းအချက်အလက်နှင့် ထောက်လှမ်းရေးဆိုင်ရာ မျှဝေမှုများတွင် ကစဉ့်ကလျားဖြစ်သွားနိုင်ကြောင်း ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နှင့်တောင်ကိုရီးယားတို့၏ ချောင်ပိတ်မိနေသောအခြေအနေကိုကူညီရန် အာဆီယံနိုင်ငံများကိုသမ္မတ မွန် တိုက်တွန်း

**ဆိုးလ် ဩဂုတ် ၃၀**

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းသည် တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်တို့ ဆွေးနွေးညှိနှိုင်းရေးအတွက် အကူအညီပေးကြရန် အရှေ့တောင်အာရှနိုင်ငံများကို တောင်းဆိုခဲ့သည်။

သမ္မတ မွန် သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ထိုင်း၊ မြန်မာ၊ လာအို နိုင်ငံများသို့ စက်တင်ဘာ ၁ ရက်မှစတင်ကာ အလည်အပတ်သွားရောက်မည်ဖြစ်သည်။

အဆိုပါခရီးစဉ်မတိုင်မီ ဗန်ကောက်ပို့စ်နှင့် အင်တာဗျူးပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားအပေါ် ဂျပန်၏ ပို့ကုန်များ ကန့်သတ်မှုကို ရည်ရွယ်ကာ ဂျပန်နိုင်ငံသည် အတိတ်ကာလ ဖြစ်ရပ်များကြောင့် အကြောင်းမဲ့သက်သက် စီးပွားရေးတွင် လက်တုံ့ပြန်မှုများ ပြုလုပ်မည်ကို စိုးရိမ်မိသည်ဟု သမ္မတမွန်က ပြောကြားခဲ့သည်။

တောင်ကိုရီးယား၏ ရပ်တည်ချက်မှာ သမိုင်းတွင်ဖြစ်ပျက်ခဲ့သည့်ကိစ္စများကို စီးပွားရေးနှင့် မရောထွေးသင့်ဟု ထင်မြင်ကြောင်း ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံမှ ပို့ကုန်ကန့်သတ်ချက်များ ပြုလုပ်လိုက်သည့်အတွက် အကျိုးဆက်ကို တောင်ကိုရီးယားနိုင်ငံသာမက တစ်ကမ္ဘာလုံးခံစားရမည်ဖြစ်ကြောင်းလည်း သမ္မတ မွန် က ဆက်လက်ပြောကြားခဲ့သည်။

အာဆီယံနိုင်ငံများသည် တောင်ကိုရီးယားနှင့် ဂျပန်တို့၏ ရင်းနှီးသည့် မိတ်ဖက်နိုင်ငံများ ဖြစ်ကြကြောင်း ထို့ကြောင့် တောင်ကိုရီးယားနှင့် ဂျပန်တို့၏ ချောင်ပိတ်မိနေသော အခြေအနေမှ ရုန်းထွက်နိုင်အောင်အကူအညီပေးကြရန် အာဆီယံနိုင်ငံများကို ၎င်းက တိုက်တွန်းခဲ့သည်။

ယခုလအစောပိုင်းတွင် တောင်ကိုရီးယားသည် ထိုင်းနိုင်ငံ၌ကျင်းပသည့် အာဆီယံဆက်စပ် အစည်းအဝေးတွင် ပို့ကုန်ကန့်သတ်ချက်များ တိုးမြှင့်မှုကို တင်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**




တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း။

# အမေရိကန်ကျူးကျော်ပြီး ဆယ့်စုနှစ်နှစ်စုနီးပါးကြာပြီးနောက် ဖြစ်ပေါ်နေတဲ့အာဖဂန်အခြေအနေ

**ထွန်းသစ်စ**



အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုအပြီး အမေရိကန်ပြည်ထောင်စုဟာ အယ်လ်ခိုင်ဒါကိုရှင်းထုတ်ဖို့ အာဖဂန်နစ္စတန်ထဲကို ၂၀၀၁ ခုနှစ်ကတည်းက ကျူးကျော်ဝင်ရောက်ခဲ့တာ အခုဆိုရင် ဆယ်စုနှစ် နှစ်စုနီးပါး တောင်ရောက်လာပြီဖြစ်ပါတယ်။ အကယ်၍ တာလီဘန်တွေနဲ့ သဘောတူညီမှုတစ်ခုရရှိခဲ့ပါက အာဖဂန်နစ္စတန်မှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်အင်အားကို ၁၃၀၀၀ ကနေ ၈၆၀၀ အထိ လျှော့ချဖို့လည်း အမေရိကန်က ကြေညာထားပါတယ်။

**အကြမ်းဖက်စစ်ပွဲဆင်နွှဲ**

အမေရိကန်ပြည်ထောင်စုရဲ့မြို့တော်တွေဖြစ်တဲ့ နယူးယောက်နဲ့ ဝါရှင်တန်မှာ လူပေါင်း ၃၀၀၀ နီးပါးသေဆုံးခဲ့တဲ့ ၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်ခံရမှုမတိုင်ခင် အောက်တိုဘာ ၇ ရက်က အမေရိကန်သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်ဟာ အာဖဂန်နစ္စတန်မှာ စစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲခဲ့ပါတယ်။

အာဖဂန်နစ္စတန်ဟာ အခြေခံအားဖြင့် တာလီဘန်အစိုးရအုပ်ချုပ်ပြီး အိုစမာဘင်လာဒင်နဲ့ သူ့ရဲ့အယ်လ်ခိုင်ဒါလှုပ်ရှားမှုတွေကြီးစိုးနေတဲ့ အချိန်လည်းဖြစ်ပါတယ်။ ၉/၁၁ တိုက်ခိုက်မှုကိုတော့ သူတို့ရဲ့ လုပ်ရပ်လို့ စွပ်စွဲခဲ့ပါတယ်။ သူတို့ဟာ အမေရိကန်ကို အကြမ်းဖက်စစ်ပွဲအသွင် စစ်ဆင်ရေးဆင်နွှဲခဲ့တာဖြစ်ပါတယ်။

**တာလီဘန်တွေကိုတိုက်ခိုက်**

အဲဒီကိစ္စဖြစ်ပြီးများမကြာမီ ရက်သတ္တပတ်တွေအတွင်းမှာ အမေရိကန်ဦးဆောင်တဲ့တပ်ဖွဲ့တွေဟာ တာဘီဘန်ကို ချေမှုန်းဖို့ စစ်ပွဲတွေဆင်နွှဲခဲ့ပါတယ်။

လေကြောင်းတိုက်ခိုက်မှုတွေတင်မကဘဲ အမေရိကန်ဟာ အာဖဂန်မြောက်ပိုင်းမဟာမိတ်တွေရဲ့ အကူအညီကို ပါယူပြီး တာလီဘန်တွေကို တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီလို တိုက်ခိုက်တဲ့အခါမှာ အထူးတပ်ဖွဲ့တွေနဲ့ စီအိုင်အေတပ်ဖွဲ့ဝင်တွေကလည်း ပူးပေါင်းပါဝင်ခဲ့ပါတယ်။

**တပ်ဖွဲ့ဝင်တွေထပ်မံတိုးမြှင့်**

၂၀၀၁ခုနှစ် နိုဝင်ဘာလမှာ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ခန့်ဟာ အာဖဂန်မြေပေါ်ရောက်ရှိလာပြီး နောက်တစ်နှစ်မှာတော့ အမေရိကန်တပ်ဖွဲ့ဝင်အင်အားဟာ ၁၀၀၀၀အထိ တိုးမြှင့်ရောက်ရှိလာပါတယ်။

အမေရိကန်တပ်ဖွဲ့တွေဟာ ဆက်ဒမ်ဟူစိန်အာဏာရှင်အစိုးရကိုဖြုတ်ချဖို့ ၂၀၀၃ ခုနှစ်မှာ အီရတ်ကို ကျူးကျော်ဝင်ရောက်လာတဲ့အခါ သူတို့ရဲ့ ကျူးကျော်မှုတွေကို အာဖဂန်နစ္စတန်တွေ သတိမထားမိအောင် အာရုံပြောင်းထားချင်တဲ့ ရည်ရွယ်ချက်ရှိခဲ့ပါတယ်။

တာလီဘန်နဲ့ တခြားအစ္စလာမ္မစ်အဖွဲ့တွေဟာ အာဖဂန်တောင်ပိုင်းနဲ့ အရှေ့ပိုင်းမှာ အုပ်စုတွေဖွဲ့စည်းထားကြပါတယ်။ အဲဒီဒေသတွေဟာ သူတို့အတွက် သွားလာရလွယ်ကူပြီး အကြမ်းဖက်သောင်းကျန်မှုတွေကို အလွယ်တကူလည်း ပြုလုပ်နိုင်ပါတယ်။

၂၀၀၈ ခုနှစ်မှာ အာဖဂန်နစ္စတန်မှာရှိတဲ့ အမေရိကန်စစ်ဌာနက နောက်ထပ်လူအင်အားတွေ ထပ်တောင်းလိုက်တဲ့အခါမှာ အမေရိကန်သမ္မတ ဘုရှ်က နောက်ထပ်တပ်ဖွဲ့ဝင်တွေ ထပ်မံစေလွှတ်လိုက်ပါတယ်။ စုစုပေါင်းအမေရိကန်တပ်ဖွဲ့ဝင်အင်အား ၄၈၅၀၀ ဟာ အဲဒီမှာ ဖြန့်ကြက်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

**တိုးမြှင့်ပြီး ဖြန့်ကြက်မှုတွေလုပ်ဆောင်ခဲ့**

၂၀၀၉ ခုနှစ် အမေရိကန်သမ္မတ ဘားရက်အိုဘားမား လက်ထက်မှာတော့ အမေရိကန်တပ်ဖွဲ့ဝင်အင်အား ၆၈၀၀၀ အထိ တိုးမြှင့်ပြီး ဖြန့်ကြက်မှုတွေလုပ်ဆောင်ခဲ့ပါတယ်။ ဘားရက်အိုဘားမားဟာ အီရတ်နဲ့ အာဖဂန်စစ်ပွဲတွေကို အဆုံးသတ်ပေးမယ်ဆိုပြီး ရွေးကောက်ပွဲကတိတွေနဲ့အတူ အမေရိကန်နိုင်ငံရဲ့သမ္မတတစ်ယောက်ဖြစ်လာခဲ့တဲ့သူပါ။ ဒီဇင်ဘာမှာ အမေရိကန်သမ္မတဟာ အာဖဂန်နိုင်ငံမှာ နောက်ထပ်အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ ထပ်မံစေလွှတ် ဖြန့်ကြက်စေလိုက်ပါတယ်။

ရည်ရွယ်ချက်ကတော့ ကြီးထွားလာတဲ့ တာလီဘန်သောင်းကျန်းသူတွေကို နှိမ်နင်းဖြိုခွဲဖို့နဲ့ အာဖဂန်တိုင်းပြုပြည်ပြုအဖွဲ့အစည်းတွေ အင်အားကောင်းလာအောင် လုပ်ဆောင်ဖို့ပဲဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်အရောက်မှာတော့ အာဖဂန်နစ္စတန်မှာ နိုင်ငံခြားသားတပ်ဖွဲ့ဝင်အင်အား ၁၅၀၀၀၀ ကျော်ကို တပ်ဖြန့်လိုက်ပါတယ်။ အဲဒီထဲမှာ အမေရိကန်တပ်ဖွဲ့ဝင်အင်အား ၁၀၀၀၀၀ အထိ ပါဝင်လာပါတယ်။

**ဘင်လာဒင်ကိုသုတ်သင်**

၂၀၁၁ ခုနှစ် မေ ၂ ရက်မှာ ပါကစ္စတန်မှာပြုလုပ်တဲ့ အမေရိကန်အထူးတပ်ဖွဲ့တွေရဲ့ စစ်ဆင်ရေးမှာ ဘင်လာဒင်ကို သုတ်သင်နိုင်ခဲ့ပါတယ်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာ နေတိုးမဟာမိတ်တွေဟာ အာဖဂန်နစ္စတန်မှာ စစ်ဆင်ရေးဆင်နွှဲမှုကို အဆုံးသတ်ခဲ့ပါတယ်။ သို့သော်လည်း အစောပိုင်းလအနည်းငယ်လောက်က ထားရှိခဲ့တဲ့ သဘောတူညီချက်အရ နိုင်ငံခြားသားတပ်ဖွဲ့ဝင် ၁၂၅၀၀ ကို အာဖဂန်တပ်ဖွဲ့ဝင်တွေ လေ့ကျင့်ပေးဖို့နဲ့ အကြမ်းဖက်တန်ပြန်စစ်ဆင်ရေးတွေ ဘယ်လိုဆင်နွှဲရမလဲဆိုတာကို လေ့ကျင့်ပေးဖို့ အာဖဂန်မှာဆက်လက်ထားရှိပါတယ်။ အဲဒီထဲမှာ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက် ၉၈၀၀ ရှိပါတယ်။

**အိုင်အက်စ်တွေ တစ်စခန်းထလာ**

တာလီဘန်သောင်းကျန်းသူတွေ ကြီးစိုးခဲ့ချိန်က အာဖဂန်နစ္စတန်ရဲ့ လုံခြုံရေးဟာ ယိမ်းယိုင်ခဲ့ပါတယ်။ ထို့အတူပဲ ၂၀၁၅ ခုနှစ် အစောပိုင်းမှာ အိုင်အက်စ်စစ်သွေးကြွတွေဟာလည်း ထကြွသောင်းကျန်းလို့ လာခဲ့ပါတယ်။

၂၀၁၆ ခုနှစ် ဇူလိုင်လမှာ အမေရိကန်သမ္မတ အိုဘားမားဟာ အမေရိကန်တပ်ဖွဲ့ဝင်တွေဆုတ်ခွာတာကို ဖြည်းဖြည်းသာဆုတ်ခွာဖို့ စီစဉ်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ အမေရိကန်တပ်ဖွဲ့ဝင်အင်အား ၈၄၀၀ အထိ ဆက်လက်ကျန်ရှိနေပါသေးတယ်။

၂၀၁၅ ခုနှစ် အောက်တိုဘာလ အရှေ့မြောက်ပိုင်းပြည်နယ် ကွန်ဒူးဇ်အတွက်အပြင်းအထန်တိုက်ပွဲဖြစ်ပွားနေချိန် အမေရိကန်က နယ်စည်းမခြားဆရာဝန်ဆေးရုံကို လေကြောင်းတိုက်ခိုက်မှုတွေ လုပ်ဆောင်ခဲ့တာ လူပေါင်း ၄၂ ဦး သေဆုံးခဲ့ပါတယ်။ အဲဒီထဲမှ ၂၄ ဦးဟာ လူနာတွေဖြစ်ပါတယ်။

၂၀၁၇ခုနှစ် ဧပြီလမှာ အမေရိကန်စစ်ဘက်က နျူကလီးယားဗုံးမဟုတ်တဲ့ ဗုံးအကြီးကြီးတွေကြဲချပါတယ်။ အဲဒီလို ဗုံးမျိုးတွေကို အိုင်အက်စ်ချိတ်ဆက်မှုတွေလုပ်နိုင်တဲ့ အာဖဂန်အရှေ့ပိုင်းမှာရှိတဲ့ တူးမြောင်းတွေနဲ့ ဂူတွေကိုတိုက်ခိုက်တဲ့အခါမှာပဲ အသုံးပြုတာဖြစ်ပါတယ်။ အဲဒီလို ဗုံးကြီးတွေကြဲချတဲ့အတွက် ဂျီဟတ် ၉၆ ဦး သေဆုံးခဲ့ပါတယ်။

**အာဖဂန်တိုက်ခိုက်မှုတွေ မြင့်နေဆဲ**

၂၀၁၇ ခုနှစ် ဩဂုတ်လမှာ အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရမ့်ဟာ အမေရိကန်တွေပြန်ဆုတ်မယ့်အစီအစဉ်တွေနဲ့ပတ်သက်ပြီး အနည်းငယ်ဘဝင်မကျဖြစ်ကာ နောက်ထပ် တပ်ဖွဲ့ဝင်တွေကို ထပ်မံစေလွှတ်လိုက်ပါတယ်။ နိုဝင်ဘာလလယ်လောက်မှာတော့ အာဖဂန်မှာရှိပြီးသား တပ်ဖွဲ့ဝင်အရေအတွက် ၁၁၀၀၀ ကို ထပ်မံအားဖြည့်ဖို့ တပ်ဖွဲ့ဝင်အရေအတွက် ၃၀၀၀ ထပ်မံစေလွှတ်လိုက်ပါတယ်။

မည်သို့ပင်ဆိုစေ အာဖဂန်တပ်ဖွဲ့ဝင်တွေကို ဆန့်ကျင်တဲ့ တိုက်ခိုက်မှုတွေကတော့ မြင့်တက်နေဆဲဖြစ်ပါတယ်။ ထို့အပြင် အမေရိကန်ပြည်ထောင်စုဟာ လေကြောင်းတိုက်ခိုက်မှုတွေကို တိုးမြှင့်လုပ်ဆောင်ခဲ့ပါတယ်။

**ဆွေးနွေးမှုလုပ်ဆောင်**

၂၀၁၈ခုနှစ် နှစ်လယ်မှာ အမေရိကန်နဲ့ တာလီဘန်ကိုယ်စားလှယ်များဟာ အာဖဂန်နစ္စတန်မှာရှိတဲ့ အမေရိကန်တပ်ဖွဲ့တွေတည်ရှိမှုကို လျှော့ချမှုနဲ့ပတ်သက်ပြီး ဒိုဟာမှာ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။

အပြန်အလှန်အားဖြင့် တာလီဘန်တွေဟာ တိုင်းပြည်ကို ဂျီဟတ်အဖွဲ့တွေနဲ့ အယ်လ်ခိုင်ဒါအဖွဲ့တွေအတွက် နိဗ္ဗာန်ဘုံအဖြစ် အသုံးမပြုနိုင်ရေး ကာကွယ်မှုတွေပြုလုပ်ဖို့ အမေရိကန်က တောင်းဆိုလိုက်ပါတယ်။ ထို့အပြင် အပစ်ရပ်စဲရေးအတွက်လည်း ဆွေးနွေးမှုတွေလုပ်ခဲ့ပြီး ကဘူးလ်အစိုးရနဲ့လည်း တွေ့ဆုံဆွေးနွေးဖို့ လမ်းဖွင့်ပေးထားပါတယ်။

ဒီအခြေအနေတွေဟာ အမေရိကန်က အာဖဂန်ကို ကျူးကျော်ပြီး ဆယ်စုနှစ် နှစ်စုနီးပါးအကြာမှာ ဖြစ်ပွားခဲ့တာပဲဖြစ်ပါတယ်။ ။

**ကိုးကား အေအက်ဖ်ပီ**

# နိုင်ငံတကာသတင်းတိုထွာ

## အိန္ဒိယနိုင်ငံတွင် ပလတ်စတစ်အသုံးပြုမှုကို အောက်တိုဘာ ၂ ရက်မှစတင်ပြီး ရပ်တန့်ရန် ဝန်ကြီးချုပ် တိုက်တွန်း

**နယူးဒေလီ ဩဂုတ် ၃၀**

အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီက နိုင်ငံအတွင်း လာမည့် အောက်တိုဘာ ၂ ရက်မှစကာ ပလတ်စတစ်အသုံးပြုမှုရပ်တန့်ရန် ပြည်သူများအား တိုက်တွန်းပြောကြားခဲ့သည်။

အိန္ဒိယလေကြောင်းလိုင်းပိုင် အဲယားအိန္ဒိယ (အေအိုင်) လေကြောင်းလိုင်းက အလိုင်းယန့်အဲယားလေကြောင်းလိုင်းနှင့် အဲယားအိန္ဒိယအိတ်စ်ပရက်စ်လေကြောင်းလိုင်းတို့တွင် လာမည့်အောက်တိုဘာ ၂ရက်မှစပြီး ပလတ်စတစ်အသုံးပြုမှုကို တားမြစ်မည်ဖြစ်ကြောင်း နိုင်ငံပိုင် အောအိန္ဒိယရေဒီယိုက ယမန်နေ့တွင် သတင်းထုတ်လွှင့်ခဲ့သည်။

ပလတ်စတစ်လက်ဖက်ရည်ခွက်နေရာတွင် စက္ကူခွက်နှင့် အစားထိုးမည်ဖြစ်ပြီး အခြားပလတ်စတစ်ခွက်များနေရာတွင်လည်း စက္ကူခွက်များကို အစားထိုးသွားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြခဲ့သည်။

အဲယားအိန္ဒိယ အိတ်စ်ပရက်စ်လေကြောင်းလိုင်းသည် အိန္ဒိယနိုင်ငံ၏ တန်ဖိုးနည်းလေကြောင်းလိုင်းတစ်ခုဖြစ်သည်။ အလိုင်းယန့်အဲယားလေကြောင်းလိုင်းသည် အိန္ဒိယနိုင်ငံ၏ ဒေသတွင်းလေကြောင်းလိုင်းတစ်ခုဖြစ်သည်။ **ဆင်ဟွာ**

## ကိုလံဘီယာတော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့တိုက်ခိုက်မှုပြန်လည်ပြုလုပ်မည်

**ဘိုဂိုတာ ဩဂုတ် ၃၀**

ကိုလံဘီယာနိုင်ငံ၏ လက်နက်ကိုင်သူပုန်အဖွဲ့ဟောင်းဖြစ်သော ကိုလံဘီယာတော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့ (ဖာ့စ်)၏ဆွေးနွေးညှိနှိုင်းရေးမှူး ခေါင်းဆောင်ဟောင်းတစ်ဦးက တိုက်ခိုက်မှုများ ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ပြန်လည်တိုက်ခိုက်မည်**

ဆွေးနွေးညှိနှိုင်းရေးမှူးခေါင်းဆောင်ဟောင်း အီဗန်မာကွက်ဇ်က ၎င်းအနေဖြင့် အခြားသော ဖာ့စ်သူပုန်အဖွဲ့ခေါင်းဆောင်ဟောင်းများနှင့်အတူ ပြန်လည်တိုက်ခိုက်မှုပြုလုပ်ရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မာကွက်ဇ်က ကိုလံဘီယာအစိုးရသည် ငြိမ်းချမ်းရေးစာချုပ်ပါ သဘောတူညီချက်များကို လိုက်နာမှုမလုပ်ခဲ့ကြောင်းနှင့် လက်နက်ကိုင်သူပုန်တပ်ဖွဲ့ဝင်အများအပြား လက်နက်စွန့်လွှတ်ခဲ့ကြပြီဖြစ်ကြောင်း ရုပ်မြင်သံကြားတစ်ခုတွင် ပြောကြားသည်။

မာကွက်ဇ်က ကိုလံဘီယာနိုင်ငံအလယ်ပိုင်း ဖာ့စ်လက်နက်ကိုင်အဖွဲ့ပေါက်ဖွားရာ ဒုတိယမာကွက်တလီယာဒေသသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းအကာအကွယ်အောက်တွင် ရှိနေကြောင်းနှင့် ယင်းအခွင့်အရေးမှာ ကမ္ဘာ့ပြည်သူများအား ဖိနှိပ်ချုပ်ချယ်မှုကို လက်နက်ကိုင်တွန်းလှန်ရန် ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ရုပ်မြင်သံကြားတစ်ခုတွင် မာကွက်ဇ်က ဖာ့စ်အဖွဲ့ခေါင်းဆောင်ဟောင်းများဖြစ်သော ဂျီးဆက်ဆန်ထရစ်ရှ်နှင့် ဟာနန်ဒါရီယိုဗီလန်ကွက်ဇ်တို့၏ ကြေညာချက်ကို ဖတ်ကြားခဲ့သည်။

**အေအက်ဖ်ပီ၊ဆင်ဟွာ**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းပြင်ပမူလတန်းပညာရေး ဖွင့်ပွဲအခမ်းအနား တက်ရောက်

**မကွေး ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေး ဖွင့်ပွဲအခမ်းအနားကို မကွေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပန်းဟေဝန်ခန်းမ၌ ယမန်နေ့ကကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းပြင်ပမူလတန်းပညာရေးသည် မူလတန်းပညာကို ကျောင်းပြင်ပ ပညာရေးနည်းနှင့်ရရှိစေသော ပညာရေးဖြစ်ကြောင်း၊ ပုံမှန်ကျောင်းစနစ်တွင် ကျန်ရစ်ခဲ့သည့် အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း ရှိနေကြသော ကလေးများကို ရှာဖွေစုဆောင်းပြီး ပညာပေးနေသည့် အစီအစဉ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေဖူးသေးသူ၊ ကျောင်းနေဖူးသော်လည်း မူလတန်းအဆင့်မပြီးဆုံးမီ ကျောင်းစောထွက်ခဲ့သူ အသက် ၁၀ နှစ်မှ ၁၄ နှစ်အထိ ကလေးသူငယ်တွေ သန်းနှင့်ချီ၍ ရှိနေကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များအရ မြန်မာနိုင်ငံတွင် ကလေးသူငယ်ဦးရေ ၂ ဒသမ ၇ သန်း ကျောင်းပြင်ပကို ရောက်ရှိနေသည့် ကလေးများအားလုံးကို မူလတန်းပညာရရှိအောင်ဆောင်ရွက်ရာတွင် ကျောင်းပြင်ပ ပညာရေးနည်းလမ်းကို အသုံးပြုရခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်အနက် မကွေး၊ ပေါက်၊ အောင်လံ၊ မြိုင်နှင့် စလင်းစသည့် မြို့နယ် ငါးမြို့နယ်သာ ကျောင်းပြင်ပမူလတန်း ပညာရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြို့နယ် ၂၀ တွင် ဆောင်ရွက်နိုင်မှု မရှိသေးကြောင်း၊ ကျန်နေသည့် မြို့နယ်များတွင် မူလတန်းအဆင့်မပြီးဆုံးသေးဘဲ ကျောင်းပြင်ပကိုရောက်ရှိနေသည့် အသက် ၁၀ နှစ်မှ ၁၄ နှစ် အရွယ်ကလေး ရှိမရှိစနစ်တကျစာရင်းကောက်ယူရန် ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်ကို မဖြစ်မနေဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဆရာကြီး ဦးတင်ဌေးနှင့် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာနမှ ဗဟိုကြီးကြပ်ရေးမှူး ဒေါ်မေစီအုန်းမောင်တို့က အမှာစကားပြောကြားကာ တိုင်းဒေသကြီးပညာရေးမှူး ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ခင်သန်းဦးက ကျောင်းပြင်ပမူလတန်းပညာရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ကျောင်းပြင်ပမူလတန်းပညာရေးဖွင့်ပွဲတွင် ပြသထားသည့် ပြခန်းများကို ကြည့်ရှုစဉ်။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ရှမ္မတွင်းကျေးရွာအုပ်စု၌ ရေကြီးရေလျှံဖြစ်ပေါ်နေမှု ကွင်းဆင်းကြည့်ရှု

**ထားဝယ် ဩဂုတ် ၃၀**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းနှင့်အဖွဲ့သည် ဩဂုတ် ၂၈ ရက်က ထားဝယ်မြို့ ရှမ္မတွင်းကျေးရွာအုပ်စု ကရင်မကုန်းကျေးရွာ၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျေးရွာအတွင်း ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှု အခြေအနေနှင့် ကရင်မကုန်း အခြေခံပညာမူလတန်းကျောင်းဆောင်အတွင်း ရေဝင်ရောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှမ္မတွင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေကြီးရေလျှံဖြစ်ပေါ်ခဲ့သည့် နေရာများနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အပြင် နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများက ထောက်ပံ့ပေးလျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည့် နေရာများအား စားနပ်ရိက္ခာများနှင့် ငွေကြေးများ ထောက်ပံ့နိုင်ရေးတို့ကို ဆောင်ရွက်ထားရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် မလွဲတောင်လမ်းပိုင်း၌ ပျက်စီးသွားသော နေရာများအား အဓိကထားဦးစားပေး ပြင်ဆင်ဆောင်ရွက်ပေးခဲ့သဖြင့် ခရီးသွားလာမှုများ အမြန်ဆုံးပြန်လည်သွားလာနိုင်ပြီး ကုန်စျေးနှုန်းများလည်း အတိုင်းအတာတစ်ခုအထိ ထိန်းထားနိုင်ခဲ့ကြောင်း၊ ရှမ္မတွင်းကျေးရွာသည် နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည်ကို သိရှိရပြီး လာမည့်နှစ်များတွင် ရေကြီးနစ်မြုပ်မှုအား ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အတွက် လာရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးက ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသည့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို တင်ပြကြရာ တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တာမွေမြို့နယ် ကျောက်မြောင်းဈေး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုချက်ရန်ပုံငွေဖြင့် ဇူလိုင် ၂၁ ရက်က စတင်ဆောင်ရွက်ခဲ့သည့် တာမွေမြို့နယ် ဗျိုင်း (ရွာမ) ရပ်ကွက် ကျောက်မြောင်းဈေး လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက်က အဆိုပါလမ်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တိုင်ကြားစာများ စိစစ်ရေးကော်မတီဝင် ဦးတိုးဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ကော်မတီဝင် ဦးလှသိန်းနှင့် ဦးသိန်းမြင့်တို့က အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်အေးနှင့် မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးလင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို ဂုဏ်ပြုပေးအပ်ပြီးနောက် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ကွန်ကရစ်လမ်းသစ်ကို ဖွင့်လှစ်ပေးသည်။ ကျောက်မြောင်းဈေးလမ်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းတံတား) မှ တာဝန်ယူဆောင်ရွက်ပေးကာ လမ်းသာယာရေးကော်မတီမှ ပံ့ပိုးကူညီပေးသည်။ လမ်းမကြီးမှာ အလျား ၉၂၃ ပေ၊ လမ်းအကျယ် ၁၈ ပေ၊ ထု ခြောက်လက်မရှိပြီး လမ်းပခုံးသားမှာ ဘယ်ညာတစ်ဖက်လျှင် နှစ်ပေ ရှစ်လက်မစီရှိကြောင်း၊ လမ်းဝဲယာရှိ ရေမြောင်းများကို အုတ်ကြမ်းပြင်ပေါ်သည်အထိ အမှိုက်များကို ရှင်းလင်းဆယ်ယူခြင်း၊ ရေဆိုးများစုပ်ထုတ်ခြင်း၊ သတ်မှတ်ထားသည့် နေရာများတွင် LED လမ်းမီးများ သွယ်တန်းခြင်းတို့ကို လမ်းသူလမ်းသားများမှ ပံ့ပိုးကူညီဆောင်ရွက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ချင်းပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတက်ရောက်

**ဟားခါး ဩဂုတ် ၃၀**

ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲခြင်း နောက်ဆုံးအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ချင်းပြည်နယ် ဟားခါးမြို့၌ ဩဂုတ် ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်ပြီးမြောက်ခြင်း အခမ်းအနားသို့ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ် တက်ရောက်ခဲ့သည်။

"ချင်းပြည်နယ်မှာ ပိုင်ဆိုင်ထားပြီးဖြစ်တဲ့ တောတောင်ရေမြေသဘာဝ အလှတွေ၊ သစ်ပင်ပန်းမန်တွေ၊ ရှားပါးတိရစ္ဆာန်တွေ၊ ထူးခြားတဲ့ပထဝီအနေအထားနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်တာနဲ့ အတူ ပြည်တွင်းပြည်ပမှ ခရီးသွားတွေ ပိုမိုလာရောက်စေရေး၊ ချင်းပြည်နယ် ခရီးသွားလုပ်ငန်းကို စနစ်တကျဖြင့် ရေရှည် အောင်မြင်စေရေးအတွက် လိုအပ်တဲ့ အသိပညာဗဟုသုတတွေ၊ လုပ်ငန်းစီမံချက်တွေ ချမှတ်အကောင်အထည်ဖော်နိုင်ရေး၊ အခြေခံအုတ်မြစ်ဖြစ်တဲ့ မဟာဗျူဟာတွေ၊ လုပ်ငန်းစဉ်တွေ ချမှတ်အကောင်အထည်ဖော်နိုင်ရေး အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆွေးနွေးပေးကြသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။



ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ် ချင်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

ပြည်နယ်အစိုးရနှင့် လွှတ်တော်အနေဖြင့်လည်း ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပြည်သူလူထု၏အကျိုးစီးပွားကို အကောင်းဆုံး အထောက်အကူပြု ပံ့ပိုးပေးနိုင်ရေး၊ လူနေမှုဘဝများ ပိုမိုတိုးတက်မြင့်မားလာစေရေး၊ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ချင်းပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးအောင်ဖြိုး၏ ပြောပြချက်အရ သိရသည်။

ချင်းပြည်နယ်၏ခရီးသွားလုပ်ငန်းကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ၂၀၂၀-၂၀၂၅ စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းအတွက် အကြိုညှိနှိုင်းအစည်းအဝေးများကို ဖလမ်းမြို့၊ တီးတိန်မြို့၊ မင်းတပ်မြို့နှင့် ကန်ပက်လက်မြို့များတွင် ဆွေးနွေးခဲ့ကြပြီး ဟားခါးမြို့ Carson Hall တွင် နောက်ဆုံးအဆင့် နှစ်ရက်ကြာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အတွင်း အင်တာနက်ဝန်ဆောင်မှု ဆောင်ရွက်မည့် ဆက်သွယ်ရေးကုမ္ပဏီ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**လွိုင်ကော် ဩဂုတ် ၃၀**

ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် အမရာဆက်သွယ်ရေး ကုမ္ပဏီ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမရာဆက်သွယ်ရေးကုမ္ပဏီမှ ဒါရိုက်တာ ဦးကျော်နိုင်က ပြည်နယ်အတွင်း နေထိုင်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအတွက် အရည်အသွေးမြင့် အနန္တ 4G+ Internet ကို ဈေးနှုန်းသက်သက်သာသာဖြင့် ကွန်ရက်ရရှိသောနေရာများတွင် အချိန်နေရာမရွေးသုံးစွဲနိုင်ခြင်း၊ ပြည်နယ်အစိုးရအနေဖြင့် အောင်မြင်သော e-Government စနစ် အကောင်အထည်ဖော်ဆောင်ရာတွင် အဓိကလိုအပ်သော ဆက်သွယ်ရေးကွန်ရက်ကို ထောက်ပံ့ပေးနိုင်ခြင်း၊ အနန္တ 4G+ Internet ဆက်သွယ်ရေးကွန်ရက်ပေါ်တွင် ပြည်နယ်အစိုးရအဖွဲ့အတွက် သီးခြား Virtual Private Network တည်ဆောက်၍ Safe & Smart City ကို လုံခြုံမြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်နိုင်ခြင်း၊ မြန်မာနိုင်ငံသားပိုင် အင်တာနက်ကွန်ရက်ဖြစ်၍ အချက်အလက်များ လုံခြုံမှုရှိခြင်း၊ ရရှိသော အခွန်ဝင်ငွေဖြင့် ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအကောင်အထည်ဖော်ဆောင်နိုင်ခြင်း စသည့် အကျိုးများရရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမရာဆက်သွယ်ရေးကုမ္ပဏီ၏ လုပ်ငန်းများ မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မှာကြား၍ တာဝန်ရှိသူတို့က လိုအပ်သည်များကို ပူးပေါင်းညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လွိုင်ကော်သား**

# တနင်္သာရီမြို့ ရေဘေးသင့်ပြည်သူများသို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ လာရောက်လှူဒါန်း

**ကော့သောင်း ဩဂုတ် ၃၀** - တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ရေဘေးဒုက္ခခံစားကြုံတွေ့ကြရသည့် ပြည်သူများအား ကူညီနိုင်ရေး ဩဂုတ် ၂၈ ရက်က ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို ရနောင်းမြို့ဒေသတာဝန်ရှိသူများက လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ အဆိုပါ လှူဒါန်းမှုတွင် မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ ရနောင်းမြို့မှ ဒေသအာဏာပိုင်များ၊ အလှူရှင်များ၊ ထိုင်းရောက် မြန်မာနိုင်ငံသားများ စုပေါင်းလှူဒါန်းကြသည့် ဆန်နှင့် အသင့်စားတာရှည်ခံအစားအစာများ၊ စည်သွတ်ဘူးများ၊ အချိုရည်မျိုးစုံ၊ သောက်ရေသန့်ဘူးများနှင့် အဝတ်အထည်မျိုးစုံကို တနင်္သာရီမြို့နယ်အတွင်းရှိ ရေဘေးသင့်မိသားစုများအား ကူညီထောက်ပံ့ပေးနိုင်ရေး လာရောက်လှူဒါန်းရာ ကော့သောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းနှင့်တာဝန်ရှိသူများက လက်ခံရယူပြီး အဆိုပါ ကယ်ဆယ်ရေးပစ္စည်းများအား သဘာဝဘေးအန္တရာယ်ကူညီရေးအဖွဲ့(တနင်္သာရီမြို့နယ်) သို့ မော်တော်ယာဉ်များဖြင့် သွားရောက်လွှဲပြောင်းလှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ပြင်ဦးလွင်မြို့၌ ၂၀၀ ကေဗွီအေ ထရန်စဖော်မာအသစ်တစ်လုံး တိုးချဲ့တပ်ဆင်



**နေပြည်တော် ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ရည်မှန်းချက်များထဲမှ တစ်ခုအပါအဝင်ဖြစ်သော ဗို့အားပြည့်မီရေးကို အလေးထား ဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ပြင်ဦးလွင်မြို့ရှိ ရပ်ကွက်ကြီး (၆) နှင့် ရပ်ကွက်ကြီး (၂) တို့တွင် ဗို့အားပြည့်မီစေရေးအတွက် ရပ်ကွက်ကြီး (၆) ပိတောက်လမ်းတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာအသစ်တစ်လုံး တိုးချဲ့တည်ဆောက်တပ်ဆင်ပေးခဲ့ရာ ယမန်နေ့မှစတင်၍ ဓာတ်အားစတင် ဖြန့်ဖြူးပေးနိုင်ပြီ ဖြစ်သည်။

အဆိုပါ အသစ်တိုးချဲ့တည်ဆောက်ဖြန့်ဖြူးပေးခဲ့ခြင်းကြောင့် (၁၅) လမ်း ထရန်စဖော်မာ၊ ကရင်ကုန်းရပ်ကွက် ထရန်စဖော်မာများ၏ ဝန်အားတိုးတက်နေမှုကို လျှော့ချနိုင်ခဲ့ပြီး ပိတောက်လမ်း၊ (၁၅)လမ်း၊ ကရင်ကုန်းရပ်ကွက်များမှ ဓာတ်အားသုံးစွဲသူ ပြည်သူများ ဗို့အားပြည့်မီစွာသုံးစွဲနိုင်ရေး အတွက် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မောင်လူမော်**

# အသေးစားနှင့် အလတ်စား လုပ်ငန်း ၁၀၀ ကို ချေးငွေရရှိရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရက ထပ်မံရွေးချယ်ပေးသွားမည်

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစားနှင့် အလတ်စား လုပ်ငန်း ၁၀၀ ကို ချေးငွေရရှိရန် တိုင်းဒေသကြီးအစိုးရက ထပ်မံရွေးချယ် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ဩဂုတ် ၂၈ ရက်က တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပသည့် မီဒီယာတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး ဦးမြင့်သောင်းက ပြောကြားသည်။

"အသေးစားနှင့် အလတ်စား ၄၀၀၀၀ ကျော်ရှိပါတယ်။ အဲဒီထဲကနေပြီးတော့ potential ရှိတဲ့ အသေးစားနှင့် အလတ်စား ၁၀၀ ကိုရှာပြီးတော့ ရွေးခဲ့ပါတယ်။ အဲဒီထဲက ၄၀ ကျော် ချေးငွေရရှိပြီးဖြစ်တဲ့အတွက် ကုမ္ပဏီ ၆၀ ကျော်လောက်ကို ကျွန်တော်တို့ ထောက်ခံချက်ပေးရတယ်။ ထောက်ခံချက်ပေးတဲ့အခါမှာ အခုဆိုရင် သက်ဆိုင်ရာဘဏ်တွေနဲ့ ညှိနှိုင်းပြီးတော့ ချေးငွေရရှိရေးကို စီစဉ်ဆောင်ရွက်နေကြပါပြီ။ ပထမအဆင့် ၁၀၀ ရွေးတဲ့နေရာမှာ ၆၀ ကျော် လောက်ကို ချေးငွေစိစစ်ရေးကော်မတီက အတည်ပြုလိုက်ပါပြီ။ ဒုတိယအဆင့် အနေနဲ့လည်း နောက်ထပ် ၁၀၀ ပေးဖို့ အစီအစဉ်လုပ်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသောကြောင့် ထပ်မံ၍ ဒုတိယအကြိမ် အသေးစားနှင့် အလတ်စား လုပ်ငန်းရှင် ၁၀၀ကို ချေးငွေရရှိရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

"အဓိကကတော့ ကျွန်တော်တို့ အသေးစားနှင့် အလတ်စားလုပ်ငန်း ဆောင်ရွက်တဲ့သူတွေက ငွေစာရင်းသုံးစွဲမှု စာရင်းအင်းတွေနဲ့ ပတ်သက်ပြီး စနစ်တကျဖြစ်စေနိုင်ဖို့အတွက် အသိပညာပေးမှုတွေကိုလည်း အများကြီး ဆောင်ရွက်နေတယ်။ ဘာကြောင့်လဲဆိုရင် မိသားစုစီးပွားရေးလိုမျိုး လုပ်တာဖြစ်တဲ့အတွက် စာရင်းအင်းတွေကို ပြုစုဆောင်ရွက်တဲ့နေရာမှာ ချေးငွေတောင်းခံဖို့ ဆောင်ရွက်တဲ့စာရင်းအင်းမျိုးအထိ မဖြစ်လာတာမျိုးရှိပါတယ်။ ဒါမျိုးတွေကို စနစ်တကျ ဖြစ်လာဖို့အတွက် ဆက်လက်ဆောင်ရွက်နေပါတယ် " ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

ထိုသို့ အသေးစားနှင့် အလတ်စား လုပ်ငန်းများအား ချေးငွေထုတ်ချေးရာတွင် ပေါင်နှံပစ္စည်းပေးရသည့် ချေးငွေနှင့် ပေါင်နှံပစ္စည်း ပေးစရာ မလိုသည့် ချေးငွေဟူ၍ နှစ်မျိုးရှိပြီး ပေါင်နှံပစ္စည်း ပေးစရာ မလိုသည့် ချေးငွေဆိုပါက ကျပ်သိန်း ၂၀၀ မှ ကျပ်သိန်း ၅၀၀ ခန့်သာ ရရှိပြီး ပေါင်နှံပစ္စည်းပေးရသည့် ချေးငွေသည် ပေါင်နှံ ပစ္စည်းအပေါ်မူတည်ကာ ငွေကျပ်သိန်း ၂၀၀၀ မှ ကျပ်သိန်း ၃၀၀၀ ခန့်ရရှိနိုင်ကြောင်း တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးက ပြောကြားသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများကို ဘဏ်များအနေဖြင့် ချေးငွေထုတ်ချေးရာတွင် ဘဏ်၏မူဝါဒအရ ချေးငွေအပေါ် ပြန်ဆပ်နိုင် သည့် အင်အား၊ လုပ်ငန်းအောင်မြင်မှု အခြေအနေပေါ်မူတည်ကာ ထုတ်ချေးခြင်းဖြစ်ကြောင်း၊ ထိုသို့ ထုတ်ချေးရာတွင်လည်း ဘဏ်အတွင်းရှိ ငွေများကို ထုတ်ချေးသည့်အပြင် Two Step Loan ဖြင့် နိုင်ငံတကာချေးငွေများ ရယူကာ တစ်ဆင့်ပြန်လည် ထုတ်ချေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ ချေးငွေထုတ်ချေးမည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများတွင် အငယ်စား၊ အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ၊ ပန်းပု၊ ယွန်းထည်၊ ခရီးသွားလုပ်ငန်း၊ ငါးမွေးမြူရေးလုပ်ငန်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း စသည်တို့ကို ဦးစားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် အသေးစားနှင့် အလတ်စား လုပ်ငန်း ၄၀၀၀၀ ခန့်ရှိပြီး ယင်းအနက် ပထမအကြိမ် စီးပွားရေး အောင်မြင်မှု အလားအလာရှိနိုင်သည့် လုပ်ငန်းပေါင်း ၆၃ ခုကို ချေးငွေရရှိရေး ထောက်ခံချက်လက်မှတ်များ ထုတ်ပေးထားကြောင်း ရန်ကုန်တိုင်းဒေသ ကြီး အစိုးရအဖွဲ့၏ တတိယ(၁) နှစ်တာ ဆောင်ရွက်ချက်များ သတင်းစာရှင်းလင်းပွဲတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြောကြားသည်။

**ငြိမ်းငြိမ်း**

# ကမ်းလွန်လုပ်ကွက်အမှတ် M-12 တွင် 3D Marine Seismic Data Acquisition လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong) Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-12 တွင် 3D Marine Seismic Data Acquisition လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV.VESPUCCI (Call Sign : 5BXF2) ဖြင့် No.1 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၂ မိနစ် ၄၈ ဒသမ ၇၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀ မိနစ် ၀၉ ဒသမ ၆၃၅ စက္ကန့်၊ No.2 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၁ မိနစ် ၅၇ ဒသမ ၈၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၈ မိနစ် ၅၂ ဒသမ ၂၆၈ စက္ကန့်၊ No.3 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၁ မိနစ် ၅၆ ဒသမ ၅၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၃ မိနစ် ၀၀ ဒသမ ၆၆၃ စက္ကန့်၊ No.4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် ၄၅ ဒသမ ၅၀၂ စက္ကန့်၊ No.5 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၉ မိနစ် ၅၇ ဒသမ ၁၃၂ စက္ကန့်တွင် ၁၂-၉-၂၀၁၉ ရက်နေ့မှ ၃၀-၉-၂၀၁၉ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ ၁၂-၉-၂၀၁၉ ရက်နေ့မှ ၃၀-၉-၂၀၁၉ ရက်နေ့အထိလုပ်ငန်း ဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ရေယာဉ်မှ ၅ မိုင် ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဂန့်ဂေါမှ ရေရှားပါးသည့် ကျေးရွာငါးရွာ သောက်သုံးရေအဆင်ပြေပြီ

**ဂန့်ဂေါ ဩဂုတ် ၃၀** - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂန့်ဂေါမြို့နယ်ရှိ သောက်သုံးရေရှားပါးသည့် ကျေးရွာငါးရွာ၌ ၂၀၁၉ ခုနှစ်အတွင်း သောက်သုံးရေရရှိရေး ဆောင်ရွက်ရာ လုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဌာန၏ ခွင့်ပြုငွေဖြင့် တောင်ယာပြင်ကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့် ပေ ၂၀ရှိ စင်မြင့် ရေစင်ဆောက်လုပ်ခြင်း၊ တဇန်းကျေးရွာတွင် လေးမိုင်ရှည် စိမ့်စမ်းရေသွယ်လုပ်ငန်း ဆောင်ရွက်ခြင်း၊ စမိတ်ရွာတွင် လက်တူးတွင်းတူးဖော်ခြင်းနှင့် အမြင့် ပေ ၂၀ရှိ စင်မြင့်ရေစင်ဆောက်လုပ်ခြင်း၊ အန်းတားရွာတွင် ရေပိုက်လိုင်း နှစ်မိုင်သွယ်တန်းခြင်း၊ ခေါင်းတုံရွာတွင် လက်တွင်းတူးဖော်ခြင်းနှင့် စင်မြင့်ရေစင်ပြုလုပ်ခြင်းတို့ ဆောင်ရွက်ကြောင်း သိရသည်။

**စိန်ကျော်**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၀-၈-၂၀၁၉

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၅၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၈၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၅၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၈၄၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀/၈၈၅ ကျပ် | ၈၉၅/၉၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၅၀/၈၉၅ ကျပ် | ၉၁၀/၉၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၄၀/၇၈၅ ကျပ် | ၈၁၅/၈၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၃၀/၈၇၅ ကျပ် | ၉၂၀/၉၃၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၁ · ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၀ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၆ · ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၅၂ · ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၂၉ · ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၂ · ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၂ · ၉၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၂၈၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ · ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၁ · ၀၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၇၃၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

စတော့အိတ်ချိန်း ဈေးကွက် (၉-၈-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၂၄၀၂ | ၂၈၈၂၄၀၀၀ |
| MTSH | ၄၁၀၀ | ၄၁၀၀ | ၁၁၁၄၇ | ၄၅၇၀၂၇၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၀ | |
| FPB | ၂၅၅၀၀ | ၂၆၀၀၀ | ၃ | ၇၈၀၀၀ |
| TMH | ၃၀၅၀ | ၃၀၅၀ | ၆၁၅ | ၁၈၇၅၇၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီဆွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဒွေး၏သမီး ဆည်းလည်းက အခြားမဲ့၌ ဇာတ်လမ်းတွဲတွင် ပထမဆုံး သရုပ်ဆောင်မည်



ကွယ်လွန်သူ ရုပ်ရှင်သရုပ်ဆောင် ဒွေးနှင့် မိခင် ဒေါ်မိုးမိုးတို့၏ သမီးဖြစ်သူ ဆည်းလည်းသည် ပြည်ပတွင်ကျောင်းတက်ပြီးနောက် ကျောင်းပြီး၍ အနုပညာအလုပ်များကို လုပ်ကိုင်တော့မည်ဖြစ်ရာ ဦးလေးဖြစ်သူသားညီ ရိုက်ကူးမည့် အခြားမဲ့၌ဟု အမည်ရသည့် ရုပ်သံဇာတ်လမ်းတွဲတွင် မင်းသူ၊ ညီနန္ဒ၊ နေဒွေး၊ ညီထွဋ်ခေါင်၊ ခင်ဇာခြည်ကျော်၊ လှမျိုးသဥ္ဇာနွယ်တို့နှင့်အတူ ပါဝင်သရုပ်ဆောင်မည်ဟု သိရသည်။ ဆက်လုပ်သွားမည့် အနုပညာလှုပ်ရှားမှုများနှင့်ပတ်သက်၍ ဆည်းလည်းနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။သရုပ်ဆောင်လုပ်ဖို့ ပြန်လာဖြစ်တာလား။**

ဖြေ။ ။မေမေက ညီမကို ငယ်ငယ်ကတည်းက စင်ကာပူမှာ ကျောင်းထားပေးတော့ ဟိုမှာပဲ နေရတယ်။ အခု မေမေက ဒီမှာစီးပွားရေး လုပ်နေတော့ သွားလိုက်ပြန်လိုက် မလုပ်နိုင်တော့လို့ ဒီကိုပဲ ပြောင်းလာလိုက်တာပါ။ ပြန်ရောက်တာ မကြာသေးဘူး။ အနုပညာအလုပ်တွေလုပ်ဖို့ ပြန်လာတာ မဟုတ်ပေမယ့်လည်း ဒီကိုရောက်လာတော့ အနုပညာလောကနဲ့ ပိုနီးစပ်ပြီး လုပ်ချင်တာကို မြန်မြန်လေး လုပ်ဖြစ်သွားတာပါ။ ညီမက ငယ်ငယ်လေးထဲက သရုပ်ဆောင်ဖြစ်ချင်ခဲ့တာပါ၊ အခု သရုပ်ဆောင်လုပ်ချင်လို့ မေမေ့ကို ခွင့်တောင်းပါတယ်။ မေမေက ပညာရေးကို ပိုအားပေးပေမယ့် ညီမလုပ်ချင်တယ်ဆိုလို့ ခွင့်ပြုပေးပါတယ်။ ဦးသဲ (သားညီ)ကတော့ ပိုသဘောကျတာပေါ့။

**မေး။ ။ပထမဆုံးဖြစ်မယ့် အနုပညာ ခြေလှမ်းအတွက် ပြင်ဆင်မှုတွေကို သိပါရစေ။**

ဖြေ။ ။ဒီဇာတ်လမ်းတွဲက ညီမရဲ့ ပထမဆုံး အနုပညာလှုပ်ရှားမှုပါ၊ ကာရိုက်တာကလည်း ဆန်းတယ်။ အရင်ဘဝက ဆုတောင်းမှားခဲ့လို့ ဒီဘဝမှာ လာထိတာပေါ့။ ဝိညာဉ်တွေနဲ့ ပတ်သက်ဆက်ဆံရတာမျိုးပေါ့၊ ညီမရဲ့ အပြင်ကာရိုက်တာနဲ့တော့ ကွာပါတယ်၊ အများကြီး လေ့လာပြင်ဆင်သွားမှာပါ။ ညီမက အသစ်ဆိုတော့ ဦးသဲက အစမ်းလေ့ကျင့်တာမျိုးတွေလည်း လုပ်ပေးထားပါတယ်၊ Camera Casting တွေလုပ်ပေးတယ်၊ လိုအပ်တာတွေကို ပြောပြတယ်၊ ဒါတွေက ကိုယ်လုပ်ရမယ့် ကာရိုက်တာအတွက်ပေါ့၊ ကျန်တဲ့ မိတ်ကပ်၊ ဆံပင်၊ အဝတ်အစားတွေကတော့ ဒါရိုက်တာ လိုချင်တဲ့ပုံစံကို ထုတ်လုပ်ရေးကပဲ စီစဉ်ပေးသွားမှာပါ။

**မေး။ ။ကိုသားကြီးရဲ့ အနုပညာစွမ်းအားက ကြီးမားခဲ့တော့ သမီးအပေါ် သက်ရောက်မှုတွေက ဘယ်လိုရှိမလဲ။**

ဖြေ။ ။ညီမက မျက်နှာသစ်ဆိုတော့ အတတ်နိုင်ဆုံးတော့ အကောင်းဆုံး လုပ်သွားမှာပါ။ အဖေ့ရဲ့သမီး ဖြစ်တာကတော့ ညီမအတွက် အလွန် အထောက်အကူဖြစ်ပါတယ်။ မဟုတ်ရင် ညီမမှာ ဘယ်လောက်ပဲ ပါရမီရှိတယ်ဆိုပါစေ၊ နေရာတစ်ခုမှာ ညီမကို ယုံယုံကြည်ကြည်နဲ့ လက်ခံပေးဖို့ဆိုတာက မလွယ်ပါဘူး၊ ဒါကြောင့် ညီမဘက်ကလည်း ကိုယ်ရထားတဲ့ အခွင့်အရေးအတွက် ပိုကြိုးစားရမှာပေါ့နော်၊ တကယ်လို့များ ညီမအနေနဲ့ မတော်တဆ အမှားတစ်ခုခုကို လုပ်မိခဲ့ရင် အဖေ့ရဲ့ပုံရိပ်ကို ထိခိုက်သွားမှာကိုတော့ စိုးရိမ်ပါတယ်၊ ဒါကြောင့် ပိုပြီးလည်း သတိထားရပါတယ်။

**ကိုလင်း**

# မြန်မာနှင့် ကိုရီးယား ပူးပေါင်းရိုက်ကူးထားသည့် ‘တန်ဖိုး’ ရုပ်ရှင်ကားကို စက်တင်ဘာလထဲတွင် ရုံတင်ပြသမည်

မြန်မာနှင့် ကိုရီးယား အနုပညာရှင်များ ပူးပေါင်းရိုက်ကူးထားသော တန်ဖိုး ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁၂ ရက်တွင် မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများ၌ တစ်ပြိုင်တည်း ရုံတင်ပြသသွားမည်ဖြစ်ကာ အဆိုပါဇာတ်ကားတွင် ရန်အောင်၊ ထွန်းထွန်း၊ ဇင်ဝိုင်း၊ အေးမြတ်သူ၊ မို့မို့မြင့်အောင်၊ ခင်ဇာခြည်ကျော်၊ မော်နီကာပန်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။




“ဒီဇာတ်ကားက ဘဝမှာ ဖြစ်ချင်တာတွေထက် မဖြစ်ချင်တာတွေကို ရင်ဆိုင်ကျော်ဖြတ်နေရတဲ့သူတွေရဲ့ တစ်ယောက်ချင်းစီဘဝကို ပုံဖော်ထားတာပါ၊ ကိုရန်လေးက ဒီကားမှာ လူဆိုးဂိုဏ်းစတားတစ်ယောက်၊ ဘိန်းဖြူရောင်းတဲ့သူ၊ သူ့ဆီမှာ အေးမြတ်သူနဲ့ မမို့တို့က ဘိန်းဖြူတွေယူပြီး လိုက်ပို့ပေးရတာပေါ့၊ ဒုစရိုက်မှုတွေကိုကျူးလွန်ရင်းဘဝကို ဖြစ်သလိုဖြတ်သန်းနေတဲ့ အမျိုးသမီးနှစ်ယောက်ပေါ့၊ သူတို့ဘဝတွေက မကောင်းမှုတွေလုပ်ရင်း ရေစုန်မျောရင်း အမှားတွေ အကြိမ်ကြိမ်ကျူးလွန်နေခဲ့မှန်းမသိဖြစ်ခဲ့ကြတယ်၊ အဓိကကတော့ မမို့နဲ့ အေးမြတ်သူတို့ရဲ့ ဇာတ်ဝင်ခန်းကို ဒီကားမှာ အများဆုံး တွေ့ရမှာပေါ့၊ အားလုံးကလည်း သူ့နေရာနဲ့သူတော့ အကောင်းဆုံးတွေ လုပ်ဆောင်ထားကြတာပါပဲ၊ ပရိသတ်အတွက်လည်း ဒီကားလေးကနေ အသိပညာတွေရစေမှာပါ၊ လူတွေက ကောင်းတဲ့အလုပ်ဆို ငွေရှာရတာ ခက်ခဲတယ်။ ပင်ပန်းတယ်လို့ ထင်ကြတယ်၊ မကောင်းတဲ့ ဒုစရိုက်အလုပ်ကျတော့ လွယ်လွယ်နဲ့ ပိုက်ဆံရှာနိုင်တယ်၊ အဲဒီတော့ ရှေ့မှာ ဘာကြီးတွေပဲရှိပါစေ၊ မမြင်တော့ဘူး၊ နောက်ဆုံး ဘဝနေဝင်ချိန်တွေကျတော့ မလှတော့ဘူး ၊ အဲဒီသဘောလေးတွေကို ဒီကားမှာ တွေ့ရမှာပါ၊ ထွန်းထွန်းကိုလည်း ဒီကားမှာ မကောင်းတာမှန်သမျှ အကုန်လုပ်တဲ့ ခါးပိုက်နှိုက်တစ်ယောက်အဖြစ် တွေ့ရမှာပါ”ဟု အဆိုပါဇာတ်ကားကို ဖန်တီးသူတစ်ဦးက ပြောသည်။

အဆိုပါ ဇာတ်ကားတွင် ကိုရီးယားနိုင်ငံသား ရုပ်ရှင်အတတ်ပညာရှင်များနှင့်အတူ မြန်မာနိုင်ငံသား ဒါရိုက်တာ ဂျွန်လရော်က ဦးဆောင်ရိုက်ကူးထားကာ ဇာတ်လမ်းမှာလည်း ဂျွန်လရော်၏ ဇာတ်လမ်းဖြစ်သည်။ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဆုရရှိထားသည့် ကချင် ကက်သလစ်ဘုန်းတော်ကြီး ဖာသာ ဂျွန်လရော်သည် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ Chung Ang တက္ကသိုလ်၌ Film Making ပညာကို သင်ယူပြီးမြောက်ထားသူဖြစ်ပြီး ၎င်းရိုက်ကူးသော The Confession ဆိုသည့် ဘာသာရေးဇာတ်လမ်းတိုသည် ၂၀၁၆ ခုနှစ်က ရောမမြို့၌ ကျင်းပသော နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တစ်ခုတွင် The Best Short Film ဆုကို ရရှိခဲ့သလို The Opium War ဆိုသည့် ဇာတ်လမ်းကိုလည်း Madrid International ရုပ်ရှင်ပွဲတော်၌ ပြသခွင့်ရရှိခဲ့ကြောင်း သိရသည်။

**ကိုလင်း**

# မြန်မာအိုင်ဒေါလ်မှ ပြိုင်ပွဲဝင် ခြောက်ဦး၏ Wathan Feeling ဂီတဖျော်ဖြေပွဲ ကျင်းပမည်

ကျင်းပပြီးစီးခဲ့သော Myanmar Idol ပြိုင်ပွဲ၏ ပြိုင်ပွဲဝင်များဖြစ်ခဲ့ပြီး ပရိသတ်အားပေးမှုများလည်း ရရှိခဲ့သော အဆိုတော် M Zaw Rain၊ စောထက်နိုင်စိုး၊ David Lai၊ နင်ဇီမေ၊ မေကြည်နှင့် ခိုင်သဇင်သင်းတို့ ပါဝင်တင်ဆက်ကြမည့် Wathan Feeling အမည်ဖြင့် ဂီတဖျော်ဖြေပွဲများကို လှိုင်ကော်၊ နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်မြို့များ၌ ကျင်းပသွားမည်ဟု သိရသည်။

“လာမယ့် ဩဂုတ် ၃၁ ရက်နေ့မှာ လှိုင်ကော်မြို့မှာ စတင်ဖျော်ဖြေပါမယ်။ ဒီဖျော်ဖြေပွဲကို ကျင်းပရတဲ့ ရည်ရွယ်ချက်က ကျွန်တော်တို့ရဲ့သီချင်းတွေကို ပရိသတ်တွေနဲ့ ပိုပြီးတော့ ရင်းနှီးစေချင်တယ်။ ကျွန်တော်တို့အတွက်လည်း ဒီဖျော်ဖြေပွဲလေးက အမှတ်တရ မှတ်တိုင်လေးတစ်ခုအနေနဲ့လည်း ဖြစ်စေချင်တဲ့အတွက် ကျင်းပတာဖြစ်ပါတယ်။ ဒီပွဲအတွက် ကျွန်တော်တို့ကို ထောက်ပံ့ထားတာလည်း မရှိပါဘူး။ ကျွန်တော်တို့ သူငယ်ချင်းတွေရဲ့ ဂီတချွေးနှဲစာလေးနဲ့ပဲ စီစဉ်ကျင်းပဖြစ်တာပါ”ဟု ဖျော်ဖြေပွဲများတွင် ပါဝင်မည့် M Zaw Rain က ပြောသည်။



ဖျော်ဖြေပွဲကို ဩဂုတ် ၃၁ ရက်တွင် လှိုင်ကော်မြို့ ရှမ်းပိုင်းရပ်ကွက်ရှိ 91 Bar ၌လည်းကောင်း၊ စက်တင်ဘာ ၁၄ ရက်တွင် နေပြည်တော်၌လည်းကောင်း၊ စက်တင်ဘာ ၂၈ ရက်တွင် မန္တလေးမြို့၌လည်းကောင်း၊ အောက်တိုဘာ ၆ ရက်တွင် ရန်ကုန်မြို့၌လည်းကောင်း ကျင်းပသွားမည်ဟု သိရသည်။ ဖျော်ဖြေပွဲအတွက် လက်မှတ်များကို ကျပ်တစ်သောင်းခွဲနှင့် နှစ်သောင်းဟု သတ်မှတ်ထားပြီး နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်၌ ကျင်းပမည့် ပွဲများအတွက် နေရာများနှင့် လက်မှတ်ဝယ်ယူနိုင်မည့် နေရာများကို M Zaw Rain ၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် ကြော်ငြာသွားမည်ဖြစ်ကာ ဖုန်း-၀၉-၄၂၃၆၅၉၂၉၅ သို့လည်း ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ကိုလင်း**

# နာမည်ကျော် တေးသီချင်းများကို စန္ဒရားလက်သံသီးသန့်ဖြင့် ပြန်လည်ဖန်တီးထားသည့် စီးရီးသစ် ဖြန့်ချိမည်

နာမည်ကြီး မြန်မာသီချင်း ကိုးပုဒ်ကို စန္ဒရားသိမ်းထိုက်အောင်၏ စန္ဒရားလက်သံသီးသန့်ဖြင့် ပြန်လည်တီးခတ်ထားသော တေးစီးရီးခွေသစ်ကို စက်တင်ဘာ ၇ ရက်တွင် မန္တလေး လှိုင်းတေးသံသွင်းမှ စတင် ဖြန့်ချိမည်ဟုသိရသည်။ အဆိုပါ စန္ဒရားလက်သံသီးသန့် တေးစီးရီးကို အဆိုတော် မီမီဝင်းဖေက စီစဉ်ထုတ်လုပ်ကြောင်း သိရသည်။

တေးစီးရီးကို စီစဉ်သူ မီမီဝင်းဖေက “ဒီလို သံစဉ်တွေချည်းပဲက လေဆိပ်တွေ၊ ဟိုတယ်တွေ၊ အများနဲ့သက်ဆိုင်တဲ့နေရာတွေမှာ ဖွင့်ကြတာ များပါတယ်၊ ကြားလိုက်ရင် နိုင်ငံခြားသံစဉ်တွေ ဖြစ်နေတာပဲ များပါတယ်၊ အဲဒါနဲ့ မြန်မာသီချင်းလေးတွေကို လုပ်ရင်ကောင်းမယ်ဆိုပြီး စီစဉ်ပြီး လုပ်ဖြစ်တာပါ”ဟု ပြောသည်။

စန္ဒရားသိမ်းထိုက်အောင်ကလည်း “ကျွန်တော် ဒီအခွေထဲမှာ သီချင်း ကိုးပုဒ်ကို တီးခတ်ထားပါတယ်၊ အချစ်များသူ့ဆီမှာ၊ ညှော့်သည်၊ ဆေး၊ လရိပ်စတဲ့ နာမည်ကြီး သီချင်းလေးတွေပေါ့။ မိုးအေးအေးမှာ သီချင်းသံမပါဘဲ တီးလုံးသက်သက် နားဆင်ရမှာပါ။ ကားမောင်းရင်းနဲ့ တီးလုံးသံချည်းပဲ အေးဆေးနားထောင်ချင်တဲ့သူမျိုးတွေ ကြိုက်မှာပါ၊ ဒီအခွေထဲမှာ စီစဉ်သူ မမီမီဝင်းဖေရဲ့သီချင်းတွေ မပါသလို ကျွန်တော့် အမျိုးသမီး ယုဇနရဲ့သီချင်းတွေလည်း မပါပါဘူး”ဟု ပြောသည်။

အဆိုပါ တေးသံစဉ် စီးရီးသစ် မိတ်ဆက်ပွဲတွင် ပလေးဘွိုင်းသန်းနိုင်၊ ဖြိုးပြည့်စုံ၊ သိမ်းထိုက်အောင်နှင့် စီစဉ်သူ မီမီဝင်းဖေတို့က တေးစီးရီးနှင့်ပတ်သက်၍ အမှတ်တရ စကားများ ပြောကြားခဲ့ကြသည်။

**ကိုလင်း**

# ကိုရီးယားယဉ်ကျေးမှုနှင့် အနုပညာများကို ထိတွေ့ခံစားနိုင်မည့် Love Korea ပွဲတော် ကျင်းပ

ကိုရီးယားနိုင်ငံ၏ ယဉ်ကျေးမှုများနှင့် အနုပညာများ အပါအဝင် ကိုရီးယား အစားအစာများနှင့် အလှကုန်များကို နှစ်သက်သူများအတွက် ကိုရီးယားနိုင်ငံသို့ ကိုယ်တိုင် ရောက်ရှိသွားသကဲ့သို့ ခံစားစေရမည့် Love Korea ပွဲတော်ကို ကိုရီးယား ခရီးသွားလုပ်ငန်းအဖွဲ့အစည်း (Korea Tourism Organization)က ဦးစီး၍ ၂၀၁၇ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် တတိယအကြိမ်မြောက် ပွဲတော်ကို ဩဂုတ် ၂၅ ရက်က Junction City ၌ ကျင်းပခဲ့သည်။

“ဒီ Love Korea ပွဲကို ကိုရီးယား ခရီးသွားလုပ်ငန်းအဖွဲ့အစည်း(KTO) ဇန်ကောက်ရုံးခွဲက ကြီးမှူးကျင်းပတာဖြစ်ပါတယ်၊ ကျွန်တော်တို့ ၂၀၁၇ ခုနှစ်ကတည်းက ဒီပွဲတော်ကို ဆင်နွှဲခဲ့တာဖြစ်ပါတယ်။ ဒီနေ့ပွဲမှာတော့ မြန်မာနိုင်ငံရဲ့ နာမည်အကျော်ကြားဆုံး Boy Group ဖြစ်တဲ့ Project-K ရဲ့ ဖျော်ဖြေမှု၊ တေးသံရှင် Key ရဲ့ ဖျော်ဖြေမှု၊ K-Pop ကို နှစ်ခြိုက်တဲ့ KPopper တွေအတွက် K-Pop Cover Dance ပြိုင်ပွဲတွေအပြင် ကိုရီးယား စကားပြော စွမ်းရည်ပြိုင်ပွဲ၊ အစားသမားတွေအတွက် ကိုရီးယား အစားအသောက်တွေကို မြည်းစမ်းခွင့်စတဲ့ စိတ်ဝင်စားဖွယ်ရာ အစီအစဉ်တွေ ပါဝင်တဲ့ ပွဲတစ်ပွဲဖြစ်ပါတယ်”ဟု ပွဲစီစဉ်သူတစ်ဦးက ပြောသည်။

အဆိုပါ Love Korea ပွဲတွင် သင့်တင့်သည့် ဈေးနှုန်းများဖြင့် ကိုရီးယားထုတ်ကုန်ပစ္စည်းများကို ဝယ်ယူနိုင်ခြင်း၊ ကိုရီးယားနိုင်ငံသို့ သွားရောက်လည်ပတ်ချင်သူများအတွက် ခရီးသွား အေဂျင်စီများက အသက်သာဆုံးဈေးနှုန်းများဖြင့် ဆွေးနွေးညှိနှိုင်းပေးခြင်း စသည့် အစီအစဉ်များလည်း ပါဝင်ကာ ကိုရီးယားယဉ်ကျေးမှုများကို တစ်နေရာတည်းတွင် လေ့လာခွင့် ရစေနိုင်ခဲ့ကြောင်း သိရသည်။

**ကိုလင်း**



## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# The Eternals ဇာတ်ကားတွင် Black Knight အဖြစ် ကစ်ဟာရင်တန် သရုပ်ဆောင်မည်

Game of Thrones ဇာတ်ကားနဲ့ လူသိများကျော်ကြားလာတဲ့ သရုပ်ဆောင် ကစ်ဟာရင်တန်ကို ၂၀၂၀ မှာ မာဗယ်စတူဒီယိုကရိုက်ကူးမယ့် စူပါဟီးရိုးဇာတ်လမ်းဖြစ်တဲ့ The Eternals မှာ ပြန်လည်တွေ့မြင်ရတော့မှာပါ။ The Eternals ဇာတ်ကားမှာတော့ Game of Thrones ဇာတ်ကားမှာ ကစ်ဟာရင်တန်နဲ့အတူ သရုပ်ဆောင်ခဲ့တဲ့ ရစ်ချက်မက်ဒန်လည်း ပါဝင်မယ်လို့ သိရပါတယ်။ ရစ်ချက်မက်ဒန်ကတော့ Game of Thrones ဇာတ်လမ်းတွဲမှာ ရော့ဘ်စတာ့ခ်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူလည်း ဖြစ်ပါတယ်။

The Eternals ဇာတ်ကားမှာတော့ ကစ်ဟာရင်တန်ဟာ Black Knight အဖြစ် ပါဝင်သရုပ်ဆောင်သွားမှာပါ။ မာဗယ်ရုပ်ပြကနေ ၂၀၁၅ ခုနှစ်မှာ Black Knight စာအုပ်ကို ထုတ်ဝေခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၆ ရက်မှာတော့ ကစ်ဟာရင်တန်ကို Black Knight အဖြစ် မြင်တွေ့ခွင့်ရတော့မှာပါ။ The Eternals အဖွဲ့သားတွေကတော့ သူတို့နဲ့အတူ ကစ်ဟာရင်တန်လည်း ပူးပေါင်းလာတာကို ဝမ်းမြောက်ကြတယ်လို့ ပြောပါတယ်။ The Eternals ဇာတ်ကားမှာ တောင်ကိုရီးယားသရုပ်ဆောင် မာဒေါင်ဆုတ်လည်း ပါဝင်ထားပါတယ်။

**ကောမစ်ဘုတ်ခ်**



သရုပ်ဆောင် ကစ်ဟာရင်တန်။

# အဆိုတော် အက်ဒ်ရှီးရန် နယ်လှည့်ဖျော်ဖြေပွဲများမှ ခေတ္တအနားယူမည်

နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်တဲ့ အက်ဒ်ရှီးရန်ဟာ ၂၀၁၇ ခုနှစ်ကစလို့ နယ်လှည့်ဖျော်ဖြေပွဲတွေ တောက်လျှောက်ပြုလုပ်ခဲ့ရာကနေ အခုအခါမှာတော့ ခေတ္တရပ်နားတော့မယ်လို့ သိရပါတယ်။

ဩဂုတ် ၂၆ ရက်မှာတော့ အက်ဒ်ရှီးရန်ဟာ သူ့ရဲ့နောက်ဆုံးနယ်လှည့်ဖျော်ဖြေပွဲကျင်းပမယ့်ရက်ကို ကြေညာခဲ့ပါတယ်။ အဲဒီပွဲပြီးတဲ့နောက်မှာတော့ သူဟာ ခေတ္တရပ်နားမှာပဲ ဖြစ်ပါတယ်။ ခရီးစဉ်တစ်လျှောက်လုံးမှာ သူဟာ ပရိသတ်တွေအများကြီးနဲ့ တွေ့ဆုံခဲ့ပြီး ပွဲတွေလည်းအများကြီး လုပ်ခဲ့ပြီးပါပြီ။

အင်္ဂလန်မှာရှိတဲ့ အစ်ပ်ဆွတ်ချ်မြို့မှာပြုလုပ်မယ့် ပွဲပြီးရင်တော့ သူခေတ္တရပ်နားဦးမယ်လို့ အက်ဒ်ရှီးရန်က ပြောပါတယ်။ ဒီခရီးစဉ်အပြီးမှာတော့ အက်ဒ်ရှီးရန်ဟာ လူဦးရေ ၉ သန်းခန့်ကို ဖျော်ဖြေပြီးသွားပါပြီ။ ဒါဟာ သူ့အတွက်အကြီးမားဆုံး နယ်လှည့်ဖျော်ဖြေပွဲပါပဲ။ နယ်လှည့်ဖျော်ဖြေပွဲကနေ အက်ဒ်ရှီးရန်ဟာ အမေရိကန်ဒေါ်လာ သန်း ၇၅၀ ရရှိခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်က U 2 အဖွဲ့ဟာ နယ်လှည့်ဖျော်ဖြေပွဲကနေ အမေရိကန်ဒေါ်လာ ၇၃၅ သန်းရရှိခဲ့ပါတယ်။ အဲဒီစံချိန်ကို အက်ဒ်ရှီးရန်က ချိုးလိုက်နိုင်ပြီလို့ ပြောရမှာပါပဲ။

**စီအင်န်အင်န်**



အဆိုတော် အက်ဒ်ရှီးရန်။



# ကေ-ရေ၊ ကဲ့-ရဲ့၊ ကယ်-ရယ်

**မောင်ခင်မင် (ဓနုဖြူ)**

“ထူးဆန်းတဲ့စကားတစ်ခုအကြောင်း မေးချင်လို့ပါ ဆရာကြီး”

“ဘယ်လိုထူးဆန်းတာလဲ သမီးရဲ့”

“သမီးတို့ရွာက ဆွေမျိုးတွေဆီ အရင်အပတ်က သွားလည်တာ၊ သမီးရဲ့အဒေါ်တစ်ယောက်က သမီးကို လှမ်းခေါ်တဲ့စကားတစ်ခု ကြားခဲ့ရလို့ပါ”

“ဘယ်လိုလှမ်းခေါ်လို့လဲ သမီးရဲ့”

“သမီးကို ‘ထွေးမြတ်မြတ်ကေတို့အိမ်ကို လာလည်ပါဦး’ လို့ လှမ်းခေါ်တာပါ ဆရာကြီး”

“ဘယ်စကားက ထူးဆန်းနေလို့လဲ သမီးရဲ့”

“သမီးနာမည်ကို ‘ထွေးမြတ်မြတ်ကေ’ လို့ ခေါ်ပုံက ထူးဆန်းနေလို့ပါ။ ထွေးမြတ်မြတ်ရေ...လို့ခေါ်ရမှာကို ထွေးမြတ်မြတ်ကေလို့ ခေါ်လိုက်တော့ သမီးရုတ်တရက်နားမလည်လိုက်ပါဘူး ဆရာကြီး။ နောက်မှ သမီးကိုခေါ်တာပါလားလို့ နားလည်သွားလို့ပါ”

“ဟုတ်ပြီ။ ဒါဆို သမီးနာမည်ကို လှမ်းခေါ်တာ ‘...ရေ’ လို့ မခေါ်ဘဲ ‘...ကေ’ လို့ ခေါ်လိုက်တာ သမီးက မှားတယ်ထင်တာပေါ့”

“သမီးတို့ကြားနေကျမဟုတ်တော့ မှားတယ်ထင်လို့ပါ ဆရာကြီး”

“ဟုတ်ပါပြီ။ မြန်မာအပြောစကားမှာ အဲဒီအသုံးအနှုန်းမျိုးတွေက စိတ်ဝင်စားစရာတစ်ခုပါ။ တကယ်တော့ သမီးအဒေါ် ခေါ်လိုက်တဲ့ ‘ထွေးမြတ်မြတ်ကေ’ ဆိုတဲ့ခေါ်ပုံဟာ အမှားမဟုတ်ပါဘူး။ သမီးနာမည်မျိုးဆိုရင် အဲဒီလိုခေါ်တတ်ကြတာပဲလေ”

“ရှင်...သမီးနာမည်မျိုး... အဲဒါဘာဆိုလိုတာပါလဲ ဆရာကြီး”

“သမီးနာမည်က ထွေးမြတ်မြတ်မဟုတ်လား။ အဆုံးမှာ တ-သတ်ပါတဲ့အသံပေါ့”

“ဟုတ်ကဲ့ပါ”

“သမီးနာမည်လိုပဲ ခင်အေးသက်တို့၊ မောင်ချစ်တို့၊ ဘုတ်ဘုတ်တို့၊ မေလွတ်လပ်တို့ဆိုတဲ့ နာမည်တွေက ကသတ်၊ စသတ်၊ တသတ်၊ ပသတ်ဆိုတဲ့ အသတ်တွေနဲ့ အဆုံးသတ်ထားတဲ့ နာမည်တွေပဲလေ။ အဲဒီအသံတွေက အသံပြတ်တာမို့ စကားပြောတဲ့၊ ဆိုတဲ့နေရာမှာ အဲဒီအသံတွေနဲ့ တွဲသုံးတဲ့စကားတွေက ဒီ့ပြင်အသံတွေနဲ့ မတူတာတွေရှိတယ်”

“ပြောပြပါ ဆရာကြီး”

“ဆရာက ခုနသမီးပြောတဲ့ ‘...ကေ’ ဆိုတဲ့ အသုံးနဲ့ ပတ်သက်ပြီး သာဓကပြမယ်။ ဒီစာအုပ်ကို ကြည့်ပါ။ စာအုပ်နာမည် ဘာလဲ”

“တက္ကသိုလ်မြန်မာအဘိဓာန်ပါ ဆရာကြီး”

“အဲဒီအဘိဓာန်က တက္ကသိုလ်ဘာသာပြန်နဲ့ စာအုပ်ထုတ်ဝေရေးဌာနက ဌာနမှူးဆရာကြီး ဦးဝန် ပြုစုခဲ့တာပေါ့။ အဲ... ဦးဝန်ဆိုတာ စာရေးဆရာကြီး မင်းသုဝဏ်လေ”

“သြော်...ဟုတ်ကဲ့ပါ”

“ဆရာကြီး ဦးဝန်က အဲဒီအဘိဓာန်ကြီးကို နှစ်ပေါင်းများစွာအချိန်ယူပြီး ပြုစုခဲ့တာမို့ တော်တော်စုံပါတယ်။ ကဲ...ဟောဒီစာမျက်နှာ ၂၄ မှာ ကြည့်လိုက်စမ်း။ သမီးပြောတဲ့ ‘...ကေ’ ကို ဘယ်လိုဖွင့်ထားတယ်ဆိုတာ တွေ့လိမ့်မယ် ”

“ဟုတ်ကဲ့။ သမီးဖတ်ပြပါ့မယ်။ ‘ကေ’ ကို ဖွင့်ထားတာ ‘လူတစ်ဦးကိုလှမ်းခေါ်သောအခါ နောက်ကဆက်ရသော အာလုပ်ပစ္စည်းစကား’ လို့ ဖွင့်ထားပါတယ်”

“ဆက်ဖတ်ပါဦး”

“ဟုတ်ကဲ့၊ က်၊ စ်၊ တ်၊ ပ် တို့ဖြင့်ဆုံးသော အမည်နောက်၌ ‘ကေ’ ကို သုံးတတ်၍ အခြားအမည်များနောက်၌ ‘ရေ’ ကို သုံးတတ်သည်...တဲ့။ ပြီးတော့ ဤပစ္စည်းစကားတို့တွင် ခင်မင်ကျွမ်းဝင်ခြင်းသဘော သက်ဝင်လျက်ရှိသည်။ ‘မောင်နက်ကေ၊ မောင်ချစ်ကေ၊ မောင်မြတ်ကေ၊ မလှရေ၊ မအေးရေ၊ မစိန်ရေ၊ မခင်ရေ’ တဲ့...။ သြော် ဒါကြောင့် အဒေါ်က သမီးကိုထွေးမြတ်မြတ်ကေလို့ခေါ်တာကိုး။ နားလည်ပါပြီ ဆရာကြီး၊ သိပ်ကျေးဇူးတင်ပါတယ် ”

“ တစ်ဆက်တည်းပြောရရင် ‘ ကေ ’ နဲ့ ‘ရေ’ လို အသုံးကွဲတဲ့ ဒီ့ပြင်အသုံးတွေလည်း ရှိတယ်...ကွဲ့”

“မှတ်သားပါရစေ ဆရာကြီး”

“ကဲ့ နဲ့ ရဲ့လည်း အဲဒီလိုပဲပေါ့။ ရှေ့မှာ က်၊ စ်၊ တ်၊ ပ် ရှိရင်နောက်က ‘ကဲ့’ ကို သုံးတတ်တယ်။ တခြားစာလုံးတွေဆိုရင်တော့ ‘ရဲ့’ ကို သုံးတာပေါ့။ တက္ကသိုလ်မြန်မာအဘိဓာန်ထဲမှာ အဲဒီအသုံးတွေကို ပြထားတယ်။ ကြိယာထောက်လို့ခေါ်တဲ့ ကြိယာကို အထောက်အကူပြုတဲ့စကားတွေထဲမှာ ‘ကဲ့’ ရော၊ ‘ရဲ့’ ရောပါတယ်။ ‘မှာလိုက်ကဲ့စကား’ ဆိုတဲ့အသုံးနဲ့ ‘မာရဲ့လား’ ဆိုတဲ့အသုံးကို ယှဉ်ကြည့်လေ။ ရှေ့မှာ ကသတ်ပါလို့ ကဲ့ကို သုံးတာပေါ့”

“ဟုတ်ကဲ့ပါ”

“သမီးခုပဲပြောတဲ့ ‘ဟုတ်ကဲ့’ ဆိုတဲ့ စကားကိုပဲကြည့်လေ။ ရှေ့မှာတသတ်ရှိလို့ ဟုတ်ကဲ့လို့သုံးတာ။ ‘ဟုတ်ရဲ့’ နဲ့ အဓိပ္ပာယ်အတူတူပါပဲ။ ‘မှန်’ ဆိုရင်တော့ ‘မှန်ရဲ့’ လို့ သုံးတာပေါ့။ မေးရင်လည်း ‘ဟုတ်ကဲ့လား’ လို့မေးတာပဲလေ။ ဒီတော့ သမီး ‘ဟုတ်ကဲ့’ လို့ပြောတာဟာ ‘ဟုတ်ရဲ့’ လို့ ဆိုလိုတာပါပဲ”

“ဟုတ်ကဲ့ပါ”

“အာလုပ်စကားလို့ခေါ်တဲ့ စကားမှာလည်း ‘ကဲ့’ ရော၊ ‘ရဲ့’ ပါ သုံးတယ်လေ။ ‘ပုံမှန်ကတော့၊ ဒီလိုပါ အမေရဲ့၊ ဟုတ်ပါတယ် မောင်မောင်ရဲ့’ ဆိုတာမျိုး ပြောတာပဲ။ ဒါပေမယ့် ရှေ့မှာ ခုနပြောတဲ့ အသတ်တွေပါရင် ‘ဒီလိုပါ မောင်ချစ်ကဲ့၊ ဟုတ်ပါတယ် ဝက်ကဲ့’ လို့ ဆိုတာမျိုးပြောမှာပေါ့”

> **“ပိုင်ဆိုင်ကြောင်းပြတဲ့စကားမှာလည်း ‘ကဲ့’ ရော၊ ‘ရဲ့’ ရော သုံးတယ်။ ရှေးက အိုင်ချင်းကဗျာကလေးတစ်ပုဒ်မှာ အပြိုင်သုံးထားတာတောင်ရှိတယ်။ ‘ကြွက်ကဲ့အရောင်၊ ကြောင်ရဲ့အလား’...တဲ့။ ဆရာ အရင်ကလည်း ပြောဖူးပါတယ်။ ကသတ်ပါတဲ့ ‘ကြွက်’ ကျတော့ ‘ကဲ့’ လို့ သုံးတာလေ။ ‘ချစ်ချစ်ကဲ့၊ လတ်လတ်ကဲ့’ လို့ သုံးတာမျိုးပေါ့။ ကြောင်ကျတော့ အဲဒီအသတ်တွေမပါလို့ ‘ရဲ့’ လို့ပဲ သုံးတာပေါ့”**

“ဟုတ်ကဲ့ပါ”

“ပိုင်ဆိုင်ကြောင်းပြတဲ့စကားမှာလည်း ‘ကဲ့’ ရော၊ ‘ရဲ့’ ရော သုံးတယ်။ ရှေးက အိုင်ချင်းကဗျာကလေးတစ်ပုဒ်မှာ အပြိုင်သုံးထားတာတောင် ရှိတယ်။ ‘ကြွက်ကဲ့ အရောင်၊ ကြောင်ရဲ့အလား’...တဲ့။ ဆရာ အရင်ကလည်း ပြောဖူးပါတယ်။ ကသတ်ပါတဲ့ ‘ကြွက်’ ကျတော့ ‘ကဲ့’ လို့ သုံးတာလေ။ ‘ချစ်ချစ်ကဲ့၊ လတ်လတ်ကဲ့’ လို့ သုံးတာမျိုးပေါ့။ ကြောင်ကျတော့ အဲဒီအသတ်တွေမပါလို့ ‘ရဲ့’ လို့ပဲ သုံးတာပေါ့”

“ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ ဆရာ”

“နောက်တစ်တွဲရှိသေးတယ်။ ‘ကယ်’ နဲ့ ‘ရယ်’ ပေါ့။ သမီးတို့စကားပြောရင် ‘သူငယ်ချင်းရယ်၊ ဟုတ်မှဟုတ်ရဲ့လား’ လို့ ပြောတာမျိုးမှာ ခေါ်တဲ့ အာလုပ်စကားလေ။ ‘အို အမေရယ်’ တို့၊ ‘လာခဲ့ပါ မောင်လေးရယ်’ တို့မှာ ‘ရယ်’ လို့ သုံးပေမယ့် ‘က်၊ စ်၊ တ်၊ ပ်’ အသတ်တွေ ရှေ့ကပါရင်တော့ ‘ကယ်’ လို့ သုံးတတ်ကြတယ်။ ရှေးက ကဗျာတစ်ပုဒ်မှာ ‘အို...အသက်ကယ်’ လို့ အစချီထားတာ တွေ့ရတယ်။ အဲဒီလိုပဲ ‘နီတွတ်ကယ် မင်းလာမှ လာပါ့မလားလို့’ ဆိုတာမျိုး၊ ‘ဟုတ်ပါ့မလား မရွှေသစ်ကယ်’ လို့ ပြောတာမျိုးပေါ့”

“ဟုတ်ကဲ့ပါ”

“စကားပြေပြစ်အောင် ပုဒ်ဖြည့်တဲ့ စကားလည်း ရှိတယ်။ ရှေးကဗျာတစ်ပုဒ်မှာ ‘ဗျာဒိတ်ကယ်အောင် သံပေးလို့ ငြိမ်းလိမ့်မလေး’ လို့ ဖွဲ့ထားတယ်။ ဗျာဒိတ်က တသတ်ဆိုတော့ နောက်က ‘ကယ်’ လို့ လိုက်ရတာပေါ့။ ‘စိမ်းလဲ့ရယ်တဲ့ ညိုမှောင်’ ကျတော့ ရှေ့မှာ အဲဒီအသတ်တွေမပါလို့ ‘ရယ်’ ပဲ သုံးတာပေါ့”

“သြော် ဟုတ်ကဲ့ပါ ဆရာကြီး”

“ကဲ... ဒီတော့ သမီးစပြောတဲ့ ထွေးမြတ်မြတ်ကေလို့ခေါ်တဲ့ အာလုပ်စကားက စပြီးပြန်ချုပ်ရင် ‘ထွေးမြတ်မြတ်’ ကျတော့ ‘ထွေးမြတ်မြတ်ကေ’ လို့ခေါ်ပေမယ့် ‘မြတ်မြတ်ထွေး’ ကျတော့ ‘မြတ်မြတ်ထွေးရေ’ လို့ ခေါ်မှာပေါ့။ အဲဒီလိုပဲ ‘ဟုတ်ကဲ့’ လို့ ပြောပေမယ့် ‘မှန်ပါရဲ့’ လို့ ပြောမှာပေါ့။ ‘ချစ်ချစ်ကဲ့ စာအုပ်’ လို့ ပြောပေမယ့် ‘လှလှရဲ့ အင်္ကျီ’ လို့ ပြောမှာပေါ့။ ‘ထက်ထက်ကယ်’ လို့ ခေါ်ပေမယ့် ‘ထူးထူးရယ်’ လို့ ခေါ်မှာပေါ့”

“ဟုတ်ကဲ့ပါ”

“တစ်ခုတော့ရှိတယ်။ အဲဒီ က်၊ စ်၊ တ်၊ ပ် ပါတဲ့ နာမည်တွေ သက်ရှိ၊ သက်မဲ့တွေရဲ့ နောက်မှာ ‘ကေ၊ ကဲ့၊ ကယ်’ တွေ သုံးလေ့ရှိပေမယ့် ‘ရေ၊ ရဲ့၊ ရယ်’ လည်း သုံးကြပါတယ်”

“ရှင်...”

“သြော် သမီးကို ‘ထွေးမြတ်မြတ်ကေ’ လို့ခေါ်နိုင်သလို ‘ထွေးမြတ်မြတ်ရေ’ လို့လည်း ခေါ်ကြတာပဲ မဟုတ်လား။ အဲဒီလိုပဲ ‘မချစ်ရဲ့စာအုပ်၊ သက်သက်ရယ်’ ဆိုပြီး ‘ရဲ့’ တို့၊ ‘ရယ်’ တို့နဲ့ ပြောရင်လည်း မှန်တာပဲလေ”

“ဟုတ်ကဲ့ပါ”

“ဒါပေမယ့် က်၊ စ်၊ တ်၊ ပ် မဟုတ်ရင်တော့ ကဲ့တို့ ကယ်တို့၊ ကေတို့နဲ့ တွဲမပြောပါဘူး။ ‘မောင်မောင်ကေ’၊ ‘မှန်ကဲ့’၊ ‘ဆရာကယ်’ ဆိုတာမျိုးတော့ ဘယ်ပြောမှာလဲ”

“ဒီလိုဆိုရင် ‘ရေ၊ ရဲ့၊ ရယ်’ ဆိုတဲ့ စကားလုံးတွေကတော့ က်၊ စ်၊ တ်၊ ပ် ဟုတ်ဟုတ် မဟုတ်ဟုတ် ဘယ်စကားလုံးနဲ့မဆို တွဲနိုင်တယ်လို့ဆိုရမှာပေါ့နော် ဆရာကြီး”

“ဟုတ်ပါတယ်။ ‘ကေ၊ ကဲ့၊ ကယ်’ နဲ့ တွဲသုံးရတဲ့ စကားလုံးတွေကတော့ က်၊ စ်၊ တ်၊ ပ် ဖြစ်ဖို့လိုတာပေါ့။ အဲဒီအသတ်တွေပါတဲ့ စကားလုံးနဲ့ တွဲသုံးရာမှာ ‘လိုက်ကမယ်၊ လုပ်ကမယ်’ လို့ ပြောတာမျိုးလည်း ကြားဖူးတယ်။ ပုံမှန်ကတော့ ‘လိုက်ရမယ်၊ လုပ်ရမယ်’ လို့ သုံးတာပေါ့။ ‘လိုက်’ တို့၊ ‘လုပ်’ တို့က အဲဒီအသတ်တွေမို့ ‘လိုက်ကမယ်၊ လုပ်ကမယ်’ ကို ပြောတာဖြစ်မယ်။ နေရာဒေသကိုလိုက်ပြီးသုံးတဲ့ ဒေသိယအသုံးလို့ ထင်ပါတယ်။ ရှေ့ကအတွဲတွေနဲ့ သဘောချင်းတူတာမို့ လက်မခံနိုင်စရာမရှိပါဘူး”

“ဟုတ်ကဲ့ပါ”

“ဒါပေမယ့် ရှေ့မှာ အဲဒီအသတ်တွေမပါဘဲ ‘သွားရမယ်’ ကို ‘သွားကမယ်’၊ ‘ပြောရမယ်’ ကို ‘ပြောကမယ်’ လို့ သုံးတာကျတော့ အစဉ်အလာနဲ့ မညီဘူးပေါ့။ ‘လုပ်ကမယ်’ ဆိုတဲ့အသုံးရဲ့ ဩဇာကြောင့် ‘သွားကမယ်၊ လာကမယ်’ ဖြစ်သွားတာပါ။ အဲဒီလိုမဖြစ်အောင်တော့ သတိထားပြောသင့်တာပေါ့ကွယ်။ ကဲ... နားကြရအောင်”

# ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံတွင် ရေပိုလွှဲမှ ၃ ဒသမ ၁ ပေခန့်သာ ရေကျော်မှုရှိ

**ပွင့်ဖြူ ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စိုက်ပျိုးရေအတွက် မှီခိုအားထားပြုနေရသည့် ကြီးအုံကြီးဝတမံတွင် ယနေ့ နံနက် ၆ နာရီ တိုင်းထွာချက်အရ တမံရေပိုလွှဲမှ ၃ ဒသမ ၁ ပေခန့် ရေကျော်ကျလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ဒေသခံပြည်သူများ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ထိခိုက်မှုကင်းဝေးစေရန်အတွက် ကြီးအုံကြီးဝတမံရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေအား နေ့စဉ် အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး အသိပေးနှိုးဆော်လျက်ရှိကြောင်းနှင့် ယနေ့ နံနက်ပိုင်းက ကြီးအုံကြီးဝတမံရေပိုလွှဲမှ ၃ ဒသမ ၁ ပေခန့် ရေကျော်ကျ လျက်ရှိကြောင်း အဆိုပါ မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။ **(ယာပုံ)**

ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံရေပိုလွှဲမှ ရေကျော်ကျမှုသည် ဩဂုတ် ၁၇ ရက်က ၅ ပေ ၈ လက်မ ရေကျော်ကျခဲ့ပြီး ယခုလက်ရှိတွင် တမံရေပိုလွှဲမှ ၃ ဒသမ ၁ ပေခန့်သာ ရေကျော်ကျမှုရှိ၍ တဖြည်းဖြည်း ရေကျော်ကျမှု လျော့နည်းလာခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



## (၃၀-၈-၂၀၁၉)ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများစာရင်း

(၀၆း၀၀)နာရီ ရေမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ(ပေ) | ရေလှောင် ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင် ပမာဏ (ဧကပေ) | မိုး ရေချိန် (လက်မ) | ရေပိုလွှဲမှ ရေကျော် အမြင့်(ပေ) |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင်/ | ၃၆ | ၂၈၄၇၄ | ၃၇.၂၀ | ၃၁၅၅၄ | ၀.၁၂ | ၁.၂၀ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၀ | ၆၉.၁၀ | ၁၉၀၂ | - | ၀.၃၀ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၃ | ရာဇဂြိုဟ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၆.၄၀ | ၅၃၃၃၀ | - | ၁.၄၀ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး(အရှေ့)** | | | | | | |
| ၄ | ရေသိုးရေလှောင်တမံ | တောင်ငူခရိုင်/ | ၅၀ | ၁၅၅၀၀ | ၅၁.၂၀ | ၁၇၂၈၂ | ၀.၅၁ | ၁.၂၀ |
| | | အုတ်တွင်းမြို့ | ၂၂.၈၅ | ၇၂၅ | | | | |
| ၅ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၁၀ | ၂၃၆၀ | ၀.၃၀ | ၀.၁၀ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | |
| ၆ | ငမြွေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၃၀ | ၂၄၂၂ | - | ၀.၃၀ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | |
| ၇ | ဖြူးချောင်းရေလှောင်တမံ | တောင်ငူခရိုင်/ | ၂၁၉ | ၆၃၂၅၃၃ | ၂၂၁.၇၀ | ၆၇၄၅၀၀ | - | ၂.၇၀ |
| | | ဖြူးမြို့ | ၁၁၆.၆ | ၂၉၉၄၉ | | | | |
| ၈ | ဘောနီရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၃၅၂၀၀ | ၇၃.၄၀ | ၃၅၈၄၀ | - | ၀.၄၀ |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | |
| ၉ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃၀ | ၄၀.၉၀ | ၁၁၃၁၂ | - | ၀.၉၀ |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄၂၈ | | | | |
| ၁၀ | မဇင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၈၆ | ၅၂.၄၀ | ၂၆၇၅၂ | ၀.၄၀ | ၀.၄၀ |
| | | ပဲခူးမြို့ | ၂၅ | ၂၄၇၆ | | | | |
| ၁၁ | ဇလက်ထော်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၃၉.၅ | ၁၈၉၁၂ | ၃၉.၉၀ | ၁၉၃၄၄ | - | ၀.၄၀ |
| | | ပဲခူးမြို့ | ၁၂.၅ | ၇၅၀ | | | | |
| ၁၂ | ရွှေပြည်(၃)ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၈ | ၃၇၀၀ | ၂၈.၂၀ | ၃၈၀၀ | - | ၀.၂၀ |
| | | ပဲခူးမြို့ | ၈ | ၄၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး(အနောက်)** | | | | | | |
| ၁၃ | တောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉၅ | ၂၁၀၀၀၀ | ၉၆.၄၀ | ၂၂၂၀၀၀ | - | ၁.၄၀ |
| | | နတ္တလင်းမြို့ | ၅၇.၅ | ၂၁၉၅၀ | | | | |
| ၁၄ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၆ | ၅၂၅၀၀ | ၆၆.၅၅ | ၅၅၈၀၀ | - | ၀.၅၅ |
| | | လက်ပံတန်းမြို့ | ၄၀ | ၄၁၂၀ | | | | |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၁၅ | မြစ်သာရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၁၈၅ | ၃၇၇၆၀၀ | ၁၈၆.၅၅ | ၃၈၇၇၉၉ | - | ၁.၅၅ |
| | | ဂန့်ဂေါမြို့ | ၁၃၅ | ၁၅၂၉၁၅ | | | | |
| ၁၆ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၁.၆၀ | ၆၃၇၈၁၂ | ၁.၅၇ | ၁.၆၀ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | |
| ၁၇ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၀.၉၀ | ၁၂၃၆၀၀ | ၀.၀၂ | ၀.၉၀ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | |
| ၁၈ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၆.၅၀ | ၃၃၀၉၀၀ | ၀.၇၆ | ၃.၀၀ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | |
| ၁၉ | ပဒဲရေလှောင်တမံ | သရက်ခရိုင်/ | ၁၀၅ | ၃၂၈၉၀ | ၁၀၅.၆၅ | ၃၃၇၆၀ | ၀.၁၀ | ၀.၆၅ |
| | | အောင်လံမြို့ | ၇၈ | ၈၉၃၀ | | | | |
| | | **မန္တလေးတိုင်းဒေသကြီး** | | | | | | |
| ၂၀ | လွန်ငင်ရေလှောင်တမံ | မိတ္ထီလာခရိုင်/ | ၂၈.၅ | ၄၃၄ | ၂၉.၂၀ | ၄၈၅ | - | ၀.၇၀ |
| | | မိတ္ထီလာမြို့ | ၂၄ | ၂၀၇ | | | | |
| ၂၁ | ချောင်းကောက်ရေလှောင်တမံ | ရမည်းသင်းခရိုင်/ | ၆၅.၅ | ၁၃၆၅၀ | ၆၆.၂၀ | ၁၄၁၅၀ | ၀.၂၅ | ၀.၇၀ |
| | | ပျော်ဘွယ်မြို့ | ၅၄ | ၅၀၀၀ | | | | |
| | | **မွန်ပြည်နယ်** | | | | | | |
| ၂၂ | ကတိုက်ရေလှောင်တမံ | သထုံခရိုင်/ | ၁၂၃ | ၅၄၀၉၂ | ၁၂၃.၉၀ | ၅၄၉၄၈ | ၀.၃၁ | ၀.၉၀ |
| | | ပေါင်မြို့ | ၂၆ | ၁၁၇၅ | | | | |
| ၂၃ | ရွှေနတ်တောင်ရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၇၄ | ၅၂၅၀ | ၇၄.၆၅ | ၅၃၆၂ | - | ၀.၆၅ |
| | | မော်လမြိုင်မြို့ | ၃၄ | ၉၁၀ | | | | |
| ၂၄ | အဇင်းရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၈၂.၈ | ၁၅၄၂၇ | ၈၃.၀၀ | ၁၅၅၂၇ | ၀.၂၂ | ၀.၂၀ |
| | | မုဒုံမြို့ | ၂၅.၅ | ၁၂၆ | | | | |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၂၅ | ပြိုင်းချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၆.၂၀ | ၂၅၃၀၅ | ၀.၄၀ | ၀.၂၀ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| ၂၆ | ငမိုးရိပ်ရေလှောင်တမံ | ရန်ကုန် (မြောက်ပိုင်း)ခရိုင်/ | ၆၂ | ၁၈၀၀၀၀ | ၆၂.၆၀ | ၁၈၄၈၀၀ | ၀.၁၁ | ၀.၆၀ |
| | | လှည်းကူးမြို့ | ၃၆ | ၁၂၀၀၀ | | | | |
| ၂၇ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန် (တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၃.၂၅ | ၁၇၉၀ | - | ၀.၂၅ |
| | | ကျောက်တန်းမြို့ | ၂.၅၀ | ၁၅၀ | | | | |
| ၂၈ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန် (တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၂.၁၆ | ၅၄၇၆ | - | ၀.၁၆ |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၂၉ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၃၈.၂၀ | ၄၀၅၈၃ | - | ၀.၂၀ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | |
| ၃၀ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၄.၃၀ | ၁၄၅၅၆၇ | ၀.၃၅ | ၀.၃၀ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | |

## ဒုတိယအကြိမ် မြစ်ရေထပ်ကြီးမှုကြောင့် တနင်္သာရီမြို့နယ်ရှိ အခြေခံပညာကျောင်း ခုနစ်ကျောင်း ယာယီပိတ်ထားရ

**တနင်္သာရီ ဩဂုတ် ၃၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ဒုတိယအကြိမ် တနင်္သာရီမြစ်ရေ ထပ်ကြီးနေမှုကြောင့် ကျောင်းဝင်းအတွင်း မြစ်ရေဝင်ခြင်း၊ ကျောင်းပတ်ပတ်လည်နှင့် ကျောင်းသွားလမ်းများတွင် ရေဝင်နေခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကြောင့် ကျောင်းသား ကျောင်းသူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်စေရန်အတွက် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းမှစ၍ အခြေခံပညာကျောင်း ခုနစ်ကျောင်းကို ယာယီပိတ်ထားရခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါကျောင်း ခုနစ်ကျောင်းမှာ အလက(ခွဲ)မော်တုန်းအနောက်၊ အမက-တပ်ဦး၊ အမက-မြေမအုံ၊ အမက-ထုံနွယ်ရွာ၊ အမက-အင်းဝိုင်းကုန်း၊ အမက-တလိုင်းတပ်နှင့် ဘန်းသဲရွာ မူလတန်းလွန်ကျောင်းတို့ဖြစ်ပြီး အဆိုပါကျောင်းပိတ်ရက်များကို ပုံမှန်ကျောင်းပိတ်ရက်ဖြစ်သည့် စနေ၊ တနင်္ဂနွေ၊ အဖိတ်နေ့များတွင် အစားထိုး၍ ပြန်လည်ဖွင့်လှစ်ပေးသွားရန်စီစဉ်ထားကြောင်း ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်မင်းယုထံမှ သိရသည်။

တနင်္သာရီမြို့နယ်အတွင်း ဩဂုတ် ၂၃ ရက်မှစ၍ မိုးများအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ဒုတိယအကြိမ်အဖြစ် တနင်္သာရီမြစ်ရေ ထပ်မံကြီးလာခြင်းဖြစ်ပြီး ယနေ့ နံနက် ၆ နာရီ တိုင်းတာချက်အရ တနင်္သာရီမြစ်ရေသည် တနင်္သာရမြို့၏ စိုးရိမ်ရေအမှတ် ၁၇ ပေထက် သုံးပေ သုံးလက်မ ကျော်လွန်ကာ ပေ ၂၀ သုံးလက်မအထိ ရောက်ရှိနေပြီဖြစ်သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## မြို့သစ်မြို့နယ်၌ တီဘီရောဂါတိုက်ဖျက်ရေးစီမံချက် ရှင်းလင်း

**မြို့သစ် ဩဂုတ် ၃၀**
မကွေးခရိုင် မြို့သစ်မြို့နယ်တွင် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းနှင့် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သည့် UNOPS တို့ ပူးပေါင်း၍ တီဘီရောဂါတိုက်ဖျက်ရေး စီမံချက်ကို ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါ တီဘီရောဂါတိုက်ဖျက်ရေးစီမံချက် လုပ်ငန်းများကို မြို့နယ်အဆင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အကြောင်း အသိပေး ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၂၉ ရက်က ဈေးရပ်ကွက်ရှိ ဖြတ်လမ်းခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်းက မြို့နယ်အတွင်း တီဘီရောဂါဖြစ်ပွားမှုများ လျော့နည်းကျဆင်းစေရန်နှင့် တီဘီရောဂါခံစားနေရသည့် ဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များ၊ တီဘီရောဂါ တိုက်ဖျက်ရေး စီမံချက်လုပ်ငန်းများတွင် အခက်အခဲများရှိပါက ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ စီမံချက်လုပ်ငန်းများ အောင်မြင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ရပ်ကျေး အုပ်ချုပ်ရေးမှူးများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသန့်ဇော်မြင့်က တီဘီရောဂါကာကွယ်ကုသနည်းအကြောင်းနှင့် ရောဂါမဖြစ်အောင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း(ဗဟို)မှ ဦးကျော်သက်ဦးက နိုင်ငံတစ်ဝန်း တီဘီရောဂါတိုက်ဖျက်ရေးစီမံချက် အကောင်အထည်ဖော်နေမှုနှင့် မြို့သစ်မြို့နယ်အတွင်း ဆောင်ရွက်သွားမည့် တီဘီရောဂါ ရှာဖွေကုသမှုအစီအစဉ်များကိုလည်းကောင်း၊ တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်၏ စီမံချက်မန်နေဂျာ ဦးကျော်မင်းသူက ရှေ့ဆက်ဆောင်ရွက်မည့် စီမံချက်လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက သိရှိလိုသည့် မေးမြန်းမှုများကိုလည်း တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား ပေးခဲ့သည်။ **သန်းဝင်းထွန်း(ပြန်/ဆက်)**

## ကျုံပျော်တွင် မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ကျုံပျော် ဩဂုတ် ၃၀**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ပြည်သူများအနေဖြင့် မူခင်းဖြစ်စဉ်များ၊ ဥပဒေအကြောင်းအရာများကို သိရှိပြီး မူခင်းဖြစ်ပွားမှုနှုန်း လျော့နည်းကျဆင်းစေရန် ရည်ရွယ်၍ မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ဒိုက်ပျက်ကျေးရွာအထက၌ ဩဂုတ် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်က သက်ငယ်မုဒိမ်းမှု၊ လူသတ်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု စသည့် ပြစ်မှုများကို ကျူးလွန်ခြင်းကြောင့် ရရှိမည့် ပြစ်ဒဏ်များ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် မူခင်းဖြစ်ပွားမှု မရှိစေရေးအတွက် သွားလာနေထိုင်မှုတွင် သတိပြုရမည့် အချက်များကို အသိပညာပေး ဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ဒိုက်ပျက်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

## ငပုတောမြို့၌ လူငယ်နှင့်မူးယစ်အန္တရာယ် ပြည်သူ့စကားဝိုင်းကျင်းပ

**ငပုတော ဩဂုတ် ၃၀**
ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ လူငယ်နှင့်မူးယစ်အန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဩဂုတ် ၂၈ ရက်က ငပုတောမြို့ အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နုနုအေးက ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ဇော်ဝင်းနိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးဟန်ညွှန့်၊ မြို့နယ်ပညာရေးမှူး ဦးအုန်းခင်နှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်သန္တာထွန်းတို့က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်လာနိုင်သည့် စိတ်ပိုင်းဆိုင်ရာနှင့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ၊ လူမှုရေးနှင့် စီးပွားရေး ထိခိုက်မှုများ၊ မူးယစ်ဆေးသုံးစွဲခြင်းအတွက် ပြစ်ဒဏ်များ စသည်တို့ကို ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်း၍ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**



**ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း ပိုလီယိုအကြောသေရောဂါကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်း အစီအစဉ်အရ ဩဂုတ် ၂၈ ရက်က ကလေးတစ်ဦးအား ကာကွယ်ဆေးတိုက်နေစဉ်။** (တီးတိန်မြို့နယ်အတွင်း ပိုလီယိုကာကွယ်ဆေး အပိုဆောင်း တိုက်ကျွေးခြင်းကို မြို့ပေါ်ရပ်ကွက် လေးခုနှင့် ကျေးရွာ ၁၃၃ ရွာ၌ ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ကလေးပေါင်း ၁၀၄၈၆ ဦးကို ဆေးတိုက်ရန် လျာထားသည့်အနက် ၁၀၁၄၅ ဦး(၉၆ရာခိုင်နှုန်း)အား ဆေးတိုက်နိုင်ခဲ့ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။)
**မြို့နယ်(ပြန်/ဆက်)**

## မိတ္ထီလာဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၃၀**
မိတ္ထီလာဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ် ၃၀ ရက်က ပေါက်ချောင်းရပ်ကွက်ရှိ ဟိုတယ်ထီလာခန်းမ၌ ကျင်းပခဲ့သည်။ မိတ္ထီလာဒေသတွင် နိုင်ငံခြားခရီးသွား ဧည့်သည်များ ပိုမိုဝင်ရောက်လည်ပတ် လေ့လာပြီး ဒေသအခြေပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



**မိတ္ထီလာကန်အနီးရှိ ဟိုတယ်နှင့် မိုတယ်အချို့ကို မြင်တွေ့ရစဉ်။**

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းတို့က အမှာစကားပြောကြားပြီး မိတ္ထီလာ ဟိုတယ်လုပ်ငန်းရှင်များအသင်း နာယက ဒေါက်တာခင်မောင်မြင့်က မိတ္ထီလာရှိ ဟိုတယ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုပေးနေသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကာ ခရီးသွားလုပ်ငန်း အော်ပရေတာတစ်ဦးက မိတ္ထီလာ၌ ဒေသအခြေပြုခရီးသွားလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ကလောမြို့အခြေစိုက် ခရီးသွားလုပ်ငန်းတစ်ခုမှ မန်နေဂျာ ကိုကျော်စွာထက်က ကလောမြို့တွင် ဆောင်ရွက်လျက်ရှိသည့် ၎င်းတို့၏ ခရီးသွား ဝန်ဆောင်မှုလုပ်ငန်း အခြေအနေများကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် ဒေသခံ ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်း စိတ်ဝင်စားကြသူများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်း လုပ်ကိုင်နေသူများက မိတ္ထီလာဒေသ ခရီးသွားလုပ်ငန်း တိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။ **ချမ်းသာ(မိတ္ထီလာ)**

## Green Budalin အသင်း ဖွဲ့စည်းပြီး နှစ်လအတွင်း သစ်ပင်ပေါင်း ၁၈၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့

**ဘုတလင် ဩဂုတ် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် Green Budalin အသင်းကို ဇွန်လအတွင်းက စတင်ဖွဲ့စည်းခဲ့ရာ လက်ရှိအချိန် အသင်းဖွဲ့စည်းပြီး နှစ်လခန့်အတွင်း သစ်ပင်ပေါင်း ၁၈၀၀၀ ကျော်ကို စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

Green Budalin အသင်းအနေဖြင့် နှစ်လအတွင်း မန်ကျည်းရှားပင် ၆၀၀၀၊ ဝါးပင် ၁၀၀၀၊ မျောက်ငိုပင် ၁၀၀၀၊ သပြေဘူတပင် ၇၀၀ တို့ကို လူမှုရေးအသင်းအဖွဲ့များ၊ သစ်ပင်ချစ်မြတ်နိုးသူများနှင့်အတူ စိုက်ပျိုးနိုင်ခဲ့ပြီး ဩဂုတ် ၂၅ ရက်က ဖလားဖ ကြိုးပြင်ကာကွယ်တောအတွင်း ထန်းပင်ပေါင်း ၁၀၀၀၀ ကို ပထမဆုံးအကြိမ် တစုတဝေးတည်း စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် စုစုပေါင်းအနေဖြင့် သစ်ပင်ပေါင်း ၁၈၇၀၀ ကို စိုက်ပျိုးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ စိုက်ပျိုးခဲ့သည့် အပင်များ ရေရှည်ရှင်သန်ရေးအတွက်လည်း ကျေးရွာများရှိ သစ်ပင်ချစ်မြတ်နိုးသူ အဖွဲ့များက ရေလောင်း၊ ပေါင်းသင်ပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း Green Budalin အသင်း၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်းက ပြောသည်။



**Green Budlin အသင်းဝင်များ စုပေါင်း၍ သစ်ပင်များ စိုက်ပျိုးနေစဉ်။**

Green Budalin အသင်းအနေဖြင့် သစ်ပင်များ စိုက်ပျိုးခြင်းနှင့် ရှင်သန်အောင် ပြုစုခြင်းအပြင် ပျိုးပင်များကို ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်သည့် အသင်းဝင်များ၏ နေအိမ်များရှိ ပျိုးခြံငါးခြံတွင်လည်း မျှင်ဝါးဖြူပင် ၆၀၀၀၊ သပြေဘူတ ပင် ၇၀၀၊ မျောက်ငိုပင် ၁၀၀၀၀၊ သရက်ပင် ၂၀၀၀ တို့ကို ပျိုးထောင်ထားသလို မြို့နယ်သစ်တောဦးစီးဌာန၏ ပျိုးခြံတွင်လည်း မန်ကျည်းရှားပင် ၁၀၀၀၀ ကို ပေးပို့ပျိုးထောင်ထားရှိကြောင်း၊ အလှူရှင်များကလည်း ပျိုးပင်များ လှူဒါန်းပေးလျက်ရှိရာ ကျေးရွာများရှိ သစ်ပင်စိုက်ပျိုးသည့် အဖွဲ့များနှင့် သစ်ပင်ချစ်မြတ်နိုးသူများထံ အခမဲ့ ဖြန့်ဝေပေး၍ ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ချောင်းဦးမြို့ ကျောက်တံတား(ဆေးရုံချောင်း)ကို ရေစီးရေလာကောင်းမွန်စေရန် ပြန်လည်တူးဖော်နေ

**ချောင်းဦး ဩဂုတ် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့တွင် မိုးသည်းထန်စွာရွာသွန်းပါက ရေကြီးရေလျှံမှုများ မဖြစ်စေရေးအတွက် ချောင်းဦးမြို့တွင်းသို့ ဖြတ်စီးဆင်းနေသော ကျောက်တံတား (ဆေးရုံချောင်း)ကို ရေစီးရေလာကောင်းမွန်စေရန် ဩဂုတ် ၃၀ ရက်မှစ၍ ပြန်လည်တူးဖော်နေကြောင်း သိရသည်။

ချောင်းဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဘော်က ဩဂုတ် ၂၁ ရက်က ချောင်းဦးမြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြို့ပေါ်ရပ်ကွက်သုံးခုမှ လူနေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဌာနဆိုင်ရာရုံးများ ရေနစ်မြုပ်ခဲ့ကြောင်း၊ ငါးယုန်ကျေးရွာ၌လည်း ကျွဲကျချောင်းရေကြီး၍ မုံရွာ-မန္တလေးကားလမ်းမကြီးပေါ် ရေကျော်သဖြင့် ခေတ္တလမ်းပိတ်ခဲ့ရသည့် အခြေအနေများ ဖြစ်ခဲ့ပါကြောင်း၊ ထပ်မံ၍ မိုးသည်းထန်စွာရွာသွန်းလာပါက ချောင်းဦးမြို့ပေါ် ရပ်ကွက်များမှ လူနေအိမ်များတွင် ရေလွှမ်းမိုးမှု မဖြစ်စေရေးအတွက် ချောင်းဦးမြို့တွင်းသို့ ဖြတ်သန်းစီးဆင်းနေသော ကျောက်တံတား (ဆေးရုံချောင်း)ကို အရှည်ပေ ၃၀၀၀ ခန့်၊ ထိပ်ဝအကျယ် ၁၂ ပေ၊ အောက်ခြေအကျယ် ၁၀ ပေနှင့် အနက် ခြောက်ပေ ပြန်လည်တူးဖော်သည့်လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လမ်းရေကျော်ခဲ့သည့် ကျွဲကျချောင်း ရေကြီးမှု မဖြစ်ပေါ်ရေးအတွက်လည်း အဆိုပါချောင်းပတ်ဝန်းကျင်မှ ချောင်း၊ မြောင်းများ တိမ်ကောနေမှုကို မြို့နယ် အစီအစဉ်ဖြင့် ပြန်လည်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့သစ်ရပ် ဇရိပ်မွန် မိန်းကလေးကျောင်း၏ အရှေ့နှင့် အနောက် ရေမြောင်းများ တူးဖော်ခြင်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ကျောက်တံတား(ဆေးရုံချောင်း) ရေစီးရေလာကောင်းမွန်ရေး ပြန်လည်တူးဖော်သည့် လုပ်ငန်းများကို ချောင်းဦးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဘော်နှင့် မြို့နယ်စည်ပင်၊ မြို့နယ်ဆည်မြောင်းဌာနတို့မှ တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ကျောက်တံတား(ဆေးရုံချောင်း)ကို စက်ယန္တရားများဖြင့် ပြန်လည်တူးဖော်နေစဉ်။**

# ပြည်တက္ကသိုလ်၌ တက္ကသိုလ်များစာပေပွဲတော်(ပြည်) စည်ကားစွာကျင်းပ

**ပြည် သြဂုတ် ၃၀**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း (ပဲခူးတိုင်းဒေသကြီး) အဖွဲ့တို့ ပူးပေါင်း၍ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ပြည်တက္ကသိုလ်၌ စာဖတ်ရှိန်မြှင့်တင်ရေး တက္ကသိုလ်များစာပေ ပွဲတော်(ပြည်)၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို သြဂုတ် ၃၀ ရက်မှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။




**တက္ကသိုလ်များ စာပေပွဲတော် (ပြည်) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။**

အဆိုပါ တက္ကသိုလ်များစာပေပွဲတော်(ပြည်) ဖွင့်ပွဲကို ပြည်တက္ကသိုလ် ဘက်စုံသုံးခန်းမ မုခ်ဦးရှေ့၌ ကျင်းပပြီး ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ ပြည်သူ့လွှတ်တော် ပညာရေး မြှင့်တင်မှု ကော်မတီ ဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာအောင်အောင်မင်းနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း (ပဲခူးတိုင်းဒေသကြီး) ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်နှင်းဆီရွှေတို့က စာပေပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပင်မဆောင်၌ ဖွင့်ပွဲဒုတိယပိုင်းကို ဆက်လက် ကျင်းပပြီး လူမှုရေးဝန်ကြီးနှင့် ပညာရေးမြှင့်တင်မှု ကော်မတီဥက္ကဋ္ဌတို့က အမှာစကားများပြောကြားကာ တိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယ ဥက္ကဋ္ဌက စာပေပွဲတော်ကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်မြို့ရှိ တက္ကသိုလ်နှင့် အထကကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကာ တာဝန်ရှိသူများနှင့် စာပေပွဲတော်သို့ တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော ပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည် ကြည့်ရှုခဲ့သည်။

အဆိုပါ တက္ကသိုလ်များစာပေပွဲတော်(ပြည်)တွင် ဖျော်ဖြေရေးအစီအစဉ်များနှင့် ပျော်ပွဲရွှင်ပွဲများ အပါအဝင် စာပေဟောပြောပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲ စသည့် အစီအစဉ်များနှင့်အတူ သုတ / ရသ စာအုပ်စာစောင်မျိုးစုံ အရောင်းဆိုင်များ၊ ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ ဝန်ထမ်းအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ကလေးစာဖတ်ခန်း၊ ပြည်နည်းပညာတက္ကသိုလ်မှ နည်းပညာပြခန်း၊ ပညာရေးကောလိပ်(ပြည်)မှ လက်မှုပညာပြခန်း စသည့် ပြခန်းများ ပါဝင်ပြီး ပွဲတော်ကို သြဂုတ် ၃၀ နှင့် ၃၁ နှစ်ရက်ကြာ ကျင်းပကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန် / ဆက်)**

# အခြေခံအိမ်တွင်းမှုနှင့် စက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**ပူတာအို သြဂုတ် ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(ပူတာအိုမြို့)၌ ဖွင့်လှစ်ခဲ့သည့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၄၂)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၃၆)တို့၏ သင်တန်းဆင်းပွဲကို သြဂုတ် ၃၀ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အနေဖြင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၄၅ ကျောင်းကို ဖွင့်လှစ်ပြီး အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်းနှင့် ဟင်းလျာချက်ပြုတ်နည်း သင်တန်းတို့ကို သင်ကြားပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသများမှ တိုင်းရင်းသူလေးများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးအတွက် သင်တန်းများ ဖွင့်လှစ်နေခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်က ထူးချွန်ဆုများနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးသန္တာခိုင်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများထံ ပေးအပ်ခဲ့သည်။

သင်တန်းများသို့ ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်များမှ မိန်းကလေးများ တက်ရောက်ခဲ့ရာ အခြေခံအိမ်တွင်းမှုသင်တန်းတွင် သင်တန်းသူ ၆၀ နှင့် အဆင့်မြင့် စက်ချုပ်သင်တန်းတွင် သင်တန်းသူ ၁၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ ၁၄ ပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# သာပေါင်းမြို့နယ်မှ မသန်စွမ်းသူများအား ထောက်ပံ့

**သာပေါင်း သြဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းမှ မသန်စွမ်းသူများအား လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ရာတွင် ကျန်နေခဲ့သူများအား နောက်တိုးစာရင်းကောက်ယူ၍ ထောက်ပံ့ငွေများကို သြဂုတ် ၂၉ ရက်က ထပ်မံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သာပေါင်းမြို့ပေါ် ရပ်ကွက် သုံးခုနှင့် ကျေးရွာအုပ်စု ၄၃ အုပ်စုတို့၌ မသန်စွမ်းသူ နောက်တိုးစာရင်းများ ကောက်ယူခဲ့ရာတွင် စုစုပေါင်း ၆၀၂ ဦးရှိပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးသို့ တင်ပြခဲ့ကြောင်း၊ ၎င်းတို့အနက် အသက် ၂၀ အောက် ကိုယ်အင်္ဂါ မသန်စွမ်းသူ ၁၅၈ ဦး၊ အမြင်မသန်စွမ်းသူ ၁၃ ဦး၊ အကြားမသန်စွမ်းသူ ၂၀ နှင့် ဉာဏ်ရည်မသန်စွမ်းသူ ၁၅ ဦး စုစုပေါင်း ၂၀၆ ဦးအား တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ကနဦး ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က သာပေါင်းမြို့ ပြည်အေးခန်းမ၌ သြဂုတ် ၂၉ ရက်က ကျင်းပသည့် ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး နော်သဝါးက လူမှုဝန်ထမ်းဦးစီးဌာန၏ ဆောင်ရွက်ချက်များနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး မသန်စွမ်းသူ ၂၀၆ ဦး၏ကိုယ်စား ၁၂ ဦးထံသို့ ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကာ ထောက်ပံ့ငွေ လာရောက်မထုတ်ယူနိုင်သော မသန်စွမ်းသူများအတွက်လည်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံသို့ ထောက်ပံ့ငွေများကို ကိုယ်စား ထုတ်ပေးခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် သာပေါင်းမြို့နယ်အတွင်းမှ မသန်စွမ်းသူများအား ဇွန် ၂၈ ရက်က ပထမအကြိမ် ထောက်ပံ့ပေးခဲ့ရာ ၈၆၁ ဦးအား ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ထို ၈၆၁ ဦးတွင် မပါဝင်ခဲ့သူများအား ယခု နောက်တိုးစာရင်းအဖြစ် ထပ်မံစာရင်းကောက်ယူ၍ ထောက်ပံ့ငွေများ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဇော်သိန်း(ပြန် / ဆက်)**

# မြိတ်တက္ကသိုလ်တွင် ပန်းချီနှင့် ဓာတ်ပုံ ပြိုင်ပွဲနှင့် ပြပွဲ ကျင်းပပြီး ဆုများချီးမြှင့်

**မြိတ် သြဂုတ် ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်တက္ကသိုလ်၌ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ပန်းချီနှင့် ဓာတ်ပုံပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ပြပွဲကို သြဂုတ် ၂၉ ရက်နှင့် ၃၀ ရက်က ကျင်းပခဲ့သည်။

မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီနီဦးက အမှာစကားပြောကြားရာတွင် "မိမိရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ ရှုခင်းတွေ၊ သဘာဝလှုပ်ရှားမှု ဓာတ်ပုံတွေကို ဘယ်လောက် အမိအရ ရိုက်ကူးနိုင်တာလဲ၊ လက်ထဲမှာ အမြဲတမ်းရှိပြီးတော့ အသုံးပြုနေကြတဲ့ ဖုန်းထဲကနေ ဘယ်လိုအိုင်ဒီယာတွေ၊ အကြံဉာဏ်ကောင်းတွေ ရသလဲဆိုတာကို လိုချင်တာပါ"ဟု ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ထည့်သွင်းပြောကြားသည်။

ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများက ခဲပန်းချီနှင့် ရောင်စုံပန်းချီ ၁၀ ကားနှင့် ရှုခင်းဓာတ်ပုံနှင့် လှုပ်ရှားမှုဓာတ်ပုံ ၁၁ ပုံဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသလို ပြပွဲတွင် ပန်းချီကား ၄၆ ကားနှင့် ဓာတ်ပုံ ၂၆ ပုံကို ပြသခဲ့သည်။ ဆုချီးမြှင့်ပွဲတွင် မြိတ်တက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် ရောင်စုံပန်းချီနှင့် ခဲပန်းချီများ၊ ပြိုင်ပွဲဝင် ရှုခင်းဓာတ်ပုံနှင့် လှုပ်ရှားမှုဓာတ်ပုံများကို လိုက်လံကြည့်ရှု အကဲဖြတ်၍ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကလည်း ပြိုင်ပွဲဝင် ပန်းချီနှင့် ဓာတ်ပုံများနှင့် ပြပွဲတွင် ပြသထားသော ပန်းချီနှင့် ဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**မြို့နယ်(ပြန် / ဆက်)**

# ကွတ်ခိုင်မြို့နယ်မှ တိုက်ပွဲရှောင်ပြည်သူများအား ဆန်၊ ဆီ၊ ဆားနှင့် ထောက်ပံ့ငွေများပေးအပ်

**ကွတ်ခိုင် သြဂုတ် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ခိုလှုံရွာဘုန်းတော်ကြီးကျောင်းရှိ တိုက်ပွဲရှောင်စခန်း၌ လာရောက်ခိုလှုံနေကြရသော ကွတ်ခိုင်မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား ဆန်၊ ဆီ၊ ဆားနှင့် ထောက်ပံ့ငွေများကို မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးအသင်းက သြဂုတ် ၂၉ ရက်က ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က ကျေးဇူးတင်စကားပြောကြားပြီး တိုက်ပွဲရှောင်ပြည်သူများအတွက် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးအသင်းက ကူညီထောက်ပံ့သည့် ကျပ် ၂၆ သိန်း တန်ဖိုးရှိ ဆန်အိတ် ၅၀၊ ဆီ ၂၇၂ ပိဿာ၊ ဆား ၅၉ ပိဿာနှင့်အတူ ဟင်းဖိုးထောက်ပံ့ငွေ ကျပ် ၂၄ သိန်း စုစုပေါင်း ကျပ်သိန်း ၅၀ ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တိုက်ပွဲရှောင်ပြည်သူများထံ ပေးအပ်ခဲ့သည်။

ကွတ်ခိုင်မြို့နယ်အတွင်း၌ ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် ပြည်သူများမှာ တိုက်ပွဲရှောင်စခန်းများတွင် ခိုလှုံနေရလျက်ရှိရာ သြဂုတ် ၂၉ ရက်အထိ အိမ်ထောင်စု ၅၉၇ စုမှ ကျား ၁၀၈၀ နှင့် မ ၁၅၃၇ ဦး၊ စုစုပေါင်း ၂၆၁၇ ဦးအနေဖြင့် တိုက်ပွဲရှောင်စခန်းများတွင် ရောက်ရှိနေကြောင်း သိရသည်။

**မြို့နယ်(ပြန် / ဆက်)**



**ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုများ ဖြစ်ပွားနေသော ရှားပင်ကုန်းကျေးရွာအုပ်စုနှင့် သောင်ပြင်ကုန်းကျေးရွာအုပ်စုတို့မှ အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ သြဂုတ် ၃၀ ရက်က ပေးအပ်နေစဉ်။** (ထောက်ပံ့ငွေပေးအပ်ပွဲတွင် အိမ်ထောင်စု ၅၇ စုအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေ ကျပ် တစ်သိန်းစီ၊ မြို့နယ်ကြက်ခြေနီအဖွဲ့မှ စောင်နှင့် ခြင်ထောင် တစ်ထည်စီနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးက ဆန်နှစ်ပြည်စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။)

**ကိုကိုမင်း(ပြန် / ဆက်)**

# သဘာဝဘေးများဖြစ်လျှင် အမြန်ဆုံးကူညီပေးနိုင်ရန် ညောင်ဦးမီးသတ်တပ်ဖွဲ့ဝင်များ အသင့်ပြင်ဆင်ထား

**ညောင်ဦး သြဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ခရိုင်မီးသတ်ဦးစီးဌာနအနေဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ မီးသတ်ဦးစီးဌာနများ အပါအဝင် နယ်မြေမီးသတ်တပ်ဖွဲ့စခန်းများရှိ မီးသတ်တပ်ဖွဲ့ဝင်များအား အသင့်ပြင်ဆင်ထားကြောင်း ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနရုံးမှ သိရသည်။

ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးသက်နိုင်(လက်ထောက်ညွှန်ကြားရေးမှူး)၏ အနီးကပ် ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှု အခြေအနေများ ရှိပါက ပြည်သူများ ကြိုတင်ရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်ခြင်း၊ မီးဘေးလုံခြုံရေး သိရှိလိုက်နာနိုင်ရန်အတွက် မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ကွင်းဆင်းပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နေသလို သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက အမြန်ဆုံး ကူညီနိုင်ရေး အသင့်ပြင်ဆင်ထားကြောင်း ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကောင်းထက်နိုင်က ပြောကြားသည်။

"ကျွန်တော်တို့ ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာန လက်အောက်က ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ငါ့သရောက်မြို့နဲ့ ပုဂံမြို့မှာရှိတဲ့ မီးသတ်ဦးစီးဌာနများနဲ့ တိုက်နယ်အဆင့် နယ်မြေမီးသတ်တပ်ဖွဲ့စခန်းတွေ အားလုံးကို သဘာဝဘေးအန္တရာယ်များ ကျရောက်လာရင် ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်မှု နည်းနိုင်သမျှ နည်းအောင် အချိန်နဲ့တစ်ပြေးညီ တုံ့ပြန်ဖြေရှင်းကူညီပေးနိုင်ဖို့ မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးပစ္စည်းများနဲ့ အသင့်အနေအထား ပြင်ဆင်ထားပါတယ်။ ခုလိုမိုးတွင်းကာလတွေဟာ တခြားအချိန်တွေထက် ပိုပြီးတော့ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများတာကြောင့် ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေအနေနဲ့ ပြည်သူများ ဘေးအန္တရာယ်ကင်းဝေးစေဖို့ အသင့် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်"ဟုလည်း ဒုတိယ မီးသတ်ဦးစီးမှူးက ဆက်လက်ပြောကြားသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မိုင်းယောင်းမြို့နယ်မှ တောင်သူများအား မိုးစပါးနှင့် မိုးသီးနှံစိုက်ပျိုးရေး လက်တွေ့ကွင်းသရုပ်ပြ

**မိုင်းယောင်း သြဂုတ် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် ဒေသတွင်းပြောင်းလဲလာသော ရာသီဥတုနှင့်အညီ သီးနှံများပြောင်းလဲစိုက်ပျိုးနိုင်ရန် ရည်ရွယ်လျက် လက်တွေ့ကွင်းသရုပ်ပြပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သြဂုတ် ၂၉ ရက်က ဝမ်ဘိုးကျေးရွာအုပ်စုရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ၌ ပြုလုပ်ခဲ့သည်။ ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်မိုးက ယခုနှစ်တွင် မိုင်းယောင်းမြို့နယ်အတွင်း မိုးရွာသွန်းမှုသည် ယခင်နှစ်ထက် လျော့နည်းခြင်းကြောင့် စိုက်ပျိုးရေရရှိမှုနည်းပါးပြီး တောင်သူများမှာလည်း အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း၊ ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ကွင်းသရုပ်ပြပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ၌ မိုးစပါးကို စိုက်နည်းစနစ်အမျိုးမျိုးဖြင့် စိုက်ပျိုးထားမှု၊ မိုးစပါး(သက်တမ်းတို၊ သက်တမ်းရှည်) မျိုးယှဉ်ပြိုင် စမ်းသပ်ထားမှုများနှင့် ရေမရရှိပါက သီးနှံပြောင်းလဲစိုက်ပျိုးနိုင်ရန် မိုးနှမ်း၊ ပဲတီစိမ်းများ စိုက်ပျိုးထားရှိမှုတို့ကို ဦးစီးမှူးက ဒေသခံတောင်သူများအား လိုက်လံ ရှင်းလင်းပြသခဲ့သည်။ **အားချာ(ပြန် / ဆက်)**


# မတူပီရဲ့ သဘာဝအလှရတနာ ဘုံတလာရေတံခွန်

**ဗန်ရိုးထန်**

